# ကြေးမုံ
**The Mirror Daily**
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**မကောင်းမှုမပြုမိအောင်ထိန်းချုပ်**

မကောင်းမှုကိုပြုမိသောသူသည် ထိုမကောင်းမှုကို နောက်တစ်ကြိမ်မပြုမိအောင် စိတ်အလိုဆန္ဒကို ထိန်းချုပ်ရာ၏။ မကောင်းမှုပွားများခြင်းသည် ဆင်းရဲခြင်း၏ အကြောင်းရင်းဖြစ်သောကြောင့်တည်း။ မကောင်းမှုကို ဝေးစွာရှောင်ရှားအပ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၇)


၁၃၇၈ ခုနှစ် တပို့တွဲလဆန်း ၂ ရက်၊ တနင်္ဂနွေနေ့။ Sunday, 29 January 2017 (၈၂၁)


# မိမိတို့သည် ဆွေးနွေးပွဲများတွင် မတူညီသည့်အမြင်များ ငြင်းခုန်ကြသော်လည်း မိတ်ဆွေဖြစ်မှုကို ဘယ်လိုမှမရပ်တန့်နိုင်




## နိုင်ငံခြားသံတမန်များအဖွဲ့၏ နှစ်သစ်ကူးဂုဏ်ပြုနေ့လယ်စာစားပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်နှုတ်ခွန်းဆက်စကားပြောကြား

**နေပြည်တော် ဇန်နဝါရီ ၂၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော် ပတ်ရှိုင်ရယ်ဟိုတယ် ပိတောက်ခန်းမ၌ကျင်းပသည့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံတမန်များအဖွဲ့၏ နှစ်သစ်ကူးဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်၍ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဂုဏ်ပြုနေ့လယ်စာစားပွဲ၌ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံတမန်များအဖွဲ့နာယက စင်ကာပူနိုင်ငံ သံအမတ်ကြီး မစ္စတာ ရောဘတ်ချွာက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မိမိတို့တွင် စိန်ခေါ်မှုအများကြီးရှိသည်ဟု သံအမတ်ကြီး ရောဘတ်ချွာက ပြောပါကြောင်း၊ မိမိတို့နိုင်ငံအတွက် ကြီးမားသည့်စိန်ခေါ်မှုများရှိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် တည်ငြိမ်မှု၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရရှိရန် လိုအပ်ပါကြောင်း၊ လွတ်လပ်သည့် နိုင်ငံတစ်ခုအနေဖြင့် ယခုအချိန်အထိ ငြိမ်းချမ်းရေးမရရှိသေးပါကြောင်း၊ ငြိမ်းချမ်းရေးရရှိရန်မှာ မိမိတို့နိုင်ငံအတွက် အရေးကြီးဆုံးရည်မှန်းချက်ပန်းတိုင်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးမရရှိလျှင်


**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖


**မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံတမန်များအဖွဲ့၏ နှစ်သစ်ကူးဂုဏ်ပြုနေ့လယ်စာစားပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား စင်ကာပူနိုင်ငံသံအမတ်ကြီး၏ဇနီးက နှစ်သစ်ကူးလက်ဆောင်ပေးအပ်စဉ်။** (သတင်းစဉ်)

# ရန်ကုန်မြို့တော်အကျိုး ပါဝင်သယ်ပိုးသူများအား ဂုဏ်ပြုဆုချီးမြှင့်မည်

**ရန်ကုန် ဇန်နဝါရီ ၂၈**

၂၀၁၇ ဇန်နဝါရီမှစတင်ကာ နှစ်ကုန်ပိုင်းအထိ ရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်သာယာရေးလုပ်ငန်းများ၊ မြို့တော်အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များတွင် အင်တိုက်အားတိုက် ပါဝင်ကြသူများအား ရွေးချယ်ကာ ၂၀၁၇ နှစ်ကုန်ပိုင်းတွင် ဂုဏ်ပြုဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဇန်နဝါရီ ၂၅ ရက်က မြေနီကုန်းခုံးကျော်တံတားအောက် အနုပညာဖန်တီးမှုဖွင့်ပွဲတွင် ပြောကြားသွားသည်။

"ရန်ကုန်မြို့တော်အကျိုး စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်သူတွေကို ဂုဏ်ပြုဆုချီးမြှင့်ဖို့ ရှိပါတယ်။ ၂၀၁၇ နှစ်ကုန်ပိုင်းမှာ ဂုဏ်ပြုချီးမြှင့်ပါမယ်။ ဘယ်သူတွေ ဘယ်လောက် ပါဝင်ဆောင်ရွက်နိုင်လဲဆိုတာကို ချီးမြှင့်ပေးသွားမှာပါ။ မြေနီကုန်းခုံးတံတားအောက်မှာဆိုရင်လည်း



ဇန်နဝါရီ ၁၆ ရက်က ခရီးသည်များအား အခမဲ့ပို့ဆောင်ပေးနေသည့် မော်တော်ယာဉ်တစ်စီးအား တွေ့ရစဉ်။ ဓာတ်ပုံ-စိုးဝင်း(MLA)

လူငယ်လေးတစ်ယောက် အမြဲသန့်ရှင်းရေးလာလုပ်တယ်ဆိုတဲ့ သတင်းတွေလည်း ကြားသိနေရပါတယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။

လက်ရှိတွင် ရန်ကုန်မြို့ ခရီးသည်တင်ယာဉ်လိုင်းများဖြစ်သော YBS ယာဉ်လိုင်းများ စတင်ပြေးဆွဲချိန်နှင့် ခရီးသည်များ သွားလာမှုအဆင်ပြေစေရေးအတွက် စေတနာ့ဝန်ထမ်းများအဖြစ် လူငယ်များက တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ကြပြီး လူမှုအကျိုးပြုနှင့် ရပ်ရွာအကျိုးပြုကိစ္စရပ်များတွင် ပရဟိတသယ်ပိုးလိုသူ လူငယ်လူရွယ်များ များပြားလာခြင်းကြောင့် ဂုဏ်ပြုဆုချီးမြှင့်ပေးခြင်းသည် လူငယ်များအတွက် အားတက်စရာဖြစ်ပြီး အသိအမှတ်ပြုမှုပင်ဖြစ်ကြောင်း စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်နေကြသည့် လူငယ်များက ပြောသည်။

**(၀၀၁)**




# ကြေးမုံ

## ကလေးသူငယ်ဖွံ့ဖြိုးရေးဦးစားပေး

ကလေးဆိုသည်မှာ သာမန်အားဖြင့် မွေးစမှအသက် ၁၂ နှစ်အရွယ်ခန့်အထိဟု ခန့်မှန်းထားသည်။ ထိုအသက်အရွယ်အပိုင်းအခြားအတွင်း သိမှုဆိုင်ရာ စိတ်ပိုင်းဖွံ့ဖြိုးမှု၊ ခန္ဓာပိုင်းဆိုင်ရာ ရုပ်ပိုင်းဖွံ့ဖြိုးမှု စသည်တို့ ပြည့်စုံခြင်းမရှိသေးဘဲ စိတ်ပိုင်း၊ ရုပ်ပိုင်း ဖွံ့ဖြိုးမှုအတွက် အားယူနေဆဲအချိန်ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် လူ့ဘောင်လောကသစ်ကို တည်ဆောက်နေသောအချိန်တွင် အနာဂတ်ကို ဆက်လက်တာဝန်ယူကြမည့်သူများ၊ တစ်နည်းဆိုသော် အနာဂတ်အမွေကို ဆက်ခံမည့်သူများမှာ မျက်မှောက်ကာလ ကလေးသူငယ်များဖြစ်ပါသည်။ ထို့ကြောင့် ထိုကလေးသူငယ်များ ဖွံ့ဖြိုးရေးအတွက် ပြုစုစောင့်ရှောက်ပေးနိုင်ရေးမှာ အမျိုးသားရေးတာဝန်တစ်ရပ်ပင်ဖြစ်သည်။

ကလေးငယ်တို့၏ အရွယ်သုံးပါးကို ပိုင်းခြားစေ့ငုကြည့်လျှင် ကျန်းမာသန်စွမ်းသောကလေးများမှာ ငါးလမှ ၁၀ လ အရွယ်အကြားတွင် မြင်မှု၊ ကြားမှု အာရုံများတိုးတက်လာပြီး ကိုးလ၊ ၁၀ လ အရွယ်အတွင်း စူးစမ်းကြည့်မြင်တတ်သည့် သဘောရှိလာသည်။ အခါလည်ကျော်မှ တစ်နှစ်၊ နှစ်နှစ်အတွင်း ရောက်သည့်အခါ မိမိကိုယ်ကိုမိမိ အားကိုးချင်လာသည်။ အသက် နှစ်နှစ်မှ သုံးနှစ်အတွင်းသို့ ရောက်လာသောအခါ ခန္ဓာကိုယ်နှင့် အာရုံကြောဖွဲ့စည်းမှု ပိုမိုခိုင်မာလာသည်။ အသိဉာဏ်ဖွံ့ဖြိုးစေရန် မသိမသာကြိုးစားလာသည်။

ထို့ကြောင့် ကလေးသူငယ်ဖွံ့ဖြိုးရေးအတွက် တတိယပိုင်းအရွယ်ဖြစ်သည့် အသက် နှစ်နှစ်မှ သုံးနှစ်အတွင်းအရွယ် ကလေးသူငယ်များကို အလေးထားစောင့်ရှောက်ပေးကြရမည်ဖြစ်သည်။ ထိုအသက်အရွယ်သည် ခန္ဓာကိုယ်နှင့်အာရုံကြောဖွဲ့စည်းမှု ခိုင်မာအောင်တည်ဆောက်နေချိန်ဖြစ်၍ ကလေးငယ်အာဟာရဆိုင်ရာဖွံ့ဖြိုးရေးကို ဖြည့်ဆည်းပေးရမည်ဖြစ်သည်။

ယခုအခါ အနာဂတ်အတွက် မျှော်မှန်းရမည့် ကလေးသူငယ်များဖွံ့ဖြိုးရေးအတွက် အရေးတကြီးဆောင်ရွက်ရမည့် အချိန်အခါဖြစ်သည်နှင့်အညီ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အမျိုးသားအာဟာရဆိုင်ရာ မဟာဗျူဟာနှင့်ပတ်သက်သည့် ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေးတွင် ကလေးသူငယ်ဖွံ့ဖြိုးရေးကို အလေးထားဆွေးနွေးခဲ့သည်။

ကလေးငယ်များ၏ ကျန်းမာရေး၊ အာဟာရပြည့်ဝရေးသည် မိဘများ၊ လူမှုဘဝအခြေအနေများနှင့် များစွာသက်ဆိုင်နေပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့်လည်း ဆက်နွယ်မှုရှိနေသည်ကိုလည်း သတိပြုရမည်ဖြစ်သည်။ ကလေးငယ်များ အာဟာရပြည့်ဝရေး၊ မိခင်များကျန်းမာရေးသည် အရေးကြီးပြီး ဖခင်များ၏ အထောက်အပံ့အကူအညီများမှာလည်း ပဓာနကျပါသည်။

လက်ရှိအခြေအနေတွင် ကလေးငယ်များဖွံ့ဖြိုးရေး၌ မြို့ပြများတွင် ပုံစံမကျစားသောက်နေထိုင်မှုများကို မြင်တွေ့ရမည်ဖြစ်ပြီး ကျေးလက်များတွင် အာဟာရဖွံ့ဖြိုးမှုအားနည်းချက်များကို တွေ့ရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က ကလေးငယ်များ အာဟာရပြည့်ဝရေးအစီအစဉ်ကို အကောင်အထည်ဖော်သည့်ဌာနများ၊ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များဖွဲ့စည်းဆောင်ရွက်ပေးနေသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျေးလက်နေပြည်သူများ၏ အမြင်များကိုလေ့လာ၍ ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ပြီး ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တစ်ဖက်သတ်အမြင်မျိုးမဖြစ်စေရန်လည်း သတိပြုသင့်သည်။ ဒေသခံပြည်သူများအား အလေးထားသောအားဖြင့် ဒေသနှင့်သင့်လျော်သည့် နည်းလမ်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သင့်သည်။

ဖွံ့ဖြိုးရေးဆောင်ရွက်သူများအနေဖြင့် နယ်မြေဒေသအလိုက် အာဟာရချို့တဲ့မှုအခြေအနေများကိုလည်း မှန်မှန်ကန်ကန် လေ့လာသိရှိထားသင့်သည်။ လက်ရှိတွင် ကလေးသူငယ်ဖွံ့ဖြိုးရေးအစီအစဉ်ကို စတင်ဆောင်ရွက်တော့မည်ဖြစ်၍ ကလေးသူငယ်အာဟာရဖွံ့ဖြိုးရေး ပကတိလိုအပ်ချက်များကို တိတိကျကျစာရင်းကောက်ယူကာ ဆောင်ရွက်ပေးမည့်အစီအမံများနှင့် သဟဇာတဖြစ်အောင် စီစဉ်ဆောင်ရွက်သင့်သည်ဟု ရှုမြင်ပါသည်။ ။

## ကိုရီးယား-မြန်မာ နှစ်နိုင်ငံအကြား အဆင့်မြင့်ဝက်မွေးမြူထုတ်လုပ်ရေး ပူးပေါင်းဆောင်ရွက်မည်



**နေပြည်တော် ဇန်နဝါရီ ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ကိုရီးယားနိုင်ငံ Katec Myanmar Co.,Ltd မှ ဥက္ကဋ္ဌဖြစ်သူ Mr. Yong Woo Kim ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကိုရီးယား-မြန်မာ နှစ်နိုင်ငံအကြား ဝက်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စ၊ ပြည်ပဝက်မျိုးစိတ်သစ်များ တင်သွင်းခြင်းမှ တစ်ဆင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်သည်အထိ အကျိုးရှိစွာ ဆောင်ရွက်နိုင်မည့်ကိစ္စ၊ Katec ပထမ ငါးနှစ်ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းတိုးတက်မှုအပေါ် မူတည်၍ တစ်ဆင့်ပြီးတစ်ဆင့် စီမံချက်များ ချမှတ်အကောင်အထည်ဖော် တိုးချဲ့ဆောင်ရွက်ရေးကိစ္စ၊ မြန်မာ့ရာသီဥတုနှင့် ကိုက်ညီသော ကိုရီးယားနိုင်ငံမှ အကောင်းဆုံးဝက်မျိုးစိတ်များကို တင်သွင်းပြီး ကိုရီးယားနည်းပညာဖြင့်မွေးမြူ၍ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်သွားမည့်ကိစ္စ၊ ထိုကဲ့သို့ထုတ်လုပ်နိုင်ရန် ပြုပြင်ထုတ်လုပ်သည့် အသင့်စက်ရုံများနှင့် သားသတ်စက်ရုံများ တည်ထောင်နိုင်သည်အထိ ဆောင်ရွက်သွားမည့်ကိစ္စ၊ ထို့အပြင် မြန်မာနိုင်ငံအတွင်း ဝက်မျိုးကောင်း မျိုးသန့်များကို ဖြန့်ဝေပေးပြီး ဝက်မွေးမြူရေးနည်းပညာများကိုလည်း သင်တန်းများ ဖွင့်လှစ်ပို့ချပေးသွားမည့်ကိစ္စ၊ ပထမငါးနှစ်တာကာလအတွင်း အဆင့်(၅)ဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်တိုမဟုတ်ဘဲ နှစ်ရှည်စီမံချက်ဖြင့် အကောင်းမွန်ဆုံး ဆောင်ရွက်သွားမည့်ကိစ္စများကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

## စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ခြင်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဆုပေးပွဲ ကျင်းပ

**ထီးချိုင့် ဇန်နဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးကို Community Centre၊ ပြည်သူ့စာကြည့်တိုက်ကို Community Library အဖြစ်သို့ ရောက်ရှိစေနိုင်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ထီးချိုင့်မြို့နယ် ပညာရေးဌာနတို့ပူးပေါင်းလျက် မူလတန်းအဆင့်ကျောင်းသား ကျောင်းသူများအား ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ပုံတူပန်းချီပြိုင်ပွဲတို့ကို ဇန်နဝါရီ ၂၂ ရက်နှင့် ၂၃ ရက်က ကျင်းပခဲ့ပြီး ဆုရကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံး စာကြည့်တိုက်၌ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်စောကလျာက ကျောင်းစာတစ်ခုတည်းတွင် နစ်မြုပ်မနေဘဲ ပြင်ပစာပေဗဟုသုတများ ဖတ်ရှုလေ့လာကာ စိတ်ကူးအကြံဉာဏ်နှင့် အတွေးအခေါ်ကောင်းများ ရရှိစေရန်နှင့် ငယ်စဉ်ကတည်းက စာဖတ်ခြင်း အလေ့အကျင့်ကောင်းများ မွေးမြူပေးရန်ရည်ရွယ်ပြီး စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအနေဖြင့် ယခုလိုစာပေနှင့်ပတ်သက်သည့် ပြိုင်ပွဲများကို လုပ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမရရှိသူ အမက အမှတ်(၄)စတုတ္ထတန်းကျောင်းသူ မခိုင်ခိုင်ခန့်က "ပြည်ထောင်စုစိတ်ဓာတ်" ကဗျာရွတ်ဆိုပြီး စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် ပထမရရှိသူ အမှတ်(၂) အလကခွဲ စတုတ္ထတန်းကျောင်းသား မောင်ညီလင်းခန့်က "ငြိမ်းချမ်းရေးအတွက် တစ်ခုတည်းသော မျက်နှာစာ"ခေါင်းစဉ်ဖြင့် စာဖတ်စွမ်းရည်ပြသသည်။

ထို့နောက် ကဗျာရွတ်ဆိုပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများကို အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းမာကလည်းကောင်း၊ စာဖတ်စွမ်းရည်ပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများကို စာရင်းစစ်ရုံး ဦးစီးအရာရှိ ဒေါ်အေးအေးခိုင်ကလည်းကောင်း၊ ပုံတူပန်းချီပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများကို စီမံကိန်းရေးဆွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းနှင့် တာဝန်ရှိသူများကလည်းကောင်း ဆုများချီးမြှင့်ပေးကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အရက်၊ မူးယစ်ဆေး ပညာပေး ရက်သတ္တပတ်လှုပ်ရှားမှု ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို ပြည်သူလူထုနှင့် ကျောင်းသားလူငယ်များအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် အရက်၊ မူးယစ်ဆေး ပညာပေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက နည်းပညာတက္ကသိုလ်(သန်လျင်)၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်နှင့် သန်လျင်မြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းလွန်ကျောင်းများတွင် ယူနီဆက်နှင့် တက္ကသိုလ်လူငယ်များအဖွဲ့တို့က အဖွဲ့များခွဲ၍ ပညာပေးဆွေးနွေးပွဲများ ကျင်းပခဲ့ရာ မူးယစ်ဆေးဝါးနှိမ်နင်းရေးရဲတပ်ဖွဲ့ (နေပြည်တော်)မှ ဒုတိယရဲမှူးကြီး စိုးဝင်းအေးက မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် ကြိုးပမ်းဆောင်ရွက်နေမှုများအား အသေးစိတ်ရှင်းလင်းတင်ပြကြောင်း သိရသည်။ **သက်ခိုင်(သန်လျင်)**



ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်ဖြိုးစန္ဒာမြင့်၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်အေးအေးမြင့်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**အထူးသတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၀၃၀၊ ဖက်စ် ၀၆၇-၃၆၀၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၁၂
မန်နေဂျာ ၀၁-၈၆၁၀၈၆၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၃၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၅၁

❖ **ရှေ့ဖုံးမှ**

တိုင်းပြည်ချမ်းသာကြွယ်ဝမှု မရရှိနိုင်ပါကြောင်း၊ မိတ်ဆွေနိုင်ငံများမှ ပေးအပ်သည့်အကူအညီများကို မိမိတို့ အသိအမှတ်ပြုပါကြောင်း။

မိမိတို့နိုင်ငံအခြေအနေကို နားလည်မှုပေးနိုင်ခြင်းမှာ မှန်ကန်သည့်ဖြေရှင်းမှု နည်းလမ်းရှာဖွေရန် မိမိတို့ကို ကူညီပေးခြင်းပင်ဖြစ်ပါကြောင်း၊ မတူညီသည့်အမြင်ရှုထောင့်အမျိုးမျိုးမှ အကောင်းဆုံးသော နည်းလမ်းများရှာဖွေရာတွင် အထောက်အကူပြုနိုင်သည်ဆိုတာ မိမိတို့အားလုံး နားလည်သဘောပေါက်ကြပါကြောင်း၊ မိမိတို့တစ်တွေသည် ဆွေးနွေးပွဲများတွင် မတူညီသည့် အမြင်များအပေါ် ငြင်းခုံကြသော်လည်း ဒါတွေသည် မိတ်ဆွေဖြစ်မှုကို ဘယ်လိုမှ မရပ်တန့်နိုင်ပါကြောင်း၊ ရွေးချယ်မှုကလည်း အရေးကြီးပါကြောင်း၊ ရွေးချယ်စရာမရှိလျှင် စစ်မှန်သည့် လွတ်လပ်မှု မရှိပါကြောင်း၊ လွတ်လပ်မှုက ရွေးချယ်မှုအပေါ် မူတည်နေပါကြောင်း၊ နိုင်ငံတိုင်းက ရွေးချယ်စရာ များစွာကို ရင်ဆိုင်ကြုံတွေ့ရသည်ဆိုတာ မိမိတို့အားလုံး နားလည်သဘောပေါက်ကြပါကြောင်း၊ ယင်းမှာ မိမိတို့၏တာဝန်ဖြစ်သည့်အပြင် ထိုရွေးချယ်စရာများကို တိုင်းပြည်အတွက် ဖန်တီးယူရမည် ဖြစ်ပါကြောင်း၊ တစ်ခါတစ်ရံ မှန်ကန်သည့်နည်းလမ်းက ဘာဆိုသည်ကို ပြောပြရန်ခက်ခဲပါကြောင်း။

အတိတ်က ဆုံးဖြတ်ချက်တစ်ခုကို ဘယ်လိုပဲချခဲ့ပါစေ၊ အမှန်ကန်ဆုံး နည်းလမ်းဖြင့် အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်ရန်သာ လိုပါကြောင်း၊ ရည်မှန်းချက်မှားပြီး ချီတက်မည်ဆိုလျှင် ဆုံးရှုံးခြင်းကို ဦးတည်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီတစ်ခု သို့မဟုတ် သီးသန့်အဖွဲ့အစည်းတစ်ခု၏ အကျိုးအတွက် မဟုတ်ဘဲ ပြည်သူများအတွက် ရေရှည်အကျိုး ဖြစ်ထွန်းမည့်အရာများကို မိမိတို့သေချာအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းပြည်အတွက် မိမိတို့ အကောင်းဆုံး ကြိုးပမ်းလုပ်ဆောင်နေပါကြောင်း၊ မိမိတို့နိုင်ငံတွင် ပြဿနာများစွာ ရှိနေပါကြောင်း၊ ခက်ခဲရှုပ်ထွေးသည့် အခြေအနေများကို အစိုးရက အကောင်းဆုံးကိုင်တွယ်ဖြေရှင်းနေပါကြောင်း၊ အနာဂတ်နိုင်ငံတော်အတွက် မှန်ကန်သည့်ဆုံးဖြတ်ချက်ချမှတ်ရာတွင်၊ နည်းလမ်းရှာဖွေရာတွင် ကူညီပေးရန် သံတမန်များ၊ မြန်မာနိုင်ငံ၏မိတ်ဆွေနိုင်ငံများကို မိမိတောင်းဆိုချင်ပါကြောင်း ပြောကြားသည်။

ထို့ပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "မြန်မာနိုင်ငံရဲ့မိတ်ဆွေ သံတမန်များအနေနဲ့လည်း ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပိုမိုကောင်းမွန်တဲ့ အချက်တွေကို လွတ်လွတ်လပ်လပ် ဆွေးနွေးဖို့ ကျွန်မ ပြောချင်ပါတယ်။ ကျွန်မတို့ ဘာကိုကြိုးပမ်းဆောင်ရွက်တယ်ဆိုတာရယ်၊ ဘယ်လိုအခြေအနေမျိုးနဲ့ ရင်ဆိုင်နေရတယ်ဆိုတာကို လူကြီးမင်းတို့သိဖို့ လိုအပ်ပါတယ်။ ဒီနေ့လယ်စာ စားပွဲကတစ်ဆင့် ကျွန်မတို့ရဲ့ယုံကြည်မှုနဲ့ နားလည်မှုကို မြှင့်တင်ရင်း ၂၀၁၇ ခုနှစ်ကို ဆက်လက်ချီတက် သွားကြပါစို့လို့ ပြောကြားလိုပါတယ်"ဟု ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုင်ငံခြားသံတမန်အဖွဲ့ဝင်များနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်သည်။

ဂုဏ်ပြုနေ့လယ်စာ သုံးဆောင်နေစဉ် ရိန်းဘိုးတေးဂီတအဖွဲ့နှင့် တွဲဖက်၍ နိုင်ငံခြားသံတမန်အဖွဲ့ဝင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားသံတမန်အဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံတမန် အဖွဲ့ဝင်များက နှစ်သစ်ကူးလက်ဆောင် ပေးအပ်ကြသည်။

**(သတင်းစဉ်)**

■




**မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံတမန်များအဖွဲ့ နှစ်သစ်ကူးဂုဏ်ပြုနေ့လယ်စာစားပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံခြားသံတမန်အဖွဲ့ဝင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)

# သိုက်မြိုက်ဝေဆာ တရုတ်နှစ်သစ်မင်္ဂလာ

၂၀၁၇ ခုနှစ်တွင် ကျရောက်သော တရုတ်ရိုးရာ(ချွန်းကျဲ့) နှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက လသာမြို့နယ် တရုတ်တန်းတွင် ကျင်းပခဲ့ရာ ပွဲတော်သို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် တရုတ်ကုန်သည်ကြီးများ တက်ရောက်၍ နှစ်သစ်ကူးနေ့အခမ်းအနားကို အတူတကွဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ **(ယာပုံ)**

အဆိုပါ နှစ်သစ်ကူးပွဲတော်ကို အစိုးရသစ်လက်ထက်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံတရုတ်ကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံ တရုတ်အမျိုးသားများ ကုသိုလ်ဖြစ်အသင်း၊ မြန်မာနိုင်ငံ ကွမ်ကျိုးကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်အသင်းချုပ်၊ မြန်မာနိုင်ငံ ဖူကျန့်အမျိုးသားအသင်းချုပ်နှင့် ရန်ကုန်ယူနန်အသင်းတို့က ပထမဆုံးအကြိမ် ပူးပေါင်း၍ ခမ်းနားစွာ ကျင်းပခဲ့ခြင်းဖြစ်သည်။

"ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ဒေသခံ တရုတ်မျိုးနွယ် အဖွဲ့အစည်းတို့က စည်ကားလှပတဲ့ တရုတ်တန်းဆိုတဲ့ နှစ်သစ်ကူးပျော်ရွှင်ပွဲကို အတူတကွ ကြီးကျယ်ခမ်းနားစွာ ကျင်းပနေပါတယ်။ ဒါဟာ သမိုင်းဝင်တဲ့ ပထမဆုံးအကြိမ်ဖြစ်ပြီး ခေတ်ရေစီးကြောင်းကိုလည်း ဦးဆောင်ခဲ့ပါတယ်။ အဓိပ္ပာယ်အလွန်နက်ရှိုင်းပြီး မြန်မာနိုင်ငံဒီမိုကရေစီ အသွင်ကူးပြောင်းမယ့် အခြေအနေသစ်ကို ဖော်ပြနိုင်ပြီး ပြည်သူလူထုရဲ့ ဆန္ဒနဲ့လည်း ကိုက်ညီပါတယ်။ ဒီကနေ့ဟာ သမိုင်းကြောင်းမှာ အမှတ်အသားတစ်ခုအဖြစ် အသိအမှတ်ပြုခံရတဲ့နေ့တစ်နေ့လည်း ဖြစ်လိမ့်မယ်"ဟု မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်က ပြောကြားသည်။

ယင်းပြင် တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုများသည် ရွှေကြက်ဖကဲ့သို့ ခြေလှမ်းမှန်မှန်ဖြင့် တရုတ်-မြန်မာ ပြည်သူလူထုကို အကျိုးပြုနိုင်မည်ဟု မျှော်လင့်ကြောင်း၊ စည်ကားလှပသော တရုတ်တန်းဆိုသည့်နေရာ၌ တရုတ်နှစ်သစ်ကူးပွဲတော် အောင်မြင်ပါစေကြောင်း၊ မြန်မာနိုင်ငံ လူမျိုးအသီးသီး ပျော်ရွှင်ချမ်းမြေ့စေလိုကြောင်းနှင့် တရုတ်-မြန်မာချစ်ကြည်ရေး အစွန့်ရှည်ပါစေဟု တရုတ်သံအမတ်ကြီးက နှစ်သစ်ကူးဆုတောင်းစကား ထပ်လောင်းပြောကြားခဲ့သည်။

"ဒီနေ့ကျင်းပတဲ့ တရုတ်နှစ်သစ်ကူး အခါသမယဟာ ကျွန်တော်တို့ မြန်မာနိုင်ငံတွင်းမှာရှိတဲ့ တရုတ်နိုင်ငံသားအားလုံးအပြင် မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး တညီတညွတ်တည်း ပူးပေါင်းပါဝင်ပြီး ပျော်ရွှင်ကြဖို့ လိုအပ်ပါတယ်။ နှစ်သစ်ကူးကို မင်္ဂလာရှိစွာ ကြိုဆိုနိုင်ကြဖို့ လိုအပ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာနှစ်သစ်ကူးပွဲတော်တွေမှာလည်း ကျွန်တော်တို့ ရန်ကုန်မြို့သူမြို့သားတွေအားလုံး ပျော်ပျော်ရွှင်ရွှင်နဲ့ ဖြတ်သန်းနိုင်ကြသလို အခြားတိုင်းရင်းသားတွေအားလုံးရဲ့ယဉ်ကျေးမှု ဓလေ့ထုံးစံတွေကို ကျွန်တော်တို့ ညီညီညွတ်ညွတ်နဲ့ ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းကြရမှာပါ။ မြန်မာနိုင်ငံဖွား တရုတ်လူမျိုးတွေရဲ့ ယဉ်ကျေးမှု ဓလေ့ထုံးစံတွေကိုလည်း အသိအမှတ်ပြုကြရမှာ ဖြစ်ပါတယ်။



"ကျွန်တော်တို့အားလုံးဟာ နှစ်သစ်အခါသမယမှာ ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးဖြစ်စေဖို့အတွက် နှစ်သစ်မှာကောင်းမွန်တဲ့ မင်္ဂလာအပေါင်းနဲ့ပြည့်စုံတဲ့နှစ်သစ်အခါသမယကို ငြိမ်းချမ်းပျော်ရွှင်စွာနဲ့ဖြတ်သန်းနိုင်ကြပါစေလို့ ဆန္ဒပြုပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။ တရုတ်ပြက္ခဒိန်အရ မျောက်နှစ်မှ ကြက်နှစ်သို့ ကူးပြောင်းသည့် တရုတ်နှစ်သစ်ကူးနေ့အခါသမယတွင် တရုတ်တန်းလမ်းတစ်လျှောက်၌ မီးပုံးနီ ၃၀၀၀ ကျော် ချိတ်ဆွဲအလှဆင်ထားသည်ကို လှပစွာမြင်တွေ့နိုင်မည်ဖြစ်သည်။ နံနက် ၈ နာရီမှ ည ၁၀ နာရီထိ ရွှေတိဂုံဘုရားလမ်း၊ မောင်ခိုင်လမ်း၊ စဉ့်အိုးတန်းလမ်း၊ လသာလမ်းနှင့် လမ်းမတော်တို့တွင် ရိုးရာအစားအသောက်များ၊ ယဉ်ကျေးမှုပြခန်းများ၊ ဖျော်ဖြေရေးမဏ္ဍပ်များ၊ ခြင်္သေ့၊ နဂါး အကအလှပြိုင်ပွဲများ၊ ရိုးရာအကများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည့် နှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီ ၂၈ ရက်မှ ၃၁ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

**သတင်း-ခင်ဇာလီ**

**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

ပြည်ထောင်စုသွေး အပြည့်မွေးလျက် ပြည်ထောင်စုစိတ် ပြည့်လျှံဖိတ်ကာ ပုံရိပ် "ပင်လုံ" မြန်မာ့ဂုဏ်ကို တူစုံထမ်းရွက် လှမ်းချီတက်။

# ၂၁ ရာစုတွင် လူသားအချင်းချင်း ခွဲခြားဆက်ဆံခြင်းအတွက် နေရာမရှိတော့ကြောင်း ကုလအတွင်းရေးမှူးချုပ်ဆို



**ဝါရှင်တန် ဇန်နဝါရီ ၂၈**

ဇန်နဝါရီ ၂၇ ရက်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂအဖွဲ့ရုံးချုပ်၌ ကျင်းပသည့် ဒုတိယကမ္ဘာစစ်အတွင်း နာဇီတို့က ဂျူးများကို အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု အောက်မေ့ဖွယ်ရာအခမ်းအနားတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က မိန့်ခွန်းပြောကြားခဲ့သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က လူသားအချင်းချင်း လူမျိုးနည်းမျိုးနွယ်စုများကို ခွဲခြားဆက်ဆံခြင်း၊ မုန်းတီးခြင်းနှင့် အခြားသဘောထားသေးငယ်သော လုပ်ရပ်များကို အားပေးအားမြှောက်ပြုသည့် လူထုကြိုက်ဝါဒလက်ကိုင်သူများ ယနေ့ခေတ်ကမ္ဘာတွင် ပိုမိုများပြားလာကြောင်း ဆိုသည်။

နာဇီတို့က ဂျူးများအား အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သည့် လုပ်ရပ်များကို စက်ဆုပ်ဖွယ်ကောင်းသည့်လုပ်ရပ်ဟု ထင်မြင်ယူဆမှုမရှိသေးသော ပြည်သူအချို့ရှိ နေဆဲပင်ဖြစ်သည်။ ယနေ့ခေတ် အင်တာနက်စာမျက်နှာများနှင့် လူမှုကွန်ရက်များတွင် လူသားအချင်းချင်းခွဲခြားဆက်ဆံသည့်ပုံရိပ်များ တနေ့တခြားတိုးပွားလျက်ရှိကြောင်း ကုလအတွင်းရေးမှူးချုပ်ကဆိုသည်။

ထို့ပြင် ကမ္ဘာတစ်ဝန်း၌ စစ်ဘေးရှောင်ဒုက္ခသည်များ၊ နိုင်ငံရေးခိုလှုံသူများအပါအဝင် လူမျိုးနည်းမျိုးနွယ်စုများသည် ခွဲခြားဆက်ဆံခံရခြင်းကြောင့် အလွန်အမင်းစိုးရိမ်ပူပန်လျက်ရှိကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

၂၁ ရာစုတွင် လူသားမျိုးနွယ်အချင်းချင်း ခွဲခြားဆက်ဆံသည့် လုပ်ရပ်များအတွက် နေရာမရှိတော့ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

# ယူကရိန်းသမ္မတနှင့် ဂျာမနီဝန်ကြီးချုပ်တို့ လာမည့်ရက်သတ္တပတ်၌ ဘာလင်တွင် တွေ့ဆုံဆွေးနွေးမည်

**ဘာလင် ဇန်နဝါရီ ၂၈**

ယူကရိန်းသမ္မတ ပီထရို ပိုရိုရှန်ကိုသည် ဇန်နဝါရီ ၃၀ ရက်တွင် ဘာလင်မြို့၌ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်လ်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ယူကရိန်း အင်တာဖက်စ်သတင်းဌာနက ယူကရိန်းသမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ၏ ပြောကြားချက်ကို ကိုးကားဖော်ပြသည်။

ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်လ်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်တို့ ဇန်နဝါရီ ၂၈ ရက်တွင် တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးမှုအပြီးတွင် ယူကရိန်းသမ္မတအနေဖြင့် ဂျာမနီခရီးသွားသည့်အစီအစဉ် ထွက်ပေါ်လာခြင်းဖြစ်သည်။ အမေရိကန်နှင့် ဂျာမနီဝန်ကြီးချုပ်တို့သည် ရုရှားအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြမည်ဟု မျှော်လင့်ရသည်။ ယူကရိန်းပြည်တွင်းရေးတွင် ရုရှား၏ ကြားဝင် စွက်ဖက်မှုကြောင့် ၎င်းအပေါ် ချမှတ်ထားသည့် စီးပွားရေးအရ အရေးယူပိတ်ဆို့မှုများ ဖြေလျှော့ပေးရေးအတွက် အမေရိကန်သမ္မတ ထရန့်က ဂျာမနီဝန်ကြီးချုပ်နှင့် ဆွေးနွေးမှုပြုလိမ့်မည်ဟူသော အချက်မှာမူ သေချာသဲကွဲမှု မရှိသေးပေ။

အမေရိကန်နိုင်ငံနှင့် ဥရောပသမဂ္ဂ (အီးယူ)တို့သည် ယူကရိန်းအရှေ့ပိုင်းဒေသမှ ရုရှားလိုလားသူ ခွဲထွက်ရေးဝါဒီများ၏ ယူကရိန်းမှ ခွဲထွက်ရန် ကြိုးပမ်းမှုကို ရုရှားနိုင်ငံက ထောက်ခံအားပေးမှုနှင့် ခရိုင်းမီးယားဒေသကို ရုရှားနယ်မြေတွင်းသို့ ပူးပေါင်းခြင်းတို့ကြောင့် ရုရှားနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ချမှတ်ထားခဲ့ကြသည်။

**ဆင်ဟွာ။**

# အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းတွင် မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်၍ စစ်သွေးကြွခုနစ်ဦးသေ



**ဂျလာလာဘတ် ဇန်နဝါရီ ၂၈**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့တောင်ပိုင်း နန်ဂါဟာပြည်နယ်အတွင်းရှိ အစ္စလာမ္မစ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)တို့အား သစ္စာခံသည့် စစ်သွေးကြွများ ပုန်းအောင်းနေသည့် ပစ်မှတ်များအား ဇန်နဝါရီ ၂၈ ရက်က မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခဲ့ရာ စစ်သွေးကြွ ခုနစ်ဦးထက်မနည်း သေဆုံးသွားကြောင်း အာဖဂန်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဇန်နဝါရီ ၂၈ ရက် အစောပိုင်းတွင် ထောက်လှမ်းရေးသတင်းပေးပို့မှုများအရ အချင်ခရိုင်တွင်းရှိ အိုင်အက်စ်သူပုန်များ၏ စခန်းများအား မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခဲ့ရာ စစ်သွေးကြွအုပ်စုမှ တရားသူကြီးနှစ်ဦးအပါအဝင် စစ်သွေးကြွခုနစ်ဦး သေဆုံးကြောင်း အာဖဂန် အရှေ့ပိုင်းဒေသမှ စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ရှီဟာ အက်ကွာ ဖာကွီရီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

စစ်သွေးကြွများအား လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဟု ၎င်းက ပြောကြားသည်။

လက်နက်ကိုင် တိုက်ခိုက်မှုများဖြစ်ပွားနေသည့် အာဖဂန်နစ္စတန်နိုင်ငံအတွင်း၌ အမေရိကန်တပ်ဖွဲ့ဝင်များ တပ်ခွဲချထားလျက်ရှိပြီး လက်နက်ကိုင်စစ်သွေးကြွများအား မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်ခြင်းကို မကြာခဏဆိုသလိုပြုလုပ်လျက်ရှိသည်။

နန်ဂါဟာပြည်နယ်နှင့် မြို့တော် ဂျလာလာဘတ်တွင် လွန်ခဲ့သည့်နှစ်နှစ်ကျော်ကာလကတည်းက အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)တို့၏ လှုပ်ရှားဆောင်ရွက်မှုများ ရှိလာခဲ့သည်။

**ဆင်ဟွာ။**

# အမေရိကန်-ဂျပန်ထိပ်သီးအစည်းအဝေး ဖေဖော်ဝါရီ ၁၀ တွင်ကျင်းပမည်



**ဝါရှင်တန် ဇန်နဝါရီ ၂၈**

သမ္မတထရန့်လက်ထက် ပထမဆုံးအကြိမ် အမေရိကန်-ဂျပန် နှစ်နိုင်ငံထိပ်သီးအစည်းအဝေးကို ဖေဖော်ဝါရီ ၁၀ ရက်တွင် ဝါရှင်တန်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရသိရသည်။

သမ္မတထရန့် ရွေးကောက်ပွဲအနိုင်ရပြီးနောက် နိုဝင်ဘာလက ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် သမ္မတထရန့်တို့ ခေါင်းဆောင်နှစ်ဦးသည် နယူးယောက်မြို့၌ တွေ့ဆုံခဲ့ကြပြီး နှစ်နိုင်ငံထိပ်သီးအစည်းအဝေးပွဲကို အမြန်ဆုံးကျင်းပနိုင်ရန် သဘောတူညီခဲ့ကြသည်။

ခေါင်းဆောင်နှစ်ဦးတို့သည် နှစ်နိုင်ငံထိပ်သီးအစည်းအဝေးပွဲကျင်းပမည့် အစီအစဉ်ကို တယ်လီဖုန်းမှတစ်ဆင့် ဆွေးနွေးခဲ့ကြသည်။

ထိပ်သီးအစည်းအဝေးပွဲသို့ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးအပါအဝင် ဒုတိယဝန်ကြီးချုပ်၊ ဘဏ္ဍာရေးဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီး၊ စီးပွားရေး၊ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးတို့တက်ရောက်မည်ဖြစ်ကြောင်း ဂျပန်အစိုးရအဖွဲ့ကဆိုသည်။

ထိပ်သီးအစည်းအဝေးတွင် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက သမ္မတထရန့်နှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ ယုံကြည်မှုတည်ဆောက်ကာ ဆက်ဆံရေးတိုးမြှင့်ရန်နှင့် နှစ်နိုင်ငံဆက်ဆံရေးကိုလည်း ပိုမိုကောင်းမွန်ရန် တိုးမြှင့်မည်ဖြစ်ကြောင်း မျှော်လင့်ထားသည်။

သမ္မတထရန့်သည် ပစိဖိတ်ဖြတ်ကျော်မဟာမိတ်လွတ်လပ်သောကုန်သွယ်မှု စာချုပ်(တီပီပီ) မှ အမေရိကန်နိုင်ငံကို နုတ်ထွက်သည့် ကြေညာချက်ကို လက်မှတ်ရေးထိုးခဲ့သည်။ သမ္မတထရန့်က ဂျပန်နိုင်ငံအပြင် အခြားသောတီပီပီအဖွဲ့ဝင်နိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်နိုင်ဖွယ်ရှိသည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများကဆိုသည်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးအနေဖြင့် ကုန်သွယ်ရေးကဏ္ဍနှင့်ပတ်သက်ပြီး သမ္မတထရန့်အား ဂျပန်နိုင်ငံ၏ ကုန်သွယ်ရေးမူဝါဒများကို ချပြနိုင်ဖွယ်ရှိကြောင်းနှင့် ဂျပန်ကုမ္ပဏီများက အမေရိကန်နိုင်ငံအတွင်း အလုပ်အကိုင်များစွာ ဖန်တီးပေးထားသည်ဟု ပြောကြားနိုင်ဖွယ်ရှိကြောင်း စောင့်ကြည့်လေ့လာသူများက ဆိုသည်။

အင်န်အိတ်ချ်ကေ။

❑

# မောင်တောခရိုင်အတွင်း လေးလကျော်ကြာ ငါးဖမ်းဆီးမှုရပ်နားထားရသဖြင့် ကျော့ပိုက်ရာသီချိန် ငါးနီတူ ဖမ်းဆီးနိုင်ခဲ့ခြင်းမရှိ

**နေပြည်တော် ဇန်နဝါရီ ၂၈**

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်းဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ပင်လယ်ပြင် ငါးဖမ်းဆီးမှုလုပ်ငန်းများ လေးလကျော်ကြာ ရပ်နားထားရသည့်အတွက် ကျော့ပိုက်ရာသီချိန် ငါးနီတူငါးများ ဖမ်းဆီးနိုင်ခဲ့ခြင်းမရှိကြောင်း ဒေသခံငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူ ဦးမောင်မြင့်က ပြောသည်။

"လေးလကျော် ပင်လယ်ပြင် ငါးဖမ်းဆီးမှုရပ်နားထားရတဲ့အတွက် ရေလုပ်သားတွေနဲ့ မိသားစုတွေ အပြင် လုပ်ငန်းရှင်တွေအနေနဲ့လည်း အခက်အခဲရှိပါတယ်။ အခုအချိန်မှာ ငါးဖမ်းဆီးမှုခွင့်ပြုထားပေမယ့် ညမထွက်ရ အမိန့်ကြောင့် ငါးဖမ်းဖို့ထွက်တဲ့အချိန်က ဒီရေအတက်အကျကို ကြည့်ပြီး ထွက်ရတာရယ်၊ နောက်တစ်ခုက ရေလုပ်သားတွေမှာလည်း NVC ကတ်မရှိသေးတာရယ်တွေကြောင့် ငါးဖမ်းထွက်ဖို့ အခက်အခဲတွေရှိနေပါသေးတယ်"ဟု ၎င်းက ပြောသည်။

မောင်တောမြို့နယ်အတွင်း ကမ်းနီးနှင့် ကုန်းတွင်းပိုင်း မြစ်ချောင်း၊ အင်းအိုင်များအတွင်း စက်တပ်ရေယာဉ်အစင်း ၃၀၀ ခန့်၊ စက်မဲ့ရေယာဉ်အစင်းရေ ၁၃၀၀ ကျော်ဖြင့် ငါးဖမ်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ နှစ်စဉ် ရေငန်ပုစွန် ပိဿာ ၁၀၀၀၀ ခန့်ထုတ်လုပ်နိုင်သဖြင့် မြို့နယ်အတွင်းရှိ လူဦးရေငါးသိန်းကျော်အတွက် စားနပ်ရိက္ခာဖူလုံစေပြီး ရေလုပ်သား ၁၅၀၀၀ ကျော်အတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ မိသားစု ၇၀၀၀၀ ကျော်အတွက် စားဝတ်နေရေးအဆင်ပြေစေကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ထိုသို့ ပင်လယ်ပြင်ငါးဖမ်းဆီးခြင်းလုပ်ငန်းများ ယာယီရပ်ဆိုင်းမှုကြောင့် ငါးထုတ်လုပ်မှု လျော့နည်းခဲ့ပြီး ပြည်တွင်းအသားတင် ထုတ်လုပ်မှု GDP ကျဆင်းမှုများနှင့် ရင်ဆိုင်ရလျက်ရှိသည်။ ထို့ကြောင့် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ငါးဖမ်းလုပ်ငန်းများ အမြန်ဆုံးပြန်လည်ဆောင်ရွက်နိုင်ရန် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့ဖြင့် ရေယာဉ်မှတ်ပုံတင်ခြင်းနှင့် ငါးဖမ်းဆီးခွင့်လက်မှတ်များ အမြန်ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း သိရသည်။

ငါးဖမ်းဆီးရေးလုပ်ငန်းများ စနစ်တကျရှိစေရေးအတွက် ရေယာဉ်မှတ်ပုံတင်ခြင်းနှင့် ငါးဖမ်းဆီးခွင့်လက်မှတ်များကို ဇန်နဝါရီ ၁၁ ရက်မှ ၂၀ ရက်အထိ မောင်တောမြို့နယ်အတွင်းရှိ မောင်နီ၊ ညောင်ပင်ကြီး၊ အလယ်သံကျော်၊ မြင်းလွတ်၊ ကျောက်ပန္ဒူ၊ အင်းဒင်၊ သဝင်ချောင်းကျေးရွာများမှ ကမ်းနီးငါးဖမ်းရေယာဉ် မြင်းကောင်ရေ ၂၀ အထက် ၈၃ စင်း၊ မြင်းကောင်ရေ ၂၀ အောက် ၂၀၃ စင်းနှင့် စက်မဲ့လှေ ၁၆၁ စင်းတို့ကို မှတ်ပုံတင်နှင့်လိုင်စင်များ ထုတ်ပေးနိုင်ခဲ့ကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

"မောင်တောမြို့ဟာ တစ်ဖက်နိုင်ငံနဲ့ နယ်နိမိတ်ချင်း ထိစပ်နေတာဖြစ်တဲ့အတွက် ဒီဒေသက ငါးဖမ်းလှေတွေကို ခွဲခြားသိစေဖို့ လှေ၊ ဖောင်းရစ်ရဲ့ အပေါ်ဘက်မှာ တစ်ပေခွဲခန့် အကျယ်ရှိတဲ့ အစိမ်းနုရောင်ဆေးသုတ်ပြီး ရေယာဉ်မှတ်ပုံတင်အမှတ်နဲ့ ငါးဖမ်းဆီးခွင့် မှတ်ပုံတင်အမှတ်ကို ရေးသားစေခဲ့ပါတယ်။ ဖမ်းဆီးရမိတဲ့ ငါး၊ ပုစွန်တွေကို ဒေသတွင်းမှာ ရောင်းချဖို့နဲ့ တစ်ဖက်နိုင်ငံကိုလည်း တရားဝင်နည်းလမ်းနဲ့ တင်ပို့ဖို့ကို ဆောင်ရွက်ထားပါတယ်။ စည်းကမ်းချက်နဲ့အညီ ငါးဖမ်းဆီးဖို့ကိုလည်း အဖွဲ့တွေဖွဲ့ပြီး စစ်ဆေးဖို့နဲ့ လိုအပ်တာတွေကို ကူညီပေးဖို့ စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်"ဟု ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်ဝင်းသိန်းက ပြောသည်။

**ဇင်ဦး(မြန်မာ့အလင်း)၊**
**ဓာတ်ပုံ - သီဟစည်သူ**



# မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်း ကျောက်ဖြူမြို့၌ အခမဲ့ကုသပေး

**ကျောက်ဖြူ ဇန်နဝါရီ ၂၈**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမနှင့် ကျောက်ဖြူခရိုင်ဆေးရုံကြီး၌ ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီမှစတင်ကာ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်းမှ ဒေါက်တာဦးစောထွန်းအောင် အပါအဝင် ဆရာဝန် ၁၇ ဦး၊ အလုပ်သင်ဆရာဝင် ၂၀၊ အကူသုံးဦးတို့ဖြင့် စမ်းသပ်ကုပေးလျက်ရှိသည်။

ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ လူနာများအား ကျောက်ဖြူဆေးရုံမှ သွားဆရာဝန် ဒေါက်တာထွန်းမြင့်က လာရောက်ပြသသူများအား စစ်ဆေးပေးကာ ခရိုင်ဆေးရုံကြီးအစည်းအဝေးခန်းမနှင့် သွားစစ်ဆေးခန်းမတို့တွင် ဒေါက်တာဦးစောထွန်းအောင်နှင့်အဖွဲ့က သွားနုတ်ခြင်း၊ သွားဖာခြင်း၊ သွားဖုံးရောဂါကုသခြင်း၊ ပညာပေးဟောပြောခြင်းများ ပြုလုပ်ပေးလျက်ရှိရာ လာရောက်ပြသသူ ၃၀၆ ဦးရှိပြီး ယနေ့ညနေပိုင်းအထိ အခမဲ့ကုသပေးမည်ဖြစ်ကြောင်း၊ ကုသပေးရာတွင် ကျောက်ဖြူခရိုင်ဆေးရုံမှဝန်ထမ်းများလည်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း ဒေါက်တာထွန်းမြင့်ထံမှ သိရသည်။

**ဖြိုးဝေလင်း(ခရိုင်ပြန်/ဆက်)**



# (၁၄)ပါးမြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ သာသနာ့အာဇာနည်အရှင်မြတ်တစ်ပါး ပေါ်ထွန်း

**ရန်ကုန် ဇန်နဝါရီ ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော (၆၉)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုနှင့် သဘောရေးဖြေပွဲကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၈ ရက်ထိ ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် စကားဝါလမ်း တိပိဋက နိကာယကျောင်းတိုက်မှ ဘဒ္ဒန္တဝီရိယာနန္ဒ သက်တော် (၄၇)နှစ် သိက္ခာတော် (၂၇)ဝါသည် (၁၄)ပါးမြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒအဖြစ် သာသနာ့အာဇာနည် အရှင်မြတ်တစ်ပါး ထပ်မံပေါ်ထွန်းခဲ့သည်။

(၆၄) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် တိပိဋကဓရ၊ တိပိဋကကောဝိဒဘဒ္ဒန္တကုက္ကန္ဒာစရိယ ပေါ်ထွန်းခဲ့ပြီးနောက်ပိုင်း ငါးနှစ်အကြာ ယခုနှစ် (၆၉)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင်မှ သာသနာ့အာဇာနည်အရှင်မြတ်တစ်ပါး ထပ်မံပေါ်ထွန်းခဲ့ခြင်းဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် စကားဝါလမ်း တိပိဋကနိကာယကျောင်းတိုက်မှ အဘိဓမ္မကောဝိဒဘွဲ့နှင့် တိပိဋကကောဝိဒဘွဲ့ရ အရှင်ဝီရိယာနန္ဒ၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားရာဇာတိနှင့် ဖွားသက္ကရာဇ်

အရှင်ဝီရိယာနန္ဒသည် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် တောင်ခမ်းရွာ ခမည်းတော် ဦးဘကျော်+မယ်တော် ဒေါ်တင်ကြည်တို့မှ ၁၃၃၁ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက် (၂၁-၁-၁၉၇၀၊ ဗုဒ္ဓဟူးနေ့)တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

### ဥပသမ္ပဒမင်္ဂလာ

၁၃၅၁ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်(အင်္ဂါနေ့)တွင် ရန်ကုန်မြို့ ကျိုက္ကဆံရွှေကျောင်းတိုက်သစ် ခဏ္ဍသိမ်တော်၌ ကျိုက္ကဆံရွှေကျောင်းတိုက်သစ်ဆရာတော် ဘဒ္ဒန္တခေမိန္ဒာဘိဝံသကို ဥပဇ္ဈာယ်ပြုလျက် တောင်ဥက္ကလာပမြို့နယ် ဦးအုန်းမောင်+ဒေါ်အေးကြည်မိသားစု၊ နောင်ချိုမြို့နယ် တောင်ခမ်းရွာ ဦးဘကျော်+ဒေါ်တင်ကြည်၊ သား မောင်အောင်မင်းမိသားစု၊ ဒေါ်ချစ်ညိမ်း၊ တူ မောင်ဇော်မင်းမိသားစု၊ မအူပင်မြို့ ထနီးရွာ ဦးတိုးမောင်+ဒေါ်သန်းရီမိသားစု၊ ဦးအောင်ခင်သိန်း+ဒေါ်မေမေတင်၊ သမီး ဒေါက်တာတင်ဇာအောင် မိသားစု၊ ဦးစောန္တဲ့သန်းစိန်+ဒေါ် စွဲ့ပဒုမ္မာ မိသားစု၊ ကိုသန့်ဇင်+မတိုးတိုးမိသားစု၊ ကိုအောင်သန်း+မအေးအေးနွယ် မိသားစု၊ တောင်ရှည်ရွာ ဒေါ်စန်း၊ သား မောင်အောင်မင်း+မရီငွေ မိသားစု၊ ဦးကြည်ထွန်း+ဒေါ်ခင်အေးမူ မိသားစု၊ ကိုအောင်ကျော်နိုင်+ဒေါက်တာလဲ့လဲ့ခိုင် မိသားစု၊ ကိုသန်းအေး+မကြည်သန်းမိသားစု၊ ဦးဝင်းတင်+ဒေါ်ခင်သန်းမာ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

### ကျေးဇူးရှင်ဆရာတော်များ

အရှင်ဝီရိယာနန္ဒသည် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် တောင်ခမ်းရွာ ရွာဦးကျောင်း ပထမဆရာတော် ဦးစန္ဒဇောတိ၊ ဒုတိယဆရာတော် ဦးယုဇန၊ ဦးသန္တာနန္ဒ၊ ဦးတေဇိဿရ၊ မိုးကုတ်မြို့ ပန်းမအထက်ကျောင်းဆရာတော် ဦးဂန္ဓမာနှင့် နာယကဆရာတော်များ၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းဆရာတော်နှင့် စာချဆရာတော်များ၊ ဆပ်သွားဘုံကျော်တောရဆရာတော် ဦးဝိလာသ၊ ဦးကဝိသာရာလင်္ကာရ၊ သဃ်န်းကျွန်း ကျိုက္ကဆံရွှေကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တခေမိန္ဒာဘိဝံသနှင့် စာချဆရာတော်များ၊ နာဂလိုဏ်ဂူကလေးဝတောရကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရဘဒ္ဒန္တဇာဂရာဘိဝံသ၊ ပြည်တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တကောသလ္လ၊ မင်းကွန်းတိပိဋကဓရ၊ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက အဘိဇမဟာရဋ္ဌဂုရု၊ အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဇမဟာရဋ္ဌဂုရု၊ အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၊ မင်းကွန်းတိပိဋကနိကာယကျောင်းတိုက်စီမံအုပ်ချုပ်မှု မဟာနာယက တိပိဋကဓရ၊ တိပိဋကကောဝိဒ ဆရာတော်များထံတော်၌ ပရိယတ္တိစာပေများကို သင်ကြားဆည်းပူးခဲ့ပါသည်။

### အောင်မြင်ခဲ့သော စာမေးပွဲများ

အရှင်ဝီရိယာနန္ဒသည် ၁၃၅၃ ခုနှစ်၌ အစိုးရဓမ္မာစရိယဘွဲ့၊ ၁၃၅၄ ခုနှစ်၌ ဥဘတောဝိဘင်္ဂရေလက်မှတ်၊ ၁၃၅၆ ခုနှစ်၌ ဝိနယဓရဘွဲ့၊ ၁၃၅၇ ခုနှစ်၌ ဥဘတောဝိဘင်္ဂကောဝိဒ လက်မှတ်၊ ၁၃၅၈ ခုနှစ်၌ ဝိနယကောဝိဒဘွဲ့၊ ၁၃၅၉ ခုနှစ်၌ ဒီဃဘာဏကဘွဲ့၊ ၁၃၆၀ ပြည့်နှစ်၌ ဒီဃနိကာယကောဝိဒဘွဲ့၊ ၁၃၆၂ ခုနှစ်၌ မူလအာဘိဓမ္မိက လက်မှတ်၊ ၁၃၆၅ ခုနှစ်၌ မူလအဘိဓမ္မကောဝိဒလက်မှတ်၊ ၁၃၇၀ ပြည့်နှစ်၌ အာဘိဓမ္မိကဘွဲ့၊ တိပိဋကဓရဘွဲ့၊ ဝိနယဝိဒူဘွဲ့၊ နိကာယုဇ္ဇောတက အတ္ထဝိသာရဒ ဝိနယဓရဘွဲ့၊ နိကာယုဇ္ဇောတက ဒီဃနိကာယအဂ္ဂဓမ္မာစရိယဘွဲ့တို့ ဖြစ်ပါသည်။

### အာဘိဓမ္မိကဘွဲ့လက်မှတ်

၁၃၇၈ ခုနှစ် (၆၉) ကြိမ်မြောက် အဘိဓမ္မပိဋက အဘိဓမ္မာနောက်ပိုင်းနှစ်ကျမ်း သဘောရေးဖြေပွဲကို ဖြေဆိုအောင်မြင်တော်မူသဖြင့် "အဘိဓမ္မကောဝိဒဘွဲ့ တံဆိပ်တော်"နှင့် အောင်လက်မှတ်တို့ကို ခံယူရရှိတော်မူမည်ဖြစ်ပါသည်။

### တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်

အရှင်ဝီရိယာနန္ဒသည် သင်ရိုးပိဋကသုံးပုံလုံးကို အာဂုံပြန်ဆိုနှင့် သဘောရေးဖြေပါ အောင်မြင်တော်မူပြီးဖြစ်သဖြင့် "တိပိဋကဓရ၊ တိပိဋကကောဝိဒ" ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်တော် အရိုးဝါကနက္ကဒဏ်ထီးဖြူတော်သုံးလက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်များအပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော ကုန်း၊ ရေ၊ လေ သုံးဌာနအခမဲ့ အထက်တန်းခရီးသွားလက်မှတ် (ရာသက်ပန်) (တပည့်နှစ်ဦးအပါအဝင်) လစဉ် ဆွမ်းဆန်တော် စသည်တို့ကို အလှူခံရရှိတော်မူမည်ဖြစ်ပါသည်။

# အရှေ့တစ်ခုအကြောင်း

## သက်မောင်(စက်မှု)

အငှားယာဉ်သမားကို ကမ်းနားလမ်းက မြန်မာ့လေကြောင်းရုံးကို ဘယ်လောက်လဲဟုမေးရာ "အော် လက်မှတ်ရုံးလား"ဟု ပြန်မေးသည်။ တကယ်တော့ မြန်မာ့လေကြောင်းကို မြန်မာအမျိုးသားလေကြောင်းဟု အမည်ပြောင်းထားပြီးဖြစ်သော်လည်း အမည်သစ်နှင့် မရင်းနှီးသေးမည်စိုး၍ ယခင်အမည်ဟောင်းဖြင့် မေးလိုက်ခြင်းဖြစ်သည်။ သို့သော် ရန်ကုန်သား သက်ကြီးအငှားယာဉ်သမားက မိမိထက်ပင် ပိုသိနေရာ လက်မှတ်ရုံးလားဟု ပြန်မေးခြင်း ဖြစ်ပါသည်။ မှန်ပါသည်။ ဟိုတုန်းကတော့ မြန်မာနိုင်ငံမှာ လေကြောင်းကတစ်ခုတည်းဖြစ်ပြီး လေကြောင်းဖြင့်ခရီးသွားလိုပါက လေယာဉ်လက်မှတ်ကို ကမ်းနားလမ်းရှိ ဤရုံး၌ လာရောက်ဝယ်ယူကြရသည်ဖြစ်ရာ လူအများက ဤရုံးကို လက်မှတ်ရုံးဟု သိကြ၊ ခေါ်လေ့ရှိကြပါသည်။

စီအီးအိုဦးသန်းထွန်းအား ဤအကြောင်း ပြန်ပြောပြသောအခါ သဘောကျစွာရယ်ပါသည်။ "အေးဗျ၊ ဒီရုံးကြီးက တစ်ချိန်က မြန်မာ့သမိုင်းမှာ ဇာတ်ကောင်ဖြစ်ခဲ့တဲ့ ဘုံဘေဘားမားသစ်ကုမ္ပဏီရုံးကြီးမှန်းသိရင် ပိုအံ့သြကြမယ်။ တန်ဖိုးမဖြတ်နိုင်တဲ့ ရှေးဟောင်းအမွေအနှစ်တစ်ခုပေါ့။ ယူဘီအေခေတ် စတည်ထောင်ပြီး သုံးနှစ်အကြာ ၁၉၅၁ ခုနှစ် ဇူလိုင်လမှာ မြေဧက သုံးမတ်ရှိတဲ့ ဒီရုံးနဲ့ မြေနေရာကို ဘုံဘေဘားမားကနေ မြန်မာကျပ် ခုနစ်သိန်းနဲ့ ဝယ်ခဲ့တာဗျ"ဟု ဂုဏ်ယူစွာပြောပြပါသည်။ "ဒီရုံးခန်းကို ရောက်လာတဲ့ နိုင်ငံခြားသားတွေဆို အလွန်သဘောကျတာ။ ရှေးဟောင်းအဆောက်အအုံမို့ မျက်နှာကြက်ကလည်း အမြင့်ကြီး၊ အခန်းကလည်း တကယ့်ကျွန်းသစ်ကြီးတွေနဲ့၊ မင်းက ဒေါ်လာတွေ ဖင်ခုထိုင်နေတာပဲလို့ အမြဲပြောကြတယ်၊ ကဲ လာရင်းကိစ္စ ကျွန်တော်ဘာလုပ်ပေးရမလဲ ပြောပါခင်ဗျား"ဟု ဆိုပါသည်။

"ဆရာရယ် ကျွန်တော်တို့က သတင်းသမားဆိုတော့ သူများတွေထက် နား၊ မျက်စိ ပိုကျယ်ရမယ်မဟုတ်လား။ အခုခေတ်က Education ခေတ်၊ အဲဒီထဲကမှ Electronic ခေတ်ဆိုတော့ အများစုက Manual မသုံးကြတော့ဘူး၊ IT software တွေ သုံးကုန်ကြပြီ။ ဆရာတို့ လေကြောင်းလိုင်းလည်း E- Ticketing သုံးနေပြီလို့သိရတော့ ဂယနဏလေးသိချင်လို့ပါဆရာ"ဟု လာရင်းကိစ္စကို ပြောပြရသည် ။

စီအီးအိုက ပြုံးသည်။ သူ့လက်ထဲက ဟန်းဖုန်းကို ပြပြီး ဒါကမြန်မာအမျိုးသားလေကြောင်း (MNA) ရဲ့ ပစ္စုပ္ပန်လည်းဟုတ်တယ်၊ အနာဂတ်လည်းဟုတ်တယ်။ ဘာကြောင့်လဲဆိုတော့ ဒီဖုန်းထဲမှာ လေကြောင်းလိုင်းတစ်ခုလုံးက ဌာနအားလုံးရဲ့ သတင်းအချက်အလက်နဲ့ နေ့စဉ်ဆောင်ရွက်မှုတွေ အားလုံးရှိနေလို့ပဲဟုဆိုကာ စီအီးအိုက MNA မှ အသုံးပြုနေသည့် IT Software အကြောင်း၊ E-Ticketing အကြောင်းများကို ရှင်းပြခဲ့ပါသည်။

အရင်ပြောဖူးသလိုပဲ။ လေကြောင်းလိုင်းတွေအနေနဲ့ မဖြစ်မနေ နိုင်ငံတကာကိုထိုးဖောက်ဖို့ လိုလာမယ့် အနေအထားကို ရောက်လာတော့မှာဖြစ်တယ်။ လုပ်ရမယ့် အတူတူ ကျွန်တော်တို့ကတော့ စောစောစီးစီးစလိုက်တာပါ။ နိုင်ငံတော်ရဲ့စီးပွားရေးလိုင်းနဲ့အတူ ပြုပြင်ပြောင်းလဲမှုတွေကို ၂၀၁၄ ခုနှစ်ကတည်းက စခဲ့တာပဲ။ နိုင်ငံတကာကို ထိုးဖောက်တဲ့အခါ ကိုယ့်ပြည်တွင်းမှာ လုပ်နေသလို လှေကြီးထိုး ရိုးရိုးနဲ့သွားလို့ ဘယ်လိုမှ မဖြစ်တော့ဘူး။ Manual လုပ်နေလို့ ရကိုမရနိုင်တော့တာ။

ကျွန်တော်တို့အတွက် စိန်ခေါ်မှုတွေက တကယ့်အများကြီးမှ အများကြီးပါ။ Branded တစ်ခု ဖြစ်လာဖို့၊ ရေရှည်ရပ်တည်နိုင်ဖို့ အစီအမံတွေအများကြီးလုပ်ရပါတယ်။ ကိုယ့်မှာ အတွေ့အကြုံမရှိတော့ consultant ကုမ္ပဏီငှားပြီး ကိုယ့်နိုင်ငံနဲ့ အာရှဒေသရဲ့ Culture နဲ့ ကိုက်အောင် အကြံဉာဏ်ယူရတယ်။ အဲဒီလိုပြုပြင်ပြောင်းလဲမှုလုပ်တဲ့အခါမှာ IT software နဲ့သွားတာက အဓိကကျတဲ့ အပြောင်းအလဲတစ်ခုပါ။ consultant ကုမ္ပဏီအကူအညီနဲ့ software မှာထည့်ချင်တဲ့ ကဏ္ဍတွေ၊ အချက်အလက်အကြောင်းအရာတွေ အရင်ပြုစုပြီးတာနဲ့ နိုင်ငံတကာက IT ကုမ္ပဏီတွေကို Proposal တောင်း၊ အဲဒီထဲကမှ အသင့်တော်ဆုံးကိုရွေးပြီး IT system ထူထောင်ခဲ့တာ။ ကျွန်တော်တို့က အမေရိကန်အခြေစိုက် Zapways ဆိုတဲ့ IT ကုမ္ပဏီကို ရွေးခဲ့တာ။ စက်တွေဆင်ရတယ်။ လက်ရှိဝန်ထမ်းတွေရော၊ ပညာရှင်အသစ်တွေခန့်လို့ရော လူတွေမွေးမြူလေ့ကျင့်ရတယ်။ နည်းတဲ့ကုန်ကျစရိတ်မဟုတ်ပါဘူး။ ဒီလေကြောင်းလုပ်ငန်းက အရင်းအနှီးများပြီး အင်မတန်စွန့်စားရတဲ့လုပ်ငန်းလည်းဖြစ်သလို ထိလွယ်၊ ရှလွယ် စီးပွားရေးလုပ်ငန်းတစ်ခုလည်း ဖြစ်ပါတယ်။

ကျွန်တော်တို့ software မှာ ခရီးသည်ရဲ့ နာမည်၊ ဖုန်းနံပါတ်၊ လိပ်စာထည့်ပြီး လေယာဉ်လက်မှတ်ကို ကြိုတင်ဝယ်တဲ့စနစ်၊ ငွေချေတဲ့ စနစ်၊ ပျံသန်းရေးဌာနရဲ့ လေယာဉ်၊ လေယာဉ်မှူး၊ လေယာဉ်သားဆိုင်ရာ အချက်အလက်ထည့်သွင်းပြီး နိုင်ငံတကာစံနှုန်းနဲ့အညီ ထိန်းချုပ်တဲ့စနစ်၊ လေယာဉ်ပြင်ဆင်ထိန်းသိမ်းမှုလိုအပ်ချက်တွေ ကုန်ကျစရိတ်တွေ စောင့်ကြည့်သတိပေးဖော်ပြတဲ့စနစ်၊ ငွေစာရင်းဌာနတစ်ခုရဲ့ ဝင်ငွေ၊ ထွက်ငွေစာရင်းဇယားတွေအတွက် အချက်အလက်ထုတ်ပေးတဲ့စနစ်၊ လူသားအရင်းအမြစ်ဆိုင်ရာ အချက်အလက်ထည့်သွင်းဖော်ပြတဲ့စနစ်စတာတွေ အားလုံးပါတယ်။ ပြောရရင်တော့ လေကြောင်းလိုင်းတစ်ခုအတွက် လိုအပ်တဲ့အချက်အလက်၊ ကိန်းဂဏန်းအားလုံး ဒီစနစ်ထဲမှာရှိတယ်။ ကျွန်တော်ဆိုရင် ဒီဖုန်းထဲကနေ အချက်အလက်မှန်သမျှ အကုန်ကြည့်နေနိုင်တယ်။ ဘယ်နားရောက်ရောက် ကျွန်တော်အမြဲစောင့်ကြည့်နိုင်တယ်။ ဒါကြောင့် ခရီးစဉ်ပျံသန်းပြေးဆွဲမှု Operation ပိုင်းမှာ မြန်မြန်ဆန်ဆန်ဆုံးဖြတ်ချက်ပေးနိုင်၊ ဆောင်ရွက်လာနိုင်တာပါ။

အခုခင်ဗျားသိချင်တဲ့ လက်မှတ်ဝယ်တာ၊ ငွေချေတာ အချက်အလက်အားလုံးကိုလည်း ဒီထဲမှာ အကုန်ကြည့်၊ အကုန်သိနိုင်တယ်။ ဟိုအရင်က ခင်ဗျားပြောသလို လက်မှတ်ဝယ်ချင်ရင် ဒီရုံးအထိ အပြေးလာကြရတယ်။ လေယာဉ်စီးဖို့ကျတော့ မြို့ရဲ့ မြောက်ဘက်စွန်းအထိ ပြေးကြရတယ်။ တကယ့်ကို တောင်ထိပ်၊ မြောက်ထိပ်ပဲ။ အခုခေတ်လို ကားကျပ်တဲ့ကာလဆို လက်မှတ်ဝယ်ရတာကိုက တစ်ဒုက္ခဖြစ်နေမှာ။ နောက်တော့ Ticket Agent တွေပေးပြီး လက်မှတ်ရောင်းကြတယ်။ အခုလို Globalization ခေတ်ရောက်တော့ ကိုယ့်အိမ်ထဲကနေ၊ ရောက်ရာနေရာကနေ Online က လက်မှတ်မဝယ်နိုင်၊ ငွေမချေနိုင်လို့ကတော့ တခြားလေကြောင်းတွေကို ဘယ်လိုမှ ယှဉ်နိုင်မှာမဟုတ်ဘူး။ သေချာတယ်။

ကျွန်တော်တို့ လက်မှတ်တွေကို ဒီလိုလက်မှတ်ရောင်းတဲ့ ရုံးတွေမှာရော၊ ပေးထားတဲ့ ကိုယ်စားလှယ်တွေဆီကရော၊ Online ကရော ဝယ်နိုင်အောင်စီစဉ်ထားတယ်။ ဘယ်က ဝယ်ဝယ် အချုပ်ကတော့ ဒီစနစ်ထဲ အကုန်ဝင်သွားတာပဲ။ လက်မှတ်ဝယ်မယ်ဆိုရင် ဘယ်နေ့၊ ဘယ်အချိန် တွေမှာ ဘယ်ခရီးစဉ်ရှိတယ်၊ ဈေးနှုန်းတွေကဘယ်လို၊ ထိုင်ခုံ ကျန်၊ မကျန်၊ ဘယ်နေရာတွေ လွတ်၊ မလွတ်၊ ဘယ်နေ့နောက်အကျဆုံး confirm လုပ်ရမယ်၊ cancel လုပ်ရ၊ မရ သိချင်တာအကုန် Web Page က ဝင်ကြည့်နိုင်၊ လက်မှတ်မှာနိုင်၊ ငွေချေနိုင်တယ်ပေါ့။ ဒါမှပဲဖြစ်မယ်။ သူတကာနဲ့ယှဉ်ရောင်းနိုင်မယ်။ ဒေသတွင်း စပြေးပြီဆိုကတည်းက Online က ရောင်းနိုင်မှ အလုပ်ဖြစ်မယ်။ လက်မှတ်မှာပြီး ငွေချေတာကိုလည်း အခုဆို နိုင်ငံစုံက ငွေကြေးမျိုးစုံနဲ့ Online က ချေနေကြတာ။ တစ်ခါမှ မကြားဖူးတဲ့ငွေကြေး currency တွေ အမျိုးပေါင်း ၄၀ ကျော် လောက်ရှိတယ်။ ကျွန်တော်တို့က International Clearing House အဖွဲ့ဝင်ဖြစ်တဲ့အတွက် လက်မှတ်ရောင်းချမှုပိုလွယ်ကူသလို Credit Card နဲ့ဝယ်တဲ့အခါမှာလည်း Gate Way တွေထားပြီး ပြည်တွင်းဘဏ်တွေနဲ့ ချိတ်ဆက်ထားပါတယ်။

လက်မှတ်တန်ဖိုးကတော့ class ပေါ်မူတည်ပြီး ဈေးအနည်း၊ အများကွာမယ်။ ကိုယ်ဝယ်တဲ့အချိန်မှာ ကျန်မယ့်ထိုင်ခုံအရေအတွက်ပေါ်မူတည်ပြီး ဈေးအနည်း၊ အများကွာမယ်။ ဘာကြောင့်ဆို လက်မှတ်ဝယ်တဲ့အခါ သုံး၊ လေးလလောက်ထိကြိုဝယ်လို့ရတယ်။ စောစောဝယ်ရင် class တူပေမယ့် ထိုင်ခုံအများကြီးကျန်တော့ ဈေးနည်းမယ်။ ထိုင်ခုံလက်ကျန်နည်းလာတာနဲ့အမျှ software ကနေ ဈေးအလိုလိုတင်သွားတယ်။ ဒီတော့ အနီးကပ်မှ ဝယ်ရင် ထိုင်ခုံလက်ကျန်နည်းသွားတာမို့ class တူပေမယ့် ဈေးကပိုသွားတယ်။ ပြီးတော့ စောစောဝယ်ရင် ထိုင်ခုံကို ကိုယ့်စိတ်ကြိုက်နေရာကို ရွေးပြီးဝယ်လို့ရတယ်။ လက်မှတ်ဝယ်တဲ့အခါ အစားအသောက်နဲ့ပတ်သက်လို့ သီးခြားသတ်မှတ်ချက်နဲ့စားလိုတဲ့အခါ ဥပမာ သတ်သတ်လွတ်သမား၊ ဟာလာသမားတွေအဖို့ ကိုယ်ဘာစားလိုတယ်ဆိုတာလည်း ပြောလို့ရတယ်။

နောက်တစ်ခုက ကြိုတင်ဝယ်တဲ့အခါ လက်မှတ်သက်တမ်းနဲ့ဝယ်လို့လည်းရပါတယ်။ တချို့က ကိုယ်ခရီးသွားမယ့်ရက် မသေချာလို့ ပြင်ရင်ပြင်နိုင်အောင်၊ လက်မှတ်လည်း မရ မရှိအောင်ဆိုရင် သက်တမ်း တစ်နှစ်လက်မှတ်မျိုးဝယ်ကြတယ်။ အဲဒီလိုလက်မှတ်ဆိုရင် တစ်နှစ်အတွင်း မှာတဲ့ရက် မသွားဖြစ်ရင် ရက်ချိန်းလို့ရမယ်ပေါ့။ ဒါကြောင့် လက်မှတ်အမျိုးအစားကို တစ်လသက်တမ်း လက်မှတ်၊ နှစ်လသက်တမ်းလက်မှတ်၊ တစ်နှစ်သက်တမ်း လက်မှတ်စသည်ဖြင့် ခွဲထားသလို ကိုယ်ကြိုက်တဲ့ အမျိုးအစားကို ဝယ်နိုင်ပါတယ်။ တစ်ခုပဲရှိတယ်။ သက်တမ်းကြာတဲ့လက်မှတ်က အခွင့်အလမ်းသာတဲ့အတွက် ဈေးတော့ ပိုနည်းတာပေါ့။

စီအီးအိုက စိတ်အားထက်သန်စွာ ရှင်းပြနေပါသည်။ တကယ်တော့ ခရီးသွားများအဖို့ E-Ticketing စနစ်ကို ယခုလို ဂယနဏသိကြဖို့ လိုပါသည်။ သို့မှသာ ကြိုတင်လက်မှတ်ဝယ်လျှင် မည်သို့သော အားသာချက်များ ရှိမည်ကို သိရှိဝယ်ယူနိုင်ကြမည်ဖြစ်သည်။

"ဒါပေမယ့် E-Ticketing မှာ ဆိုးတာတစ်ခုတော့ ရှိတယ်ဗျ"ဟု စီအီးအိုက ပြောသည်။ "အဲဒါကတော့ အီလက်ထရွန်နစ်စနစ်က သူငယ်ချင်းမှန်းမသိတာဘဲ" ဟု ဆိုသည်။ "ဗျာ ဘယ်လိုခင်ဗျ၊ သူငယ်ချင်းမှန်းမသိတာ" ဟု ကျွန်တော်တအံ့တသြပြန်မေးတော့ စီအီးအိုက ရယ်ပါသည်။ "အေးဗျ ပြောပြရဦးမယ်။ ကျွန်တော့်သူငယ်ချင်းတွေက ခရီးသွားတဲ့အခါ ကျွန်တော့်လေကြောင်းကို အားပေးချင်တော့ MNA ကိုစီးတယ်။ ဒါပေမယ့် လုပ်ငန်းအနေအထားအရ ကြိုရက်သတ်လို့ မရနိုင်တော့ နီးမှဝယ်တာပေါ့။ ဒီတော့ ဆယ်ခါမှာ ရှစ်ခါလောက်က သူတို့လိုချင်တဲ့ခုံ မရဘူးဗျ။ ဒီထက်ဆိုးတာရှိသေးတယ်။ သူတို့သွားချင်တဲ့ရက်မှာ Full Book ဖြစ်နေလို့ လက်မှတ်မရတဲ့အခါတောင်ရှိတယ်။ သူတို့က ဘယ်ကြည်ကြမလဲ။ စီအီးအိုသူငယ်ချင်းတောင် လိုချင်တဲ့ ခုံမရ၊ သွားချင်တဲ့ ရက်မရ ဆိုးလှချည်လားတဲ့။ ကျွန်တော်က မျက်ဖြေစကားပြောရတယ်။ သူငယ်ချင်းရယ် ဒီ Zapways ဆိုတဲ့ကောင်က သူငယ်ချင်းမှန်း မသိလို့ပါလို့" စီအီးအို၏ အရွှန်းစကားအဆုံးတွင် ကျွန်တော်ပါ သဘောကျရယ်မောမိသည်။ "ကြိုက်သွားပြီ၊ စီအီးအိုခင်ဗျ၊ IT ဆိုတဲ့ကောင်က သူငယ်ချင်းမှန်းမသိဘူးဆိုတာ။"

ကျွန်တော်ကလည်း စီအီးအိုအား ရယ်စရာတစ်လှည့် ပြန်ပြောလိုက်မိပါသည်။ စီအီးအိုတို့လေကြောင်းကို တီဗွီမှာကြော်ငြာတဲ့ခါ ဒီလိုဆောင်ပုဒ်လေးနဲ့ကြော်ငြာလိုက်ပေါ့။

"နေရာ သေချာချင်သလား၊
ကြိုတင် ဘွတ်ကင်လုပ်ဖို့တော့လိုမယ်နော်"လို့။




**ကြိုတင်ဝယ်တဲ့အခါ လက်မှတ်သက်တမ်းနဲ့ဝယ်လို့လည်းရပါတယ်။ တချို့က ကိုယ်ခရီးသွားမယ့်ရက် မသေချာလို့ ပြင်ရင်ပြင်နိုင်အောင်၊ လက်မှတ်လည်း မရ မရှိအောင်ဆိုရင် သက်တမ်းတစ်နှစ် လက်မှတ်မျိုးဝယ်ကြတယ်။ အဲဒီလို လက်မှတ်ဆိုရင် တစ်နှစ်အတွင်းမှာတဲ့ရက် မသွားဖြစ်ရင် ရက်ချိန်းလို့ရမယ်ပေါ့။**

## ကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှု အခြေအနေ ကွင်းဆင်းစစ်ဆေး

**ဖားကန့် ဇန်နဝါရီ ၂၈**

ဖားကန့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြို့နယ်အတွင်းရှိ ကျေးလက်လမ်း၊ တံတားများကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၅ ဒသမ ၂ သန်းဖြင့် လုံးခင်းကျေးရွာအုပ်စု လယ်ပြင်-နန့်စန်း(၂) ကျေးလက်လမ်းပေါ်၌ ကွန်ကရစ်တံတားအမှတ်(၄) တည်ဆောက်ပြီးစီးမှုအခြေအနေကို ဇန်နဝါရီ ၂၈ ရက်နံနက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစိုးသန်းနှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် မြို့မိမြို့ဖများကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

လယ်ပြင်-နန့်စန်း(၂)ကျေးလက်လမ်းသည် နှစ်စဉ် မိုးရာသီ၌ရေကျော်၍ ပြည်သူများ သွားလာရခက်ခဲလေ့ရှိသောလမ်းဖြစ်သည်။ အဆိုပါလမ်းပေါ်တွင် ယခုတံတားအပါအဝင် တံတား ခုနစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများပြီးစီးပါက ဒေသခံပြည်သူများ ရာသီမရွေး အဆင်ပြေစွာ အသုံးပြုသွားလာနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

(၄၉၉)

## မူခင်းအသိပညာပေး ဟောပြော

**ရန်ကုန် ဇန်နဝါရီ ၂၈**

ရန်ကုန်မြို့ အင်းစိန်မြို့နယ် စဥ့်ငူရပ်ကွက်ရှိ သာသနာ့ရက္ခိတမွှောရုံတွင် ဇန်နဝါရီ ၂၆ ရက် ည ၇ နာရီက မူခင်းအသိပညာပေး ဟောပြောပွဲကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းသိန်းနှင့် တာဝန်ရှိသူများက မူခင်းမဖြစ်ပေါ်ရေး ကြိုတင်ကာကွယ်ရေးကိစ္စရပ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မျိုးသန့်**(IPRD)

ပြည်တွင်းရေးရာ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆေးဝါးကုသမှု ခံယူနေသည့် ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးအား ဖူးမြော်ကြည်ညို



**နေပြည်တော် ဇန်နဝါရီ ၂၈**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ ညနေပိုင်းတွင် မန္တလေးပြည်သူ့ ဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်တွင် ဆေးဝါး ကုသမှု ခံယူနေသည့် မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ရွှေကျင်သာသနာပိုင် ဘဒ္ဒန္တအဂ္ဂိယအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ဆေးရုံအုပ်ကြီးနှင့်တွေ့ဆုံ၍ ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေကို မေးမြန်းပြီး ဆရာတော်ကြီးအား နေ့ညမပြတ်စောင့်ကြပ် ကုသပေးလျက်ရှိသော ပြည်သူ့ဆေးရုံကြီးရှိ ကျန်းမာရေးဝန်ထမ်းများအတွက် ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်သည်။

ရွှေကျင်သာသနာပိုင်ဆရာတော်ကြီးသည် အသက်အရွယ်ကြီးရင့်ပြီး ကျန်းမာရေး မကောင်းသဖြင့် ဇန်နဝါရီ ၁၂ ရက်မှစ၍ မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်တွင် ဆေးဝါးကုသမှုခံယူနေခြင်းဖြစ်ကြောင်းနှင့် ယခုနှစ် တန်ခူးလတွင် ဆရာတော်ကြီး၏သက်တော် (၁၀၀)ပြည့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကူးစက်ရောဂါသင့် နာဂလူမျိုးများ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ရန်ပုံငွေပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၈**
"ကူးစက်ရောဂါသင့် နာဂ လူမျိုးများ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ရန်ပုံငွေပွဲ"ကို ယနေ့ ညပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံတွင် ကျင်းပသည်။



ရှေးဦးစွာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက နာဂဒေသတွင် ကူးစက်မြန်ရောဂါ ဖြစ်ပွားစဉ်က သွားရောက်ကူညီထောက်ပံ့မှုနှင့် ကျန်းမာရေး ကူညီစောင့်ရှောက်မှုပေးခဲ့သည့်အပေါ် ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဖွင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ ဇေကမ္ဘာကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးခင်ရွှေက ထပ်ဆင့် အမှာစကားပြောကြားပြီး နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှု ဗဟိုနာယက ဦးမြတ်ကိုက နာဂဒေသနှင့် လူမျိုးအကြောင်းအကျဉ်းတင်ပြခြင်းနှင့် နာဂတိုင်းရင်းသူ ရုပ်ရှင်နှင့် ဗီဒီယို သရုပ်ဆောင် မာရီကိုးလ်က ပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နာဂ ရိုးရာ ဟစိတ် အကဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ ကူးစက်ရောဂါ ခံစားရသော နာဂလူမျိုးများ၏ မှတ်တမ်း ဗီဒီယိုကိုပြသခြင်း၊ သာဒီးလူ ပရဟိတ တေးသီချင်းဖြင့် ဖျော်ဖြေခြင်း၊ နာဂရိုးရာ မျိုးနွယ်စု ခုနစ်စု၏ ဝတ်စားဆင်ယင်မှုအား တင်ဆက်ခြင်း၊ နာဂတေးသီချင်းများဖြင့်ဖျော်ဖြေတင်ဆက်ခြင်း၊ နာဂဒေသ လူမှုဘဝ အခြေအနေမှတ်တမ်း ဗီဒီယို (Documentary) တင်ဆက်ပြသခြင်းနှင့် ပါရာမျိုးနွယ်စု အကဖြင့် ဖျော်ဖြေတင်ဆက်မှုတို့အပြင် နာဂရိုးရာအကအဖွဲ့ (ရန်ကုန်)မှ ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါပွဲတွင် နာဂတောင်တန်းဒေသမှ ရိုးရာအကအဖွဲ့များ၏ လှပထူးခြားဆန်းပြားသောအကများဖြင့် တင်ဆက်ဖျော်ဖြေခြင်းများအပြင် နိုင်ငံကျော် ဂီတ၊ ရုပ်ရှင်အနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်းများနှင့် ယဉ်ကျေးမှုရိုးရာ ဝတ်စားဆင်ယင်မှုများ၊ ခေတ်မီဆန်းသစ်သော (Modernize) ပြုလုပ်ထားသည့် နာဂရိုးရာ အဆင်အထည်များကို နာမည်ကြီး ( Super Models) များက သရုပ်ပြဝတ်ဆင်ကာ ပါဝင်ကူညီအားဖြည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး(ပဏ္ဍိတ)**
**ဓာတ်ပုံ-ရဲထွဋ်(သတင်းစဉ်)**

○ **ကျောဖုံးမှ**
နှစ်ရာသီဆက်အနိုင်ရခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းမှာ ပထမဆုံး ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။

ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲလုပ်လာပြီး GFA နှင့်ပွဲတွင် လူစားလဲဝင်ရောက်ပြီး ခြေစွမ်းပြခဲ့သည့် ကင်မ်နှင့် စိုးမင်းဦးတို့ကို ပွဲစကတည်းက အသုံးပြုခဲ့သည်။ ဇွဲကပင်အသင်းတွင်လည်း အသင်းခေါင်းဆောင် လတ်ကိုကိုအေး ပြန်ပါလာပြီး လူစုံအသုံးပြုခဲ့သည်။ ကစားပုံမာကျောသည့် ဇွဲကပင်အသင်းသည် ယခုပွဲတွင်လည်း ရှမ်းယူနိုက်တက်ကို ဖိအားပေးကစားနိုင်ခဲ့ပြီး ရှမ်းယူနိုက်တက်အသင်း ရုန်းကန်ခဲ့ရသည်။ ပထမပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း ပိုဖိကစားနိုင်ခဲ့သော်လည်း ဇွဲကပင်နောက်တန်းကို မကျော်နိုင်ခဲ့ပေ။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ကစားသမားအပြောင်းအလဲလုပ်ကာ တိုက်စစ်အားမြှင့်ခဲ့ပြီး ဇွဲကပင်အသင်းမှာ တန်ပြန်တိုက်စစ်ဖြင့်သာ ကစားခဲ့သည်။ ၆၅ မိနစ်တွင် ဇွဲကပင်အသင်း အနိုင်ဂိုးရခဲ့ပြီး ပင်နယ်တီမှတစ်ဆင့် ဒိုနယ်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း တိုင်ထိထွက်ခြင်း၊ ဇွဲကပင်ဂိုးသမား နိုင်ဇေယျာထွန်း ကာကွယ်နိုင်ခဲ့၍ ဇွဲကပင်အသင်း နိုင်ပွဲရခဲ့ခြင်းဖြစ်သည်။

YUSC ကွင်း၌ ကျင်းပသောပွဲတွင် ရန်ကုန်အသင်းက ရောဝတီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းသည် အိမ်ကွင်းတွင် နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့ပြီး တိုက်စစ်မှူး အီမီကာက မိနစ် ၆၀ နှင့် မိနစ် ၇၀ တွင် အနိုင်ဂိုးများ ပြန်လည်သွင်းယူခဲ့သည်။ ဝဏ္ဏသိဒ္ဓိကွင်း၌ကျင်းပသောပွဲတွင် နေပြည်တော်က ချင်းယူနိုက်တက်ကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ နေပြည်တော်အတွက်ဂိုးများကို ဒီယာရာ၊ တာကူမူနှင့် ရန်ခ တို့က သွင်းယူပေးခဲ့ပြီး ချင်းအတွက် ချေပဂိုးနှစ်ဂိုးစလုံးကို ကိုဖီက သွင်းယူခဲ့သည်။

ပွဲစဉ်(၃)တတိယနေ့ကို ဇန်နဝါရီ ၂၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မော်လမြိုင်ကွင်း၌ Southern နှင့် GFA ၊ ဝေဘာလီကွင်း၌ ရခိုင်နှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်**

# ပျောက်ဆုံးနေသည့် ကျေးရွာအုပ်ချုပ်ရေးမှူး ရွှံ့အိုင်ထဲတွင် သေဆုံးလျက်တွေ့ရှိ

**မောင်တော ဇန်နဝါရီ ၂၈**
မောင်တောမြို့နယ် ငန်းချောင်းရဲကင်းစခန်း၌ လူပျောက်တိုင်ကြားထားသော ကြက်ရိုးပြင်ကျေးရွာ ခေတ္တအုပ်ချုပ်ရေးမှူး ဇော်ကီမူဟာမတ် (၃၃) နှစ်အား ရွှံ့ညွန်အိုင်ထဲ၌ မှောက်လျက်သေဆုံးနေကြောင်း တွေ့ရှိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၆ ရက် မွန်းလွဲပိုင်းက ပျောက်ဆုံးနေသော ကြက်ရိုးပြင်ကျေးရွာ ခေတ္တအုပ်ချုပ်ရေးမှူး ဇော်ကီမူဟာမတ်အား ၎င်း၏ အစ်ကိုဖြစ်သူ ဒီမာမတ်က လိုက်လံရှာဖွေခဲ့ရာ ဇန်နဝါရီ ၂၈ ရက် နံနက် ၁၁ နာရီတွင် ပြောင်ပိုက်ကျေးရွာ အနောက်တောင်ဘက်ရှိ ရွှံ့ညွှန်အိုင်ထဲ၌ နစ်မြုပ်၍ မှောက်လျက်သေဆုံးနေကြောင်း တွေ့ရှိရသဖြင့် ငန်းချောင်းရဲကင်းစခန်းသို့ လာရောက်သတင်းပို့လာသောကြောင့် သွားရောက်စိစစ်ခဲ့ကြသည်။

အလောင်းအား စစ်ဆေးရာ ယာပါးပြတ်ရှဒဏ်ရာ တစ်ချက်၊ ယာနံဘေးထိုးသွင်းဒဏ်ရာ နှစ်ချက်၊ လည်ပင်းလှီးပြတ်ဒဏ်ရာ နှစ်ချက်၊ ယာဒူးပြတ်ရှဒဏ်ရာ တစ်ချက်၊ ဝဲရင်အုံထိုးသွင်းဒဏ်ရာ တစ်ချက်၊ ဝဲလက်ကောက်ဝတ် ပြတ်ရှဒဏ်ရာ တစ် တစ်ချက်တို့ဖြင့် သေဆုံးနေကြောင်း၊ သေဆုံးသူ၏ အလောင်းအား မောင်တောဆေးရုံသို့ ပို့ဆောင်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးသတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

# ကျီးကန်းပြင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၈**
ကျီးကန်းပြင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ပါဝင်ခဲ့သူတစ်ဦးအား ယနေ့ နံနက်ပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



တောင်ဘဇာနယ်မြေရဲစခန်းမှ ပူးပေါင်းအဖွဲ့သည် သတင်းအရ ကျီးကန်းပြင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား စုံစမ်းဖော်ထုတ်ရာ ယနေ့ နံနက် ၄ နာရီတွင် ရော်ရှီအာမတ် (၃၂) နှစ်အား ၎င်းနေအိမ်၌ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ရော်ရှီအာမတ်သည် ကျီးကန်းပြင်သို့ ဝင်ရောက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ပါဝင်ခဲ့သူဖြစ်ပြီး တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

# ဂုတ်တွင်းလမ်းပြုပြင်မှုစစ်ဆေးပြီး ယာဉ်မောင်းများကို မြေပြင်တွေ့ဆုံဟောပြော

**ကျောက်မဲ ဇန်နဝါရီ ၂၈**
ကျောက်မဲမြို့ အမှတ်၁၂၀ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးချစ်စိန်နှင့် အဖွဲ့သည် ဇန်နဝါရီ ၂၇ ရက် နံနက် ၁၁ နာရီက ပြည်ထောင်စုကားလမ်းမကြီးပေါ်ရှိ ကျောက်မဲနှင့် နောင်ချိုမြို့နယ်စပ်မှ ဂုတ်တွင်းလမ်းပြုပြင်သည့်နေရာသို့ သွားရောက်ပြီး အိုရီယမ်တယ်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လမ်းထပ်ပိုးလွှာခင်းရန် လိုအပ်သည့်နေရာများအတွက် အကြံပြုဆွေးနွေးခဲ့သည်။

ဆက်လက်၍ မျက်ကွယ်ကြောနေရာများတွင် အတက်၊ အဆင်းယာဉ်များ အန္တရာယ်ကင်းရှင်းစေရေးအတွက် မှန်ခုံးအကြီးများ တပ်ဆင်ပေးရန်၊ အန္တရာယ်ရှိသော ကွေ့ကြောချောက်ဘက်ခြမ်းတွင် လိုအပ်နေသေးသည့် ဖြူနီကျား ကျောက်တိုင် စိုက်ထူပေးရန်တို့ကို ဆွေးနွေးအကြံပြုကြသည်။

ထို့နောက် လမ်းပြုပြင်နေစဉ်အတက်၊ အဆင်းယာဉ်များ၊ ခေတ္တရပ်နားထားသော ယာဉ်မောင်းသူများအား စုစည်း၍ ၂၀၁၇ ခုနှစ်ဆန်းပိုင်းတွင် ယာဉ်မတော်တဆမှုဖြစ်ပွား၍ ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် အန္တရာယ်ကင်းရှင်းရေး သတိပြုမောင်းနှင်ကြရန်၊ မည်သည့်အကြောင်းနှင့်မျှ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ မဖြစ်စေရန်၊ ထိုင်ခုံခါးပတ် အသုံးပြုရန်နှင့် အကျိုးရှိမှုကို သိစေရန်၊ ခရီးသည်များ၏လုံခြုံမှုကို အလေးထားဂရုစိုက်ရန်၊ ယာဉ်ကြီးမောင်း ယာဉ်ငယ်မောင်း ခွဲခြားမှုမရှိဘဲ ကိုယ်ချင်းစာတရားထား၍ မောင်းနှင်ကြရန်၊ အကူအညီလိုအပ်ပါက ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များထံ တောင်းခံရန်နှင့် မရှင်းလင်းလျှင် ရင်းနှီးပွင့်လင်းစွာဆွေးနွေးမေးမြန်းရန် စသည်တို့ကို မြေပြင်တွေ့ဆုံကာ ပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**သီပေါကိုလတ်**

# ကလေးစာပေပွဲတော်(မန္တလေး) ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ဒုတိယနေ့မြင်ကွင်း



ကလေးစာပေပွဲတော်(မန္တလေး)တွင် ပန်းချီပြိုင်ပွဲ လာရောက်ကြည့်ရှုသူများကို တွေ့ရစဉ်။
ဓာတ်ပုံ-သန်းဇော်မင်း(ပြန်/ဆက်)



စာအုပ်အရောင်းဆိုင်တစ်ဆိုင်၌ စိတ်ဝင်တစား စာအုပ်ဖတ်ရှုနေသည့် ကလေးငယ်တစ်ဦးကို တွေ့ရစဉ်။
ဓာတ်ပုံ-မင်းထက်အောင်(မန်းကိုယ်ပွား)



ကလေးစာပေပွဲတော်(မန္တလေး)တွင် ကာတွန်းပုံတူဆွဲနေသည်ကို လာရောက်ကြည့်ရှုသူများအား တွေ့ရစဉ်။
ဓာတ်ပုံ-သန်းဇော်မင်း(ပြန်/ဆက်)



ကလေးစာပေပွဲတော်(မန္တလေး)တွင် မျက်လှည့်ပြပွဲ လာရောက်ကြည့်ရှုသူများကို တွေ့ရစဉ်။
ဓာတ်ပုံ-သန်းဇော်မင်း(ပြန်/ဆက်)



ဂိမ်းကစားနည်းပြိုင်ပွဲတွင် ကလေးများ ပါဝင်ယှဉ်ပြိုင်စဉ်။
ဓာတ်ပုံ-သန်းဇော်မင်း(ပြန်/ဆက်)




ကလေးစာပေပွဲတော်(မန္တလေး)တွင် ဖျော်ဖြေရေးအစီအစဉ်များ လာရောက်ကြည့်ရှုသူများကို တွေ့ရစဉ်။
ဓာတ်ပုံ-သန်းဇော်မင်း(ပြန်/ဆက်)

# ရောင်စုံပန်းခင်းကြီးထဲမှာ လိပ်ပြာများ မြူးထူးပျံဝဲနေကြသလို စာပေပန်းခင်းကြီးထဲမှာလည်း ကလေးငယ်များ ပျော်မြူးနေကြပြီ

**မန္တလေး ဇန်နဝါရီ ၂၈**

"ကလေးစာပေပွဲတော်အကြောင်းကို တီဗွီနဲ့ သတင်းစာတွေမှာ ဖော်ပြနေတာတွေ့ပေမယ့် ဒီလောက်ကြီးစည်ကားနေမယ်လို့ ထင်မထားမိဘူး။ တကယ်လာကြည့်တော့မှပဲ စာအုပ်ဆိုင်တန်းကြီးမှာ လူတွေပြည့်ကျပ်နေတဲ့အပြင် ကျွန်မသမီးနဲ့သားမှာ ဒီဟာကို ကြည့်ရမလို၊ ဟိုဟာကို ပြိုင်ရမလိုနဲ့ ရွေးချယ်ချင်စရာတွေများလွန်းလို့ ပျော်နေလိုက်ကြတာ သူတို့ရဲ့အပျော်တွေက ကျွန်မဆီတောင် ကူးစက်လာပါတယ်ရှင်" ဟု သားနဲ့သမီးကိုလက်ဆွဲကာ ကလေးစာပေပွဲတော်ကိုလိုက်ပို့သည့် မိခင်ဖြစ်သူ ဒေါ်နီနီအေးက ပွဲတော်၏မြင်ကွင်းကို ယခုလို ဝမ်းသာအားရ ပြောကြားခဲ့သည်။

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်(MIIT)တွင် ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ ကျင်းပလျက်ရှိသော ကလေးစာပေပွဲတော်ကြီးကို မန္တလေးတိုင်းဒေသကြီးတစ်ခုလုံးရှိ အခြေခံပညာကျောင်းများ ကိုယ်ပိုင်ကျောင်းများနှင့် ဘ/က ကျောင်းများမှ ကျောင်းသား ကျောင်းသူများ တက်ကြွရွှင်လန်းစွာလာရောက်၍ စာပေဖတ်ရှုလေ့လာခြင်းများ၊ ပြိုင်ပွဲအသီးသီးများနှင့် ကစားနည်းမျိုးစုံတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ပျော်မြူးနေကြသည့်ပုံရိပ်များကို အမျိုးမျိုးတင်စားပြောဆိုနေကြသည်။

"ဒီစာပေပွဲတော်ကြီးမှာ ကလေးငယ်တွေပြည့်ကျပ်ပြီး သွက်လက်ပျော်ရွှင်နေကြတဲ့ ပုံရိပ်တွေဟာ ရောင်စုံပန်းခင်းကြီးထဲမှာ လိပ်ပြာအုပ်ကြီး ဝင်ရောက်မြူးထူးပျံဝဲနေကြသလိုမျိုးနဲ့ နှိုင်းယှဉ်မိပါတယ်"ဟု မန္တလေးမြို့ခံစာရေးဆရာတစ်ဦးက မှတ်ချက်ပြုပြောဆိုသည်။



ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်သို့ လာရောက်ကြည့်ရှုလေ့လာသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

အဆိုပါပွဲတော်ကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပကာ Hepta mix အဖွဲ့က ဦးဆောင်၍ အခမ်းအနားအပြင်အဆင်နှင့် လိုအပ်သောကူညီထောက်ပံ့မှုများရရှိရန် ဆောင်ရွက်ပေးခဲ့ပြီး ယခုစာပေပွဲတော်ကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း Hepta mix အဖွဲ့ခေါင်းဆောင် ကိုကျော်ဝဏ္ဏဆွေက ပြောသည်။

"ပွဲတော်ပထမနေ့မှာ ဖွင့်ပွဲအခမ်းအနားနဲ့ ဖျော်ဖြေပွဲမှာ တက်ရောက်တဲ့ ကျောင်းသား ကျောင်းသူတွေ၊ ဖိတ်ကြားထားသူတွေအတွက် ထမင်းဘူး ၁၅၀၀၊ ရေသန့်ဘူးနဲ့ အချိုရည်ဘူးတွေကို ရွှေဘဲစားသောက်ဆိုင်က အကူအညီပေးတဲ့အပြင် နောက်ထပ်နှစ်ရက်မှာလည်း ထမင်းဘူး ၁၀၀၀ နဲ့ ရေသန့်၊ အချိုရည်ဘူးတွေ ထပ်ပြီး ထောက်ပံ့ပေးမှာပါ။ ပွဲတော်လာပြည်သူတွေအားလုံးအတွက် အာရှအချိုရည်ဘူးတစ်သောင်းကို အဲဒီကုမ္ပဏီက ပွဲတော်ရက်အတွင်း နေ့စဉ်ကူညီပေးသွားမှာပါ။ ဒါ့အပြင် Lucky သောက်ရေသန့်ကလည်း ပွဲတော်ကာလအတွင်း ရေသန့်ဘူး တစ်သောင်းကို ဖြန့်ဝေပေးမှာပါ"ဟု ၎င်းက ရှင်းလင်းပြောကြားသည်။

ထို့အပြင် ပွဲတော်ကာလအတွင်း လာရောက်လေ့လာသူအင်အားကို နှစ်သောင်းခန့်မှန်းထားသော်လည်း ပွဲတော်ပထမနေ့၌ပင် နှစ်သောင်းခုနစ်ထောင်ကျော် ဝင်ရောက်လာကာ ဒုတိယရက်တွင် လေးသောင်းကျော် ဝင်ရောက်လျက်ရှိပြီး စာအုပ်အရောင်းဆိုင်ပေါင်းမှာလည်း ၁၀၄ ဆိုင် ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ပွဲတော်ပထမနေ့မှာပင် ငွေကျပ်သိန်းပေါင်း ၂၄၀ ကျော်ဖိုး ရောင်းချခဲ့ရကြောင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက ပြောကြားသည်။

"ပွဲတော်ဖွင့်ချိန်က နံနက် ၉ နာရီဆိုပေမယ့် ၈ နာရီကတည်းက ပွဲတော်အဝင်လမ်းမှာ ကားတွေ၊ ဆိုင်ကယ်တွေနဲ့ ပြည့်ကျပ်နေတယ်။ ဒီပွဲတော်ရဲ့အောင်မြင်မှုကတော့ မျက်မြင်ပါပဲဗျာ။ ကျောင်းသား ကျောင်းသူ၊ မိဘပြည်သူအားလုံးသာမက စာအုပ်အရောင်းဆိုင်တွေလည်း ရောင်းအားကောင်းလို့ ပျော်ရွှင်နေကြတယ်။ ဘယ်လောက်အထိ စည်ကားသလဲဆိုရင် သင်္ကြန်ကာလ ကျုံးပတ်လည်မှာ စည်ကားပျော်ရွှင်နေသလိုမျိုးကိုဖြစ်နေတယ်"ဟု ၎င်းက ပြောသည်။

ယခုကျင်းပလျက်ရှိသည့် ကလေးစာပေပွဲတော်တွင် ရန်ကုန်မြို့မှ ဖွင့်လှစ်ရောင်းချသည့် နိုင်နိုင်စာအုပ်အရောင်းဆိုင်ကလည်း "စာအုပ်လေးထောင်ယူလာတာ တစ်ရက်တည်းနဲ့ ကုန်သွားလို့ ထပ်မှာထားရတယ်။ ကျောင်းပေါင်းစုံက ကားတွေအသီးသီးနဲ့ စုစုစည်းစည်း အားတက်သရောလာကြတဲ့အပြင် မိဘတွေကလည်း ကလေးပူဆာသမျှ မငြိုမငြင်ဝယ်ပေးနေတဲ့မြင်ကွင်းက ကြည်နူးစရာပါပဲ" ဟု မှတ်ချက်ပြုခဲ့သည်။

ကျောင်းသား ကျောင်းသူများ လွတ်လပ်ပေါ့ပါး၍ ပျော်ရွှင်ကြည်နူးမှု ပုံရိပ်များဖန်တီးပေးခြင်းသည် ၎င်းတို့၏ ဉာဏ်ရည်ဖွံ့ဖြိုးမှုကို အထောက်အကူပြုစေနိုင်သဖြင့် အမှန်တကယ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့် အဆိုပါ ကလေးစာပေပွဲတော်ကို ထပ်မံပုံဖော်ပေးရန် ကလေးငယ်များနှင့် မိဘ၊ ဆရာများက မျှော်လင့်လျက်ရှိနေကြသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ဒုတိယနေ့ ကြိတ်ကြိတ်တိုးစည်ကား

**မန္တလေး ဇန်နဝါရီ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်း၍ ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို မြန်မာနိုင်ငံ၏အနာဂတ်တွင် ခေါင်းဆောင်များဖြစ်လာမည့် ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရန်၊ ကလေးများ၏ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်နှင့် ကလေးများ၏ အပြောအဆိုနှင့် နှုတ်မှုရေးရာ စွမ်းရည်များ မြင့်မားလာစေရန်၊ ကလေးများ စာပေနှင့် ရင်းနှီးပြီး ကလေးများ၏ပျော်ရွှင်မှုကို စာဖတ်ခြင်းဖြင့် ဖန်တီးပေးရန်ဟူသော ရည်ရွယ်ချက်တို့ဖြင့် ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ် (MIIT)တွင် ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ လာရောက်ကြည့်ရှုလေ့လာသူပရိသတ်အင်အား ငါးသောင်းကျော် လာရောက်ခဲ့သဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်တွင် အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ကလေးငယ်များ၊ မိဘ ပြည်သူများသည် စတင်ဖွင့်လှစ်သည့်အချိန်မှစ၍ ပိတ်သိမ်းချိန်အထိ အဖွဲ့လိုက်၊ မိသားစုလိုက် အဆက်မပြတ် လာရောက်လေ့လာကာ စာအုပ် စာပေအရောင်းဆိုင်များမှ စာအုပ်များကို ဝယ်ယူအားပေးလျက်ရှိကြသည်။

အဆိုပါပြပွဲ မြေညီထပ်တွင် ဆရာကြီးမင်းသုဝဏ်ရေးသားခဲ့သည့် ကဗျာနှင့် ကလေးစာပေများပြခန်း၊ စာအုပ်ဈေးရောင်းပွဲတော်၊ 3D ပြပွဲ၊ မျက်လှည့်ပြပွဲ၊ မျက်နှာဆေးရောင်ခြယ်ခြင်း၊ ရော်ဘာရွှံ့ရုပ်ပြုလုပ်ခြင်း၊ Team Building၊ Science Fair၊ အရုပ်ဆက်ကစားခြင်း၊ စကားပုံဆက်ကစားခြင်း၊ အိမ်ဆောက်လုပ်နည်းကစားခြင်း၊ စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲတို့၌ ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများအပြင် ပွဲတော်လာကလေးငယ်များကလည်း ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။



ကလေးများအတွက် ပုံတူရုပ်ပြောင်ရေးဆွဲခြင်းပြခန်းတွင် ကြည့်ရှုလေ့လာနေသူများဖြင့် စည်ကားနေစဉ်။

ပထမထပ်၌ မန္တလေးမြို့ရှိ ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများက ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကလေးစာကြည့်တိုက် ခင်းကျင်းပြသခြင်းနှင့် Power Ranger, Super Man ဇာတ်ကားများမှ ဇာတ်ကောင်များ၏ရုပ်ပုံများ ပြသထားရှိသည်။

ဒုတိယထပ်၌ နံနက်ပိုင်း စာပေဟောပြောပွဲ အစီအစဉ်တွင် ကဗျာဆရာ မောင်နိုင်လင်း(ကောလင်း)က နူးညံ့သောနှလုံးသားများ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာ စိုးဘားဒိုင်က ကလေးဖတ်ဖို့ ကလေးစာပေ၊ လူကြီးဖတ်ဖို့ ကလေးစာပေ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြပြီး မွန်းလွဲပိုင်းတွင် ကလေးတွေစာဖတ်ဖို့ စာကြည့်တိုက်ကို အခြေခံစို့ ကလေးစာပေမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ဆရာ သိုက်ထွန်းသက်၊ ဆရာမ ခင်သီတာလတ်(ရတနာပုံတက္ကသိုလ်)၊ ဆရာမ ခရမ်းပြာ၊ ဆရာ ညီညီဇော်နှင့် ဆရာမ ချိုချိုအေးတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်လာကြသည့် စာကြည့်တိုက်မှူးများ၊ စာပေဝါသနာရှင်များ၊ စာရေးဆရာများကလည်း ပါဝင်အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်၌ ကလေးစာပေဝိုင်းတွင် ကလေးငယ်များ ပါဝင်ဆွေးနွေးကြစဉ်။

## စာအုပ်စာပေ လူ့မိတ်ဆွေ

# ကလေးစာပေပွဲတော်မန္တလေး(ဒုတိယနေ့) လာရောက်သူများ အထူးစည်ကား

**မန္တလေး ဇန်နဝါရီ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော်(မန္တလေး)ကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်(MIIT)၌ ဇန်နဝါရီ ၂၇ ရက် မှ ၂၉ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ဇန်နဝါရီ ၂၈ ရက်(ဒုတိယနေ့)တွင် လာရောက်လည်ပတ်သူများဖြင့်အထူးစည်ကားလျက်ရှိသည်။

"ကလေးစာပေပွဲတော်ဒုတိယနေ့မှာ အလွန်ပဲစည်ကားလျက်ရှိပါတယ်။ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်လည်းဖြစ်တော့ လာရောက်လည်ပတ်သူတွေ အလွန်စည်ကားပါတယ်။ ပထမနေ့မှာ လာရောက်ကစားတဲ့ကလေးတွေက ကစားရတာ အလွန်ပျော်စရာကောင်းတော့ သူတို့တွေက ဒုတိယနေ့မှာလည်း လာရောက်ကစားကြတာတွေ့ရတယ်။ သူငယ်ချင်းတွေလည်းခေါ်လာတော့ ပိုစည်ကားသွားတာပါ။ ဒီမှာက ဖျော်ဖြေရေးအစီအစဉ်တွေ၊ ပြိုင်ပွဲတွေ၊ ဂိမ်းကစားတာတွေ ကလေးတွေအတွက် စုံစုံလင်လင်ရှိတော့ လာရောက်တဲ့ကလေးတိုင်းတအားပျော်ကြတယ်။ အလွန်ပဲစည်ကားပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက ပြောကြားသည်။

ကလေးစာပေပွဲတော်(မန္တလေး)ကို ဖျော်ဖြေရေးအစီအစဉ်များ၊ ပြပွဲ/ပြိုင်ပွဲများ၊ ဟောပြောပွဲများ၊ ကလေးစာပေမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲများ၊ ဂိမ်းကစားခြင်းများ၊ စာအုပ်အရောင်းဆိုင်များ၊ ပြခန်းများ အစရှိသည်တို့ကို ကလေးများအတွက် ကဏ္ဍအလိုက် စုံစုံလင်လင်ပါဝင်သောကြောင့် လာရောက်လည်ပတ်သူများ အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-သန်းဇော်မင်း(ပြန်/ဆက်)**

■



ကလေးစာပေပွဲတော်၌ ရော်ဘာရုပ်များ ပြုလုပ်နေကြစဉ်။



ကလေးစာပေပွဲတော်၌ ခြင်းအလှခတ်ပြိုင်ပွဲ ယှဉ်ပြိုင်နေစဉ်။

# ကလေးစာပေပွဲတော် ဒုတိယနေ့ စည်ကားများပြား

**မန္တလေး ဇန်နဝါရီ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ကလေးစာပေပွဲတော် ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်(MIIT)၌ ဆက်လက်ကျင်းပခဲ့သည်။

ကလေးစာပေပွဲတော် ဒုတိယနေ့တွင် ပရိသတ်ဦးရေ ငါးသောင်းကျော် လာရောက် ပါဝင်ဆင်နွှဲခဲ့ကြသည်။ ဂိမ်းကစားနည်းပြိုင်ပွဲများ၌ Team Building Game တွင် ပွဲစဉ်ပေါင်း ၉၁၉ ပွဲ ယှဉ်ပြိုင်ကစားခဲ့ပြီး ပြိုင်ပွဲဝင်ဦးရေမှာ ၅၀၀၀ ကျော်ရှိပြီး ဆုရရှိသူဦးရေ ၂၄၁၄ ဦး၊ စက္ကူခေါက်ပြိုင်ပွဲတွင် ၁၂၅၂ ဦး၊ ပန်းချီပြိုင်ပွဲတွင် ၃၆၇ ဦး၊ စကားပုံဆက်ပြိုင်ပွဲတွင် ၄၂၀၊ အရုပ်ဆက်ပြိုင်ပွဲတွင် ၉၀၀၊ အိမ်ဆောက်ပြိုင်ပွဲတွင် ၄၈၀၊ ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ၅၅၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။ စာပေဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲသို့ ၄၂၀ တက်ရောက်ခဲ့ကြသည်။

အဆိုပါပွဲတော်သို့ လာရောက်ကြည့်ရှုကြသည့် ပရိသတ်များအား ကိုယ်ပိုင်ကျောင်း ၃၆ ကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ကပြဖျော်ဖြေခဲ့ကြသည်။

ယင်းနောက် ပွဲတော်အတွင်း ရောင်းချလျက်ရှိသည့် စာအုပ်ဆိုင်များတွင် ဘာသာရပ်ဆိုင်ရာ လေ့လာနည်းစာအုပ်၊ ယဉ်ကျေးလိမ္မာနှင့် ပုံပြင်ပြောစာအုပ်များ အများဆုံး ရောင်းချခဲ့ရကြောင်းသိရှိရသည်။ **(ပြန်/ဆက်)**



**ကလေးစာပေပွဲတော်၌ ကျပန်းစကားပြောပြိုင်ပွဲ ပြုလုပ်နေစဉ်။** *ဓာတ်ပုံ-တင်မောင်(မန်းကိုယ်ပွား)*



**ကလေးစာပေပွဲတော်၌ နံရံကပ်စာစောင်များ ပြသထားစဉ်။** *ဓာတ်ပုံ-တင်မောင်(မန်းကိုယ်ပွား)*



**ကလေးစာပေပွဲတော်၌ ကလေးများ အရုပ်ဆက်ကစားပွဲ ပါဝင်ဆင်နွှဲစဉ်။** *ဓာတ်ပုံ-တင်မောင်(မန်းကိုယ်ပွား)*

ပြည်တွင်းရေးရာ

# ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဒုတိယနေ့ကျင်းပ၊ လူဦးရေ ငါးသောင်းကျော်ပါဝင်ဆင်နွှဲ

**မန္တလေး ဇန်နဝါရီ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ဒုတိယနေ့ကို ယနေ့ဆက်လက်ကျင်းပရာ ကလေးများကျောင်းပိတ်ရက် စနေနေ့ဖြစ်၍ ပထမနေ့ကထက် ပိုမိုများပြားစွာ လာရောက်ဆင်နွှဲကြကြောင်း တွေ့ရသည်။

ပွဲတော်စတင်ကျင်းပသည့် နံနက် ၉ နာရီမှ ပွဲတော်သိမ်းချိန် ညနေ ၅ နာရီအထိ တစ်နေကုန်လာရောက်သူများ မစဲဘဲရှိရာ ယနေ့တွင် ငါးသောင်းကျော်ရှိကြောင်း ခန့်မှန်းတွက်ချက်သူများထံမှ သိရသည်။ ကျောင်းပိတ်ရက်ဖြစ်၍ မန္တလေးမြို့ပေါ်ရှိ ကလေးများသာမက မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့အတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၊ ပုဂ္ဂလိကကျောင်းများမှ ကျောင်းသား ကျောင်းသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက လည်းကောင်း၊ ကလေးမိဘများက ၎င်းတို့၏ကလေးများကို လည်းကောင်း ကလေးစာပေပွဲတော်သို့ လိုက်ပါပို့ဆောင်ပြီး ပါဝင်ဆင်နွှဲစေ၍ ယခုကဲ့သို့စည်ကားများပြားခဲ့ခြင်းဖြစ်သည်။

ပွဲတော်တွင် မန္တလေးမြို့ရှိ ပုဂ္ဂလိကကျောင်းများမှ ကျောင်းသားကျောင်းသူများ၏ ဖျော်ဖြေရေးအစီအစဉ် ၃၈ ခုဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြသည့် ပုံပြင်ပြောပြိုင်ပွဲ၊ မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြသည့် ကျပန်းစကားပြောပြိုင်ပွဲများကို ကျင်းပရာ ကျောင်းသား ကျောင်းသူများက အားတက်သရော ပါဝင်ယှဉ်ပြိုင်ကြရာ ဒိုင်များက အကဲဖြတ်အမှတ်ပေးခဲ့ကြပြီး ဆုများပေးအပ်သွားမည်ဖြစ်သည်။

ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများ၊ ပွဲတော်သို့လာရောက်သည့် ကလေးငယ်များ ပါဝင်ယှဉ်ပြိုင်ကြသည့် စက္ကူခေါက်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲများတွင်လည်းကောင်း၊ အုပ်စုလိုက် စည်းလုံးညီညွတ်စွာဖြင့် အပေးအယူ မျှမျှတတဖြင့် ယှဉ်ပြိုင်ကစားရသည့် Team Building Game များတွင် ကလေးများ တပျော်တပါး ပါဝင်ယှဉ်ပြိုင်ကစားကြရာ ပွဲစီစဉ်သူများက ပွဲစဉ်အလိုက် ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

စာပေဟောပြောပွဲတွင် ကဗျာဆရာ မောင်နိုင်လင်း (ကောလင်း)က "နူးညံ့သော နှလုံးသားများဖြင့်"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာစိုးဘားဒိုင်က "ကလေးဖတ်ဖို့ကလေးစာပေ လူကြီးဖတ်ဖို့ ကလေးစာပေ" ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောခဲ့ကြသည်။ ဆရာသိုက်ထွန်းသက်၊ ဆရာမ ခင်သီတာလတ် (ရတနာပုံတက္ကသိုလ်)၊ ဆရာမ ခရမ်းပြာ၊ ဆရာမဖြူဖြူဝင်း (မြန်မာစာ)တို့က "ကလေးတွေစာဖတ်ဖို့ စာကြည့်တိုက်ကိုအခြေခံစို့" ခေါင်းစဉ်ဖြင့် ကလေးစာပေမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့သည်။

အခြားကလေးများ စိတ်ဝင်စားစရာအစီအစဉ်များအဖြစ် ပတ်ဝန်းကျင်ပုံရိပ်များနှင့် 3Dနည်းပညာများဖြင့် ဖန်တီးထားသော ပုံရိပ်များပေါင်းစပ်ကာ ပတ်ဝန်းကျင်အမျိုးမျိုးအပေါ် ကြည့်ရှုခံစားရသည့် နည်းပညာပြခန်း၊ သိပ္ပံဆိုင်ရာ ပစ္စည်းများနှင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ပြသလျက်ရှိသည့်ပြခန်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာပေးခြင်း၊ လိပ်ပြာနှင့်အခြားအင်းဆက်များကို ပြသထားသည့်ပြခန်း၊ ကလေးစာကြည့်တိုက်များခင်းကျင်းပြသထားသည့်ပြခန်းများကို ဝင်ရောက်လေ့လာကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ အခြားသော စိတ်ဝင်စားစရာများအဖြစ် အရုပ်ဆက်ခြင်း၊ စကားပုံဆက်ခြင်း၊ အိမ်ဆောက်ကစားခြင်း၊ ရော်ဘာရွံ့ရုပ်ပြုလုပ်ခြင်း၊ မျက်နှာဆေးရောင်ခြယ်ခြင်းများကို ပါဝင်ဆင်နွှဲစေပြီး အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။

ပွဲတော်တွင် လာရောက်ရောင်းချသည့် စာအုပ်အရောင်းဆိုင်များတွင် ပွဲတော်လာပရိသတ်များက များစွာဝယ်ယူကြရာ ပွဲသိမ်းပြီးချိန်အထိ ဝယ်ယူမှုများရှိနေကြောင်း သိရသည်။ ဘာသာရပ်ဆိုင်ရာများကို လွယ်ကူစွာလေ့လာသင်ယူနိုင်ရန်စာအုပ်များ၊ ဘာသာရေးကိုအခြေခံ၍ ပြုစုထားသည့် ယဉ်ကျေးလိမ္မာစာပေများ၊ ပုံပြင်နှင့် အခြားကလေးစာပေစာအုပ်များမှာ ပြတ်လပ်လုနီးပါးအထိ ရောင်းချခဲ့ကြပြီး အခြားသောသုတ ရသစာအုပ်များလည်း အထူးရောင်းကောင်းခဲ့ကြောင်း စာအုပ်အရောင်းဆိုင်များထံမှ သိရသည်။ ပွဲတော်တွင် နိုင်ငံတစ်ဝန်းလုံးမှ စာအုပ်အရောင်းဆိုင်ပေါင်း ၁၀၄ ဆိုင် လာရောက်ရောင်းချခဲ့ကြပြီး ပထမနေ့က ကျပ်သိန်းပေါင်း ၂၄၀ ကျော်ဖိုး ရောင်းချခဲ့ရကြောင်း သိရသည်။

**အေးမြ (မန္တလေး)**






ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဒုတိယနေ့တွင် ကလေးငယ်များ ပန်းချီရေးဆွဲနေကြစဉ်။ ဓာတ်ပုံ-တင်မောင်(မန်းကိုယ်ပွား)



ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဒုတိယနေ့တွင် လာရောက်ကြည့်ရှုသူပရိသတ်များ ပိုမိုများပြားလာသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-တင်မောင်(မန်းကိုယ်ပွား)

# အပန်းဖြေစရာ စာဈေးတန်းမှာ ရှာလှည့်ပါ

ယနေ့ စနေနေ့၊ အများပြည်သူအားလပ်ရက်၊ ရန်ကုန်မြို့ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း ဝန်ကြီးများရုံးရှေ့နှင့် ဗဟိုပုံနှိပ်တိုက်ရှေ့မျက်နှာစာတို့၌ စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်ဈေးလမ်း စာအုပ်ဈေးတန်းကို နံနက်စောစောပိုင်းမှ စတင်ကာ လေးပတ်မြောက်အဖြစ် ဆက်လက်ဖွင့်လှစ်သည်။

စာအုပ်ဈေးတန်းတွင် စာပေမြတ်နိုးသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လေ့လာသူ ဝယ်ယူသူ၊ လူကြီး လူငယ် လူရွယ် အရွယ်စုံများအပြင် နိုင်ငံခြားသားခရီးသွားဧည့်သည်များဖြင့်ပါ တစ်နေကုန် စည်ကားခဲ့သည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၇ ရက် (စနေနေ့) စာအုပ်ဈေးတန်းပထမဆုံး ဖွင့်စဉ်က စာအုပ်ဆိုင်ပေါင်း ၁၀၀ ခန့်သာရှိသည်။ စာချစ်သူများ၏ အားပေးမှုကြောင့် ယနေ့တွင် စာအုပ်ဆိုင်ပေါင်း ၁၇၀ ကျော်ရှိလာပြီဖြစ်သည်။ စာအုပ်ဆိုင်အရေအတွက်များလာသလို စာပေရနံ့သတင်းစကားပျံ့နှံ့မှုကြောင့် စာချစ်သူဦးရေသည်လည်း အပတ်စဉ်များလာသည်ကို ကြည်နူးဖွယ်ရာ မြင်တွေ့ရသည်။

ကြည်နူးဖွယ်ရာမြင်ကွင်းကြောင့် ဦးဆောင်စီစဉ်သူများ၏ နှလုံးသားတွင် ဝမ်းသာကြည်နူးမှုအဟုန်စီးမျောနေမည်ဟု ယုံကြည်ပါသည်။ ရယူစားသုံး၍ မကုန်နိုင်သည့် စာပေဘဏ္ဍာတိုက်ကြီး ကိုယ့်အနီးအနားမှာ ဘွားကနဲ ပေါ်ထွန်းလာသည်ကို တွေ့မြင်လိုက်ရသည့် စာချစ်သူပြည်သူများကလည်း ဝမ်းမြောက်ကြည်နူးမှုထပ်တူဖြစ်နေကြသည်ကို စာအုပ်ဈေးတန်းပေါ်က စာချစ်သူများ၏ လှုပ်ရှားမှုများက ပြဆိုနေသည်။

စာချစ်သူများအတွက် စိတ်အပန်းဖြေစရာ၊ အပန်းပြေနားခိုရာ၊ ရောင်စုံပွင့်သည့် စာပေပန်းဥယျာဉ်ကြီးဟူသော စာအုပ်ဈေးတန်းတွင် ဘာသာရပ်မျိုးစုံ၊ စာမျိုးစုံ (အသစ်အဟောင်း)တို့ကို လျှော့ဈေးနှုန်းထားဖြင့် ရောင်းချပေးလျက်ရှိသည်။ တစ်နေရာတည်း၊ တစ်ထိုင်တည်း စုစုစည်းစည်းရှိနေသည့် စာအုပ်မျိုးစုံကို အေးအေးလူလူ၊ နားနားနေနေ စိတ်တိုင်းကျဝယ်ယူနိုင်သည်။ စီစဉ်သူများ၏ ဉာဏ်အမြော်အမြင်စူးရှမှု၏ ရလဒ်ကောင်းပင် ဖြစ်သည်။

စာအုပ်ကောင်းကြိုက်သူများ စိတ်ကြိုက်ဝယ်ယူနိုင်သည့် စာအုပ်ဈေးတန်းတွင် ပြည်တွင်း ပြည်ပထုတ် မြန်မာ၊အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ စာအုပ်မျိုးစုံ အသစ်၊ အဟောင်းများ၊ ဘာသာရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေး၊ အားကစား၊ ဥပဒေရေးရာ၊ နည်းပညာဆိုင်ရာ၊ သမိုင်း၊ စွမ်းအင်၊ လူသားအရင်းအမြစ်၊ လူငယ်တက်ကျမ်း၊ လူချွန်လူမွန်တို့၏အဆိုအမိန့်များ၊ အတ္ထုပတ္တိများ၊ စွယ်စုံကျမ်း၊ အဘိဓာန်မျိုးစုံ၊ စာရေးဆရာများ၏ လက်စွမ်းပြဝတ္ထု၊ မဂ္ဂဇင်းများ၊ ကလေးငယ်များ အကြိုက်ပုံပြင်၊ ပန်းချီ၊ ကာတွန်းရုပ်ပြစာအုပ်များကို တစ်အုပ်ချင်း၊ တစ်တွဲချင်း၊ ပေါင်းချုပ်စသည်ဖြင့် မျိုးစုံစွာရှိရာ စာချစ်သူများ လွတ်လပ်စွာဝယ်ယူအားပေးလျက်ရှိကြသည်။ အထူးသဖြင့် ရသစာပေအဟောင်းဆိုင်တွင် လေ့လာဝယ်ယူသူများ ပိုမိုကြောင်း တွေ့ရသည်။

စာအုပ်စာတမ်းမျိုးစုံသာမက မြန်မာ့လက်မှုပညာငွေထည်ပစ္စည်းမျိုးစုံ၊ မြန်မာ့ရက်ထည်များ၊ မြန်မာမှုတံဆိပ်ရိုက်နှိပ်ထားသည့် စွပ်ကျယ်၊လွယ်အိတ်၊ ယွန်းထည်ပစ္စည်းများ၊ မြန်မာ့ရိုးရာကစားစရာအရုပ်ငယ်များကိုလည်း စာအုပ်ဈေးတန်းတွင် ရောင်းချလျက်ရှိသည်ကို တွေ့ရသည်။

စာချစ်သူများ စာအုပ်ဈေးတန်းသို့လာစဉ် နားနေစားသောက်နိုင်ရန် အသင့်စားသောက်ဆိုင်များ၊ လက်ဖက်ရည်၊ မုန့်မျိုးစုံ၊ အအေးမျိုးစုံရောင်းချပေးသည့် ဆိုင်များကလည်း စာအုပ်ဈေးတန်းအနီးနားတွင်ရှိကြသည်။ အမှိုက်ပုံးများ၊ အမျိုးသမီးများအတွက် ရွှေ့လျားမိုဘိုင်းရေအိမ် နှစ်လုံး၊ အမျိုးသားများအတွက် ရွှေ့လျားမိုဘိုင်းရေအိမ်နှစ်လုံးကို ရောင်းသူ၊ ဝယ်သူများ၏ ဆန္ဒနှင့်အညီ ရေလုံလုံလောက်လောက်ဖြင့် အခမဲ့သုံးစွဲနိုင်ရန် စီစဉ်ပေးထားသည်ကို တွေ့ရသည်။

စနေ၊တနင်္ဂနွေ ရန်ကုန်စာအုပ်ဈေးလမ်း၊ စာအုပ်ဈေးတန်း စတင်ဖွင့်လှစ်သည့်နေ့တွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က "ဒီစာအုပ်ဈေးတန်းဖွင့်တဲ့အတွက် စာအုပ်စာပေ၊ စာဖတ်တဲ့သူ၊ ရေးတဲ့သူ၊ စာပေဆွေးနွေးပွဲတွေ များလာမယ်။ ဒါဆို တဖြည်းဖြည်းနဲ့ စာပေတိုးတက်ပါမယ်။ စာပေတိုးတက်လာသလို နိုင်ငံသားတွေအသိအမြင်ကြွယ်ဝလာမယ်။ အဲဒီလိုရည်ရွယ်ချက်နဲ့ စာပေဆိုင်ရာဆွေးနွေးပွဲ၊ နှီးနှောပွဲတွေလုပ်တယ်။ တစ်ပြိုင်နက်တည်းမှာပဲ စာအုပ်ဈေးရောင်းပွဲတွေ လုပ်တယ်"ဟု စာအုပ်ဈေးတန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အချို့ကို ပြောကြားခဲ့သည်ကို အမှတ်ရနေမိသည်။

ရောင်းသူ၊ ဝယ်သူ၊ ထုတ်လုပ်ဖြန့်ချိသူ၊ ကျောင်းသား ကျောင်းသူ၊ မိဘပြည်သူများအကြား စာပေရနံ့သင်းပျံ့နေသည့် စာပေစာအုပ်ဈေးတန်းမြင်ကွင်းအရ ဦးဆောင်သူများ၏ ရည်ရွယ်ချက်များ အတိုင်းအတာတစ်ခုအထိ အောင်မြင်သည်ဟု ဆိုနိုင်ပါသည်။

ယင်းကြောင့်ပင်လျှင် စာချစ်သူများကြား ပီတိသံများလွှမ်းမိုးနေခြင်းဖြစ်သည်။ ယင်းမှာ စာပေရနံ့သင်းသည့် စာပေပန်းဥယျာဉ်ကြီးအတွင်းသို့ စာပေချစ်သူ၊ စာပေမွေ့သူများ၊ မိဘ၊ ဆရာသမားများ၊ ကျောင်းသား ကျောင်းသူများ စနေ၊တနင်္ဂနွေနေ့တိုင်း လာရောက်နားခို၊ စာနဲ့အပန်းဖြေလှည့်ကြပါ။ ဘဝအတွက် အဖော်ကောင်း စာကောင်းပေမွန်ကို စာဈေးတန်းမှာ ရှာဖွေလှည့်ကြပါဟု ဖိတ်ခေါ်နေသယောင်ထင်ရသည်။

စာချစ်သူများအတွက် ရန်ကုန်စာအုပ်ဈေးလမ်း စာအုပ်ဈေးတန်းကို ပွင့်လင်းရာသီကုန်သည်ထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက် ၉ နာရီမှ ညနေ ၆ နာရီထိ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း ဝန်ကြီးများရုံးရှေ့မျက်နှာစာ၌ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။ စာချစ်သူမည်သူမဆို လွတ်လပ်စွာ စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်သည်ဖြစ်ရာ ကျန်းမာရေး၊ စိတ်ချမ်းသာရေးတို့အတွက် စိတ်အာဟာရကို စာဈေးတန်းမှာ လာရောက်ရှာလှည့်ပါဟု ဖိတ်ခေါ်လိုက်ရပါသည်။

**သတင်းဆောင်းပါး-ကိုချစ်**

## စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်း ရောင်းသူ၊ ဝယ်သူများဖြင့် စည်ကားလျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂၈**
ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းတို့က စာအုပ်၊ စာပေဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ Yangon Books Street စနေ-တနင်္ဂနွေ ရန်ကုန် စာအုပ်လမ်း စာအုပ်ဈေးတန်းကို ဖွင့်လှစ်ရောင်းချလျက်ရှိရာ ယနေ့နံနက်ပိုင်းမှ စတင်ကာ စာအုပ်လာရောက်ဝယ်ယူသူ၊ လေ့လာသူများဖြင့် စည်ကားလျက်ရှိသည်။

စာအုပ်ဈေးတန်းတွင် စာပေချစ်မြတ်နိုးသူ စာဖတ်ပရိသတ်များအတွက် ဘာသာရပ်မျိုးစုံစာအုပ်များ၊ အဟောင်း၊ အသစ်စာအုပ်မျိုးစုံများ၊ ရှားပါးသည့် သမိုင်းဝင်စာအုပ်များ၊ မှတ်တမ်းဓာတ်ပုံများ၊ ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ သုတ၊ ရသစာအုပ်များ၊ ဆေးပညာဆိုင်ရာစီဒီခွေများ၊ မြန်မာ့ အနုပညာရုပ်သေးရုပ်၊ ဇီးကွက်၊ ပစ်တိုင်းထောင်ရုပ်၊ မြင်းရုပ်၊ ဆင်ရုပ် စသည့်အပြင် ဘောင်သွင်းထားသည့် လက်ရေးပန်းချီကားများ၊ မြန်မာ့မူစာတန်းများ ရိုက်နှိပ်ထားသော စပို့ရှပ်အင်္ကျီများ၊ လွယ်အိတ်မျိုးစုံတို့ကို တစုတဝေးတည်း ခင်းကျင်းရောင်းချပေးလျက်ရှိသည်။

အချို့စာအုပ်ဆိုင်များတွင် ကျောင်းသား ကျောင်းသူ ကလေးငယ်များအတွက် စာပေတန်ဖိုးမဖြတ်နိုင်သည့် အသိပညာ၊ ဗဟုသုတတိုးပွားစေမည့် စာအုပ်များကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိသည်။

ယခင်အပတ်စဉ် စနေ၊တနင်္ဂနွေနေ့များ နည်းတူ ယနေ့တွင်လည်း ဆိုင်ခန်းပေါင်း ၁၇၀ ခန့်ဖြင့် ဖွင့်လှစ်ရောင်းချနေရာ စာပေချစ်မြတ်နိုးသူများသည် နံနက်ပိုင်းရောင်းချချိန်မှစ၍ ဝယ်ယူအားပေးကြကာ စာအုပ်ဆိုင်များတွင် ရောင်းသူဝယ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **သတင်း-ဇော်မင်းလတ်**
**ဓာတ်ပုံ-ကိုကိုဇော်**



ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ Yangon Books Street စနေ၊တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းတွင် ရောင်းသူ၊ ဝယ်ယူသူများ၊ လေ့လာသူများဖြင့် စည်ကားလျက်ရှိစဉ်။

## သန်လျင်တံတားပေါ်၌ လိုက်ထရပ်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဇန်နဝါရီ ၂၈**
ရန်ကုန်တိုင်းဒေသကြီး သာကေတ-သန်လျင်တံတားပေါ်တွင် ဇန်နဝါရီ ၂၈ ရက် မွန်းလွဲပိုင်းက ဟွန်ဒိုင်း လိုက်ထရပ် အမျိုးအစား(အဖြူရောင်) ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်မီးလောင်ရာသို့ သန်လျင်မြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ သာကေတမြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ ကွပ်ကဲမှုယာဉ် တစ်စီးတို့ ရောက်ရှိလာပြီး ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

ယင်းသို့ ဖြစ်ပွားရခြင်းမှာ သန်လျင်မှ ရန်ကုန်သို့ ယာဉ်မောင်း ဦးမောင်မောင်ဝင်း မောင်းနှင်လာသော 9G/----- လိုက်ထရပ်ယာဉ်သည် တံတားတိုင်အမှတ် (၈/၉)ကြား အရောက်တွင် အင်ဂျင်ခန်းရှိ ဝိုင်ယာကြိုးများ အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါ ကားမီးလောင်မှုကြောင့် အင်ဂျင်ခန်း၊ ဆိုဖာများ၊ ရှေ့လေကာမှန်တစ်ချပ်တို့ မီးလောင်ခဲ့သည်။

အဆိုပါ မီးလောင်မှုနှင့်ပတ်သက်ပြီး ယာဉ်မောင်း ဦးမောင်မောင်ဝင်း (၄၂)နှစ်အား သန်လျင်မြို့မရဲစခန်းမှ (ပ)၁၆၁/ ၂၀၁၇၊ ပုဒ်မ-၂၈၅ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**သတင်း-အေးမင်းသူ**
**ဓာတ်ပုံ-သက်ခိုင်(သန်လျင်)**



## သက်ငယ်မုဒိမ်းကင်းစင်ရေး အားလုံးပူးပေါင်းပါဝင်ပေး ဟောပြောပွဲပြုလုပ်

**ရန်ကုန် ဇန်နဝါရီ ၂၈**
ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် ရဲဘော်(၄)လမ်းရှိ သာသနာ့ရောင်ခြည် ဓမ္မာရုံ၌ ဇန်နဝါရီ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသမီးနှင့်ကလေးသူငယ်ကာကွယ်ရေးကော်မတီ အတွင်းရေးမှူး ဒေါ်နော်လှလှစိုးနှင့် တရားလွှတ်တော်ရှေ့နေ ဒေါ်ဥမ္မာအေးတို့က သက်ငယ်မုဒိမ်းကင်းစင်ရေး အားလုံးပူးပေါင်းပါဝင်ပေး ဟောပြောပွဲပြုလုပ်ခဲ့သည်။

အဆိုပါ ဟောပြောပွဲကိုအစီအစဉ်(၅)ရပ်ဖြင့် ပြုလုပ်ခဲ့ပြီး ဟောပြောပွဲသို့ တက်ရောက်လာကြသည့် အမျိုးသား၊ အမျိုးသမီးများက ရှင်းလင်းသည့် အကြောင်းအရာများကို မေးမြန်းကြရာ ဒေါ်နော်လှလှစိုးနှင့် ဒေါ်ဥမ္မာအေးတို့က အကျယ်တဝင့် ပြန်လည်ရှင်းလင်း ဟောပြောခဲ့ကြပြီး ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ စုစုပေါင်း ၂၁၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

အလားတူအမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊အမျိုးသမီးနှင့်ကလေးသူငယ်ကာကွယ်ရေးကော်မတီအဖွဲ့များသည် အင်းစိန်မြို့နယ်အတွင်းရှိ ကျန်ရပ်ကွက်များတွင်လည်း ဇန်နဝါရီ ၂၇၊ ၂၈၊ ၂၉၊ ၃၀ရက်များအထိ သက်ငယ်မုဒိမ်းကင်းစင်ရေးအတွက် အသိပညာပေးဟောပြောပွဲများကို ပြုလုပ်သွားမည် ဖြစ်သည်။

**(၆၈၄)**



# ဖက်ဒရာ ကို ဂရင်းစလင်း ဗိုလ်လုပွဲမှာ ပြိုင်ဘက်အဖြစ် ထပ်မံတွေ့ဆုံရမယ်လို့ မျှော်လင့်မထားကြောင်း နာဒဲလ် ပြောကြား

ဩစတြေးလျအိုးပင်း အကြိုဗိုလ်လုပွဲစဉ်တွင် ဒီမီထရော့ဗ်ကို အနိုင်ယူပြီးနောက် ဗိုလ်လုပွဲတက်ရောက်လာခဲ့သည့် နာဒဲလ်က ဗိုလ်လုပွဲစဉ်သို့တက်ရောက်ပြီးဖြစ်သည့် ဖက်ဒရာနှင့်ဂရင်းစလင်းဗိုလ်လုပွဲတွင် ထပ်မံတွေ့ဆုံရမည်ဟု မျှော်လင့်မထားမိကြောင်း ပြောကြားလိုက်သည်။

အသက်(၃၀)နှစ်ရှိ နာဒဲလ်သည် ဖက်ဒရာနှင့် ထိပ်တိုက်တွေ့ဆုံခဲ့သည့် ပွဲစဉ်၃၄ပွဲတွင် ၂၃ပွဲအထိ အနိုင်ကစားခဲ့ပြီး ၁၁ပွဲသာ ရှုံးနိမ့်ခဲ့သည့်မှတ်တမ်းတစ်ရပ်ကို ပိုင်ဆိုင်ထားသည်။ အဆိုပါ နိုင်ပွဲများတွင် ၂၀၀၈ ခုနှစ် ဝင်ဘယ်လ်ဒန်အိုးပင်း ဗိုလ်လုပွဲစဉ်လည်း ပါဝင်ပြီး နာဒဲလ်မှာ ဖက်ဒရာနှင့် တွေ့ဆုံတိုင်း အသာရတတ်သည့် မှတ်တမ်းကောင်းကို ရရှိထားသူဖြစ်သည်။

"လူတွေက ကျွန်တော်နဲ့ ဖက်ဒရာတွေ့ဆုံမယ့် ပွဲအကြောင်းကိုပဲ ပြောနေကြပါတယ်။ ဒါက အားကစားလောကအတွက် ကောင်းတဲ့ လက္ခဏာ တစ်ရပ်လို့ပဲ ပြောချင်ပါတယ်။ ကျွန်တော်နဲ့သူ အခုလို ပွဲကြီး(ဂရင်းစလင်း)ဗိုလ်လုပွဲမှာ ထပ်မံ တွေ့ဆုံရဖို့ မမျှော်လင့်ထားပါဘူး" ဟု ပြောကြားခဲ့သည်။

နာဒဲလ်နှင့် ဖက်ဒရာတို့နှစ်ဦးစလုံးသည် အကြိုဗိုလ်လုပွဲအဆင့်တွင် ပြိုင်ဘက်အသီးသီးကို ပွဲငယ်ငါးပွဲကစားခဲ့ပြီးမှ ဗိုလ်လုပွဲသို့ ခက်ခက်ခဲခဲ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။ နာဒဲလ်အနေဖြင့် ၂၀၀၉ ခုနှစ် ဩစတြေးလျအိုးပင်း အကြိုဗိုလ်လုပွဲတွင်လည်း ပြိုင်ဘက် ဗာနန်ဒိုဗာဒက်စ်ကိုအား ငါးနာရီကြာအောင်ကစားပြီးမှ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သော်လည်း ဖက်ဒရာကို အနိုင်ယူကာ ချန်ပီယံဖြစ်ခဲ့ဖူးသည့် အစဉ်အလာလည်းရှိရာ ယခုတစ်ကြိမ်တွင်လည်း နာဒဲလ်က ၂၀၀၉ခုနှစ်ကအတိုင်း နောက်တစ်ကြိမ် ထပ်မံစွမ်းဆောင်ပြချင်သည်ဟု ပြောကြားခဲ့သည်။ သူတို့နှစ်ဦး ၂၀၁၁ခုနှစ် ပြင်သစ်အိုးပင်းတွင်လည်း နောက်ဆုံးတွေ့ဆုံခဲ့သေးပြီး အဆိုပါ ပွဲစဉ်တွင်လည်း နာဒဲလ်ကပင် အနိုင်ယူဗိုလ်စွဲနိုင်ခဲ့သည်။

ဖက်ဒရာကလည်း ဝေါ်ရင်ကာကို အနိုင်ကစားနိုင်ခဲ့ပြီးနောက်သူသည် နာဒဲလ်၏ နံပါတ်(၁) ပရိသတ်ဖြစ်သည်ဆိုသည့် စကားလုံးကို သုံးနှုန်းကာ ဗိုလ်လုပွဲတွင် နာဒဲလ်နှင့်တွေ့ဆုံချင်သည့်ဆန္ဒကို ဖော်ပြခဲ့သည်။ ၎င်းတို့နှစ်ဦးစလုံးသည် ၂၀၁၆ခုနှစ်အတွင်း ဒဏ်ရာပြဿနာများကြောင့် ကောင်းမွန်သည့် လက်စွမ်းတစ်ရပ်ကို ပြသနိုင်ခဲ့ခြင်းမရှိခဲ့ပေ။ ဖက်ဒရာက ဒူးဒဏ်ရာကြောင့် ၂၀၁၆ ဝင်ဘယ်လ်ဒန်အိုးပင်း အကြိုဗိုလ်လုပွဲတွင် ရာအိုနစ်ကို အရှုံးနိမ့်ခဲ့ပြီး ခြောက်လခန့် အနားယူခဲ့ရသလို နာဒဲလ်ကလည်း ခါးဒဏ်ရာကြောင့် ပြင်သစ်အိုးပင်းပြိုင်ပွဲမှပင် နုတ်ထွက်ခဲ့ရသည်။

သို့သော် နာဒဲလ်က သူတို့နှစ်ဦး တွေ့ဆုံနေသည့် ယခုဗိုလ်လုပွဲသည် လွန်ခဲ့သည့် နှစ်ကာလများနှင့် အနည်းငယ်ကွာခြားသွားပြီဖြစ်သော်လည်း ထူးခြားသည့် ပွဲစဉ်ဖြစ်လာမည်မှာ သေချာကြောင်း ပြောကြားခဲ့သည်။

■

# တစ်ပတ်လုပ်ခပေါင်တစ်သန်းကြောင့် မန်ယူကနေ ထွက်ခွာဖို့ အသင့်ဖြစ်နေပြီဖြစ်တဲ့ ရွန်းနီ



မန်ယူအသင်းခေါင်းဆောင် ဝိန်းရွန်းနီကို တရုတ်စူပါလိဂ်ကလပ်အသင်းတွေက တစ်ပတ်လုပ်ခပေါင် တစ်သန်းနဲ့ ခေါ်ယူဖို့ ချိတ်ဆက်နေတာကြောင့် မန်ယူကနေ ထွက်ခွာဖို့ ရွန်းနီအသင့်ဖြစ်နေပြီလို့ The Sun သတင်းဌာနက ဖော်ပြပါတယ်။ ယခုနှစ်ဘောလုံးရာသီက ရွန်းနီမန်ယူအသင်းများရှိမယ့် နောက်ဆုံးရာသီဖြစ် လာဖို့ရှိနေကြောင်းလည်း အဆိုပါသတင်းရင်းမြစ်ကပင် ဆက်လက်ဖော်ပြပါတယ်။

အသက်(၃၁)နှစ်အရွယ်ရှိ ဝိန်းရွန်းနီဟာ ဘောလ်ဘီချာလ်တန်ရဲ့ သွင်းဂိုးစံချိန်ကို ဖြတ်ကျော်နိုင်ခဲ့ပြီးနောက် အင်္ဂလန်မြေကနေ ထွက်ခွာဖို့ အသင့်အနေအထားရှိနေခဲ့တာ ဖြစ်ပါတယ်။ ရွန်းနီအနေနဲ့ အခုလို တရုတ်ကလပ် အသင်းတွေရဲ့ ကမ်းလှမ်းမှုကို လက်ခံဖို့ဖြစ်လာတဲ့ အဓိက အကြောင်း တရားတစ်ရပ်ကတော့ မန်ယူအသင်းမှာ ပွဲထွက်ကစားခွင့်ပျောက်ဆုံး နေလို့ ဖြစ်ပါတယ်။

ရွန်းနီနဲ့ မန်ယူအသင်းတို့ လက်တလော ချုပ်ဆိုထားတဲ့ တစ်ပတ်လုပ်ခပေါင် ၂၅၀၀၀၀တန်စာချုပ်က လာမယ့် ၁၈ လ အတွင်း သက်တမ်းကုန်ဆုံးမှာဖြစ်တာကြောင့်လည်း မန်ယူ အသင်းက ပြောင်းရွှေ့ကြေး ပြန်လည်ရရှိလိုတာဖို့ ရွန်းနီကို လာမယ့်နွေဈေးကွက်မတိုင်မီတောင် ထုတ်ရောင်းချင်နေတာပါ။ မန်ယူနည်းပြမော်ရင်ဟိုကိုယ်တိုင်ကလည်း ရွန်းနီ မန်ယူကနေ ထွက်ခွာချင်ရင် သွားခွင့်ပြုမယ်လို့ ဆိုထားတာကြောင့် ရွန်းနီနဲ့ မန်ယူလမ်းခွဲမှုဟာ ထင်ထားတာထက်တောင် စောစောစီးစီး မြင်တွေ့ရပါတယ်။

ရွန်းနီကတော့ "ကျွန်တော့်ဘဝတစ်ခုလုံး ဘောလုံးလောကအတွင်းမှာပဲ ကျင်လည်နေခဲ့ပြီး ကွင်းထဲမှာပဲ အမြဲတမ်း ဝင်ရောက်ကစားချင်သူပါ။ ဒါကြောင့် ပုံမှန်ပွဲထွက်ခွင့်မရဘူးဆိုရင် ကျွန်တော်တစ်ခုခု ပြောင်းစဉ်းစားရမှာပါ" လို့ ပြောကြားခဲ့ပါတယ်။ တကယ်လို့ ရွန်းနီသာ တရုတ်စူပါလိဂ်အသင်းကို ပြောင်းရွှေ့ဖြစ်မယ်ဆိုရင် ကမ္ဘာ့လုပ်ခအများဆုံး ရရှိတဲ့ ကစားသမားဖြစ်ပါလိမ့်မယ်။

လက်ရှိကမ္ဘာ့လုပ်ခလစာ အများဆုံးရရှိတဲ့ ကစားသမားက အာဂျင်တီးနားတိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်ဖြစ်ပြီး တစ်ပတ်လုပ်ခပေါင် ၆၁၅၀၀၀ ဖြစ်ပါတယ်။

မေလှဲ့သင်း - ရေးသားသည်။

# တရုတ်ကလပ်အသင်းများ ကမ်းလှမ်းမှုကို သုံးကြိမ်တိုင်ငြင်းပယ်ခဲ့ရဟု ဖယ်လ်ကာအို ဖွင့်ဟ



မိုနာကိုတိုက်စစ်မှူး ရာမန်ဖယ်လ်ကာအိုက တရုတ်ကလပ်အသင်းများ၏ မြင့်မားသည့် လုပ်ခလစာဖြင့် သုံးကြိမ်တိုင် ကမ်းလှမ်းမှုကို ၎င်းအနေဖြင့် ခက်ခက်ခဲခဲငြင်းပယ်ခဲ့ရသည်ဟု အင်တာဗျူးတစ်ခုတွင်ထည့်သွင်းပြောကြားခဲ့သည်။

ဖယ်လ်ကာအိုက "ဒီလို ကမ်းလှမ်းမှုကို ငြင်းပယ်လိုက်ဖို့ဆိုတာ အတော်လေးမလွယ်တဲ့ ကိစ္စရပ်ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော် သုံးကြိမ်တောင်ငြင်းပယ်ခဲ့သလို မိုနာကိုအသင်းအတွက် ကျွန်တော်ဘာတွေ လုပ်ပေးနိုင်သလဲဆိုတာ သက်သေပြနိုင်ဖို့ပဲ ကျွန်တော်ကြိုးပမ်းသွားမှာဖြစ်ပါတယ်" ဟု ဆိုခဲ့သည်။

ဖယ်လ်ကာအိုမှာ အက်သလက်တီကိုအသင်းတွင် ကစားခဲ့စဉ်က ဥရောပပြိုင်ဘက်အသင်းများအတွက် ကြောက်ရွံ့ဖွယ်အကောင်းဆုံး တိုက်စစ်မှူးတစ်ဦးဖြစ်ခဲ့သော်လည်း မန်ယူနှင့် ချယ်လ်ဆီး အသင်းတို့တွင် အငှားဖြင့် ကစားခဲ့စဉ်က ဒဏ်ရာပြဿနာများကြောင့် ခြေစွမ်းလုံးဝပျောက်ဆုံးသွားခဲ့သူဖြစ်သည်။ ထို့နောက် မိခင်ကလပ် မိုနာကို အသင်းသို့ပြန်လည်ရောက်ရှိလာပြီးနောက် ယခုနှစ်ဘောလုံးရာသီတွင် ၂၂ပွဲ ဝင်ရောက်ကစားပြီး ၁၈ဂိုးအထိ သွင်းယူနိုင်ခဲ့သည်။ ဖယ်လ်ကာအိုက ကိုလံဘီယာလက်ရွေးစင်အသင်းအတွက် အရွေးခံရရန် ဥရောပဘောလုံးလောကတွင်သာ ဆက်လက်ကျင်လည်သွားမည်ဟုလည်း ပြောကြားခဲ့သည်။

# တရုတ်နှင့် စပိန်နိုင်ငံတို့သို့ သွားရောက်ကစားမည် မဟုတ်ကြောင်းကော်တင်ဟို ပြောပြီ



လီဗာပူးအသင်းစူပါစတား ကော်တင်ဟိုကို တရုတ်ကလပ်အသင်းများနှင့် စပိန်ထိပ်သီး ဘာစီလိုနာအသင်းတို့မှ ခေါ်ယူရန် ချိတ်ဆက်နေသော်လည်း ကော်တင်ဟိုက လီဗာပူးအသင်းနှင့်သာ စာချုပ်သက်တမ်းတိုးမြှင့်လိုက်ပြီး လီဗာပူးအသင်းသာ သူ၏ တစ်ခုတည်းသော ကလပ်အသင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ကော်တင်ဟိုက ငွေကြေးမြောက်မြားစွာ ပေးချေပြီး ကမ်းလှမ်းလာသည့် တရုတ်စူပါလိဂ်အသင်းများသို့ ပြောင်းရွှေ့ရန် စိတ်ဝင်စားခြင်းမရှိသလို လီဗာပူးအတွက်သာ ပရီမီယာလိဂ်ချန်ပီယံဆု ရယူပေးချင်ကြောင်း တုံ့ပြန်ပြောကြားခဲ့သည်။

ကော်တင်ဟိုကို ဘာစီလိုနာအသင်းဘက်မှ မြင့်မားသည့် လုပ်ခလစာတစ်ရပ်ဖြင့် ခေါ်ယူရန် တောက်လျှောက်ဆက်သွယ်နေသော်လည်း စပိန်ကလပ်ဘာစီလိုနာ အသင်းသို့ ပြောင်းရွှေ့မည်မဟုတ်ကြောင်း အတည်ပြု ပြောကြားခဲ့သည်။ လီဗာပူးအသင်း၏ ကျောနံပါတ်(၁၀)ဝတ်ဆင်ခွင့်ရ ကော်တင်ဟိုကို ဘရာဇီးအသင်းအတွက်လည်း ကျောနံပါတ်(၁၀) ဝတ်ဆင်ရန် ဆန္ဒရှိသလားဟု မေးမြန်းခဲ့ရာ ကော်တင်ဟိုက ထိပ်တန်းကစားသမားများဝတ်ဆင်သည့် ကျောနံပါတ်ကို သူလည်း တစ်ချိန်ချိန်တွင် ဝတ်ဆင်ခွင့်ရမည်ဟုမျှော်လင့်ကြောင်း ဆိုခဲ့သည်။

# အာဆင်နယ်နည်းပြ ဝင်းဂါး ကွင်းဘေးစည်း ကြီးကြပ်ခွင့်လေးပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရမည်

ဘန်လေအသင်းနှင့် ပွဲစဉ်တွင် အာဆင်နယ်နည်းပြ ဝင်းဂါးက ဒိုင်လူကြီးနှင့် လက်ထောက်ဒိုင်တို့အား စကားလုံးအားဖြင့် စော်ကားခဲ့မှုနှင့် တွန်းထိုးမှုများကြောင့် အက်ဖ်အေက စွဲချက်တင်ခဲ့ရာ ကွင်းဘေးစည်း ကြီးကြပ်ခွင့် လေးပွဲပယ် ပြစ်ဒဏ်ပယ်ချခဲ့ရကြောင်း ဘီဘီစီ သတင်းဌာနက ဖော်ပြသည်။ အဆိုပါ ပြစ်ဒဏ်က ချက်ချင်း အသက်ဝင်မည်ဖြစ်ရာ ဝင်းဂါးအနေဖြင့် ဆောက်သမ်တန်နှင့် ကစားမည့် အက်ဖ်အေဖလားပြိုင်ပွဲကို လွဲချော်မည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၁ရက် ဟားလ်စီးတီးအသင်းနှင့် ကစားမည့် ပရီမီယာလိဂ် ပွဲစဉ်မှသာ ပြန်လည်ကြီးကြပ်ခွင့်ရမည်ဖြစ်သည်။

ဝင်းဂါးက ဘန်လေအသင်းဘက်ကို ပင်နယ်တီကန်ခွင့်ပြုခဲ့သည့် ဒိုင်ဖြစ်သူ ဂွန်မော့ဆက်စ်ကို ဒေါသထွက်ကာ ကြမ်းတမ်းသည့် စကားလုံးသုံးနှုန်း စွပ်စွဲခဲ့သည့်အတွက် ဒိုင်ဖြစ်သူက ဝင်းဂါးအား ပွဲကြည့်စင်မှသာ ပွဲကို သွားရောက်ကြည့်ရှုရန် ညွှန်ကြားခဲ့ရာ ဝင်းဂါးက မလိုက်နာဘဲ ဥမင်လှိုဏ်ပေါက်အဝနားတွင်ပွဲကို ဆက်လက်ကြည့်ရှုနေခဲ့သည်။ ထို့ကြောင့် လက်ထောက် ဒိုင်ဖြစ်သူ တေလာက အဆိုပါနေရာမှ ထွက်ခွာရန် လာရောက်ပြောကြားခဲ့ရာ ဝင်းဂါးက ပြန်လည် တွန်းထိုးခဲ့သည်။

အဆိုပါ ပွဲစဉ်ပြီးလျှင်ပြီးချင်း ဝင်းဂါးက သူ၏ အပြုအမူအတွက် ချက်ချင်း ပြန်လည်တောင်းပန်ခဲ့သော်လည်း အက်ဖ်အေကမူ ယင်းကိစ္စရပ်ကို စွဲချက်တင်ခဲ့သည်။

## ကောလာဟလတွေအကြားက ဟောလီဝုဒ်ကြယ်ပွင့်များ

ယခုသီတင်းပတ်အတွင်း ဟောလီဝုဒ်မီဒီယာတွေအကြား ရေပန်းအစားဆုံး ကောလာဟလသတင်းတွေထဲက စိတ်ဝင်စားစရာ အကောင်းဆုံးသတင်းတွေကို ကြေးမုံပရိသတ်အတွက် တင်ဆက်ပေးလိုက်ပါတယ်····



### ရုပ်ရှင်တစ်ကားဖြစ်လာမယ့် ထိပ်တန်းကြယ်ပွင့်စုံတွဲရဲ့ အထူးလျှို့ဝှက်ချက်များ



တစ်ချိန်က ဟောလီဝုဒ်ရဲ့ထိပ်တန်းကြယ်ပွင့်စုံတွဲတစ်တွဲရဲ့အကြားမှာ တည်ရှိနေတဲ့အများ မသိအောင် အထူးလျှို့ဝှက်ထားခဲ့တဲ့ အခြေအနေတွေကို ကမ္ဘာ့ရောင်းအားအကောင်းဆုံးစာအုပ် အဖြစ် ဖန်တီးရေးသားခဲ့ဖူးတဲ့ စာရေးဆရာတစ်ဦးက ရုပ်ရှင်တစ်ကားအဖြစ် ဖန်တီးလိုက်ပြီဖြစ် ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အပြီးသတ်ကွာရှင်းမှုတွေအတွက် ဥပဒေကြောင်းအရ ဆောင်ရွက်နေကြ ဆဲဖြစ်တဲ့ မင်းသား ဘရက်ပစ်နဲ့ မင်းသမီး အန်ဂျလီနာဂျိုလီတို့ရဲ့ လက်တွဲခဲ့စဉ်ကာလအတွင်း နှစ်ဦးသားဆက်ဆံရေးနဲ့ပတ်သက်ပြီး အများကိုထုတ်ဖော်ပြောကြားခြင်းမရှိတဲ့ အများသိပြီးသား မဟုတ်တဲ့ အချက်အလက်တွေကို ကမ္ဘာ့ရောင်းအားအကောင်းဆုံးစာရေးဆရာတစ်ဦးဖြစ်တဲ့ အီရန်ဟယ်ပါရင်က ရုပ်ရှင်ဇာတ်လမ်းတိုတစ်ခုအဖြစ် ဖန်တီးထားကြောင်း ကောလာဟလတွေ ပေါ်ထွက်လာခဲ့တာ ဖြစ်ပါတယ်။


အီရန်ဟယ်ပါရင်က ပြီးခဲ့တဲ့ ၂၀၀၉ ခုနှစ်အတွင်း အဆိုပါကြယ်ပွင့်စုံတွဲရဲ့ လျှို့ဝှက်အတွင်း ရေးတွေကို ဖော်ထုတ်ကာ စာအုပ်တစ်အုပ်ရေးသားထုတ်ဝေခဲ့ပြီး အဆိုပါစာအုပ်မှာ သူတို့နှစ်ဦးဟာ လာမယ့်ခုနှစ်နှစ်အတွင်း လမ်းခွဲကြမှာဖြစ်ကြောင်း ဝေဖန်ခဲ့ပါတယ်။ ဝေဖန်ခဲ့သလိုဖြစ်လာပြီးတဲ့ နောက်မှာတော့ အဆိုပါစာအုပ်ကိုဇာတ်လမ်းတွဲအဖြစ် အသက်သွင်းဖို့ အီရန်ဟယ်ပါရင်က ကြိုးစားခဲ့ပြီး ထုတ်လုပ်ပေးမယ့်သူနဲ့ အဆက်အသွယ်ရပြီး အခွင့်အရေးရလာပါက ရုပ်သံကနေ တစ်ဆင့် ထုတ်လုပ်သွားဖို့ ရည်ရွယ်ထားကြောင်းလည်း သိရပါတယ်။

### အချစ်တွေကို အီတလီသို့ သယ်ခဲ့ပြီ

ယခုလအစပိုင်းကမှ ချစ်သူတွေအဖြစ် လက်တွဲခဲ့ကြတဲ့ ဟောလီဝုဒ်ကြယ်ပွင့် စုံတွဲတစ်တွဲဖြစ်တဲ့ ဆယ်လီနာဂိုမက်ဇ်နဲ့ သယ်ဝိခ်ကန်းဒ်တို့နှစ်ဦးဟာ လတ်တလောမှာတော့ အီတလီနိုင်ငံကို ရောက်ရှိနေပြီး သူတို့နှစ်ဦးရဲ့ ချစ်ခင် ယုယနေကြတဲ့ ပုံရိပ်တွေကိုလည်း သူတို့နဲ့အတူ အီတလီကို သယ်ဆောင် လာခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ဖော်ပြချက်တွေအရ သိရပါတယ်။

ဂီတကြယ်ပွင့်စုံတွဲဟာ အီတလီနိုင်ငံမှာရှိတဲ့ ဖလောရန့်စ်မြို့မှာ ရောက်ရှိနေပြီး အဆိုပါမြို့ကစားသောက်ဆိုင်တစ်ဆိုင်မှာ နေ့လယ် စာစားပြီးနောက် ပျော်ရွှင်စွာပြန်လည်ထွက်ခွာလာခဲ့ကြတဲ့ သူတို့ရဲ့ပုံရိပ် တွေနဲ့ လေဆိပ်သို့သွားရာလမ်းမှာတွေ့ရတဲ့ နှစ်ဦးသားပုံရိပ် တွေဟာ အွန်လိုင်းမီဒီယာတွေအပေါ်မှာ ပျံ့နှံ့လာခဲ့တာ ဖြစ်ပါတယ်။

### လူမှုကွန်ရက်မီဒီယာပေါ်မှာ သားဖြစ်သူကို စနောက်ခဲ့တဲ့ ဒေးဗစ်ဘတ်ခမ်း



တစ်ချိန်က အလွန်ကျော်ကြားခဲ့တဲ့ ဘောလုံး ကြယ်ပွင့် ဒေးဗစ်ဘတ်ခမ်းဟာ သားဖြစ်သူ ဘရွတ်ခ်ကလင်းဘတ်ခမ်းကို လူမှုကွန်ရက် မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာ ပေါ်မှာ မထိတထိနဲ့ စခဲ့တာပဲ ဖြစ်ပါတယ်။

ဘရွတ်ခ်ကလင်းဘတ်ခမ်းဟာ မကြာသေးမီက အွန်လိုင်းမီဒီယာပေါ်မှာ ပရိသတ်တွေနဲ့ တွေ့ဆုံကာ တိုက်ရိုက်ထုတ်လွှင့်မှုတစ်ခုကို ပြုလုပ် နေစဉ် ဒေးဗစ်က သားကိုရှက်သွားစေမယ့် စကား လုံးတွေကိုပြောဆိုကာ စနောက်ခဲ့တာ ဖြစ်ပါတယ်။

ပရိသတ်တွေနဲ့ စကားတွေပြောဆိုနေတဲ့ ဘရွတ်ခ်ကလင်းကို "အဲဒါငါ့ရဲ့ အင်္ကျီ"လို့ အဓိပ္ပာယ်ရတဲ့စာသားတွေကိုရေးသားကာ ဘရွတ်ခ်ကလင်းလတ်တလောဝတ်ဆင်ထားတဲ့အင်္ကျီမှာ သူ့ရဲ့အင်္ကျီဖြစ်တယ်လို့ဆိုခဲ့ပြီး သားဖြစ်သူကို အဝတ်အစားတွေခိုးဝတ်တတ်သူတစ်ဦးအဖြစ် စနောက်ခဲ့ပါတယ်။ ဒါ့အပြင် ဘရွတ်ခ်ကလင်းကို တိုက်ရိုက်ထုတ်လွှင့်မှုလုပ်မနေဘဲ ကျောင်းတက် သင့်ကြောင်းလည်း ဒေးဗစ်က ရေးသားဖော်ပြခဲ့ ပါတယ်။

အေးပြည့်
ရေးသားသည်

### အသည်းကွဲပြန်ပြီတဲ့လား ကောင်ထ်နေကာဒါးရှီးယန်း



ဟောလီဝုဒ်ကြယ်ပွင့်သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ကောင်ထ်နေကာ ဒါးရှီးယန်း ဟာ လတ်တလောမှာ ချစ်သူဟောင်းဟာ အခြားသောအမျိုးသမီးတွေနဲ့ ပါတီ ပွဲတွေ ဆင်နွှဲနေတာကြောင့် ထိခိုက်ခံစားရကာ အသည်းကွဲဝေဒနာကို ထပ်မံ ခံစားနေရကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ကောင်ထ်နေကာဒါးရှီးယန်းဟာ လတ်လောမှာ ချစ်သူဟောင်းဖြစ်တဲ့ စကော့ထ်ဒစ်စစ်ရဲ့ ဆန်းဒန့်စ်ရုပ်ရှင်ပွဲတော်အပြီးမှာ အခြားသော အမျိုးသမီး များစွာကို ဖိတ်ကြားကာ ပါတီပွဲအတူဆင်နွှဲရင်း ပျော်ပါးနေတဲ့ လုပ်ရပ်ကြောင့် ထိခိုက်ခံစားနေရတာ ဖြစ်ပါတယ်။ ကောင်ထ်နေကာဒါးရှီးယန်းဟာ စကော့ထ် ဒစ်စစ်အတွက် အသည်းကွဲရတာ ဒါပထမဆုံးအကြိမ်တော့မဟုတ်ပါဘူး။ သူတို့နှစ်ဦးချစ်သူတွေအဖြစ် လက်တွဲနေတဲ့ကာလအတွင်း စကော့ထ်ရဲ့ သစ္စာ ဖောက်မှုတွေကြောင့် အကြိမ်ကြိမ်အသည်းကွဲခဲ့ရသူလည်း ဖြစ်ပါတယ်။

ကောင်ထ်နေကာဒါးရှီးယန်းကိုယ်တိုင်ကလည်း စကော့ထ်ဒစ်စစ်နဲ့ လမ်းခွဲ ပြီးနောက်ပိုင်း ချစ်သူသစ်တွေထားခဲ့ပေမယ့် သူ့ရဲ့ရင်သွေးသုံးဦးရဲ့ဖခင်ဖြစ်တဲ့ စကော့ထ်ဒစ်စစ်အပေါ် စိတ်မပြတ်နိုင်ဖြစ်နေခဲ့ကာ ချစ်သူဟောင်းအနေနဲ့ အခြား သောအမျိုးသမီးတွေနဲ့တွဲတာကို တွေ့မြင်ရတဲ့အချိန်တိုင်း အသည်းကွဲဝေဒနာ ကို ခံစားရတာဖြစ်ပါတယ်။ ကောင်ထ်နေကာဒါးရှီးယန်းနဲ့ စကော့ထ်ဒစ်စစ် တို့ဟာ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း တရားဝင်လမ်းခွဲခဲ့ကြတာဖြစ်ပြီး လမ်းခွဲ ခဲ့ရတဲ့အကြောင်းအရင်းဟာလည်း စကော့ထ်ဒစ်စစ်ရဲ့ အမျိုးသမီးတွေ အများ ကြီးနဲ့ ပါတီပွဲတွေမကြာခဏပြုလုပ်တတ်တဲ့ အကျင့်ကြောင့်ဖြစ်ကြောင်း သိရ ပါတယ်။

### ဆောင်းဆန်ဟွန်းနဲ့ လီရောင်အေးတို့ရဲ့ ရုပ်ရှင်သစ် " Saimdang: Light's Diary"



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ သရုပ်ဆောင်တွေဖြစ်ကြတဲ့ မင်းသားဆောင်းဆန်ဟွန်းနဲ့ မင်းသမီး လီရောင်အေးတို့ ခေါင်းဆောင်ပါဝင်ထားတဲ့ တောင်ကိုရီးယားရုပ်သံဇာတ်လမ်းတွဲ ရုပ်ရှင်သစ်" Saimdang: Light's Diary"ကို မကြာသေးမီက အစမ်းထုတ်လွှင့်ပြသခဲ့ရာ အဆိုပါအခမ်းအနားသို့ ဆောင်းဆန်ဟွန်းနဲ့ လီရောင်အေးတို့ တက်ရောက်ခဲ့ကြတာဖြစ်ပါ တယ်။ အဆိုပါရုပ်ရှင်သစ်ကို ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၆ ရက်ကစတင်ပြီး တောင်ကိုရီးယား ဒေသတွင်း ရုပ်သံလိုင်းတစ်ခုဖြစ်တဲ့ SBS ကနေ အပတ်စဉ် ဗုဒ္ဓဟူးနေ့နဲ့ကြာသပတေးနေ့တိုင်းမှာ စတင်ထုတ်လွှင့်နေပြီဖြစ်ကြောင်းလည်း သိရပါတယ်။

မြန်မာပရိသတ်တွေက ချန်ဂင်အဖြစ် အစွဲပြုခေါ်ကြတဲ့ မင်းသမီး လီရောင်အေးဟာ အဆိုပါရုပ်ရှင်သစ်မှာတော့ ဂျိုဆွန်းခေတ်ရဲ့ ကျော်ကြားတဲ့အနုပညာရှင်တစ်ဦးအဖြစ်လည်း ကောင်း၊ ယနေ့ခေတ်က ပါမောက္ခတစ်ဦးအဖြစ်လည်းကောင်း ဇာတ်ကောင်နှစ်နေရာမှာ ကိုယ်ခွဲ သရုပ်ထားတာဖြစ်ပါတယ်။ ယင်းရုပ်ရှင်ဟာ ဂျိုဆွန်းခေတ်ရဲ့ ပုံရိပ်တွေကို ခြယ်မှုန်းထားတဲ့ ရာဇဝင်ရုပ်ရှင်တစ်ကားလည်း ဖြစ်တဲ့အပြင် အဆိုပါရုပ်ရှင်မှာ ယနေ့ခေတ်ရဲ့ ပုံရိပ်တွေကိုလည်း အပြိုင်ခံစားကြရမှာဖြစ်ကြောင်း သိရပါတယ်။


"Saimdang: Light's Diary"ဟာ လွန်ခဲ့တဲ့ ၁၄ နှစ်တာကာလအတွင်း ပထမဆုံးပြန်လည် ရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ လီရောင်အေးရဲ့ ဒရမ်မာရုပ်ရှင်တစ်ကားလည်း ဖြစ်ပါတယ်။ လီရောင် အေးဟာ ပြီးခဲ့တဲ့ ၂၀၀၃ ခုနှစ်အတွင်း လီပြောင်ဟွန်းက ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူး ထုတ်လွှင့်ခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင် "Dae Jang Geum"မှာ နန်းတွင်းသမားတော်တစ်ဦးဖြစ်တဲ့ ချန်ဂင်အဖြစ်ပါဝင်ခဲ့ပြီး ယင်းရုပ်ရှင်ဟာ ယခုထုတ်လွှင့်နေတဲ့ရုပ်ရှင်မတိုင်မီ လီရောင်အေး နောက်ဆုံးရိုက်ကူးခဲ့တဲ့ ရုပ်ရှင်ဖြစ်ကြောင်းလည်း သိရပါတယ်။

### တေလာဆွစ်နဲ့ ဇေမာလိခ်တို့ရဲ့ တေးဗီဒီယိုသစ် စတင်ထုတ်လွှင့်


ပေါ့ပ်ကြယ်ပွင့်တွေဖြစ်ကြတဲ့ တေလာဆွစ်နဲ့ ဇေမာလိခ်တို့ရဲ့ စုံတွဲသီဆို သရုပ်ဆောင်ထားတဲ့ တေးဗီဒီယိုတစ်ခုကို ပြီးခဲ့တဲ့ သောကြာနေ့ ညပိုင်းက စတင်ထုတ်လွှင့်ခဲ့ကြောင်း စီအန်အန်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

တေလာဆွစ်ရဲ့နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့ တေးဗီဒီယိုဖြစ်တဲ့ "I Don't Want To Live Forever"ကို လတ်တလောမှာ စတင်ထုတ်လွှင့်လိုက်ပြီ ဖြစ်ကာ အဆိုပါတေးဗီဒီယိုမှာ ယခင် "One Direction"တေးဂီတအဖွဲ့ဝင် ဟောင်း ဇေမာလိခ်နဲ့ စုံတွဲသီဆိုထားတာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် အဆိုပါတေးသီချင်းဟာ " Fifty Shades Darker "ရုပ်ရှင်မှာ ပါဝင်မယ့် တေးသီချင်းတစ်ပုဒ်လည်းဖြစ်ကြောင်း သိရပါတယ်။

အဆိုပါတေးဗီဒီယိုကို လန်ဒန်မှာရှိတဲ့ ဟိုတယ်တစ်ခုအတွင်းနောက်ခံ ထားရိုက်ကူးခဲ့ကာ နာမည်ကျော်စုံတွဲတစ်တွဲရဲ့ သတင်းထောက်တွေ အချိန်မလပ် စောင့်ကြည့်ခြင်းခံရတဲ့အတွက် ခံစားနေရတဲ့ မွန်းကြပ်မှု တွေကို ပုံဖော်ထားတာဖြစ်ပါတယ်။ ဒါ့ကြောင့်ယင်းတေးဗီဒီယိုဟာ တေလာ ဆွစ်ရဲ့ အတိတ်ကအချစ်ဇာတ်လေးတွေရဲ့ တစ်စိတ်တစ်ပိုင်းလို့လည်း ဆိုနိုင်ပါ တယ်။ " I Don't Want To Live Forever"ဟာ တေလာဆွစ်ရဲ့ ၂၀၁၄ ခုနှစ်အတွင်း စတင်ထုတ်လွှင့်ခဲ့တဲ့ "1989" တေးအယ်လ်ဘမ်ရဲ့ တေးဗီဒီယို တွေပြီးနောက် ပထမဆုံးပြန်လည်ထုတ်လွှင့်ခဲ့တဲ့ တေးဗီဒီယိုတစ်ခုလည်း ဖြစ်ပါတယ်။ အဆိုပါတေးဗီဒီယိုဟာ လတ်တလောမှာ တေးဂီတဇယားတစ်ခု ဖြစ်တဲ့ iTunesရဲ့ နံပါတ်နှစ်နေရာမှာ ရပ်တည်နေကြောင်းလည်း သိရပါ တယ်။


ကျားဝါ
ပေ့ပေ့
ဗိသာရ ကာတွန်းများ





# တန်ဖိုးတက်အောင် ရှက်ဆောင်ကြိုးပမ်း ရှေ့သို့လှမ်းချီ ဤလောကီ

à ကိုရင်ညြ



ဓာတ်ပုံ-globaltrademag.com

ပစိဖိတ်သမုဒ္ဒရာနှုတ်ခမ်းသတ်နိုင်ငံများ မိတ်ဖက်ပြုရေး ကုန်သွယ်ရေးသဘောတူညီချက် (တီပီပီ) မှ အမေရိကန် တရားဝင်နုတ်ထွက်လိုက်ပြီဟု သမ္မတ ဒေါ်နယ်ထရန့်က ဇန်နဝါရီ ၂၃ ရက်တွင် ထုတ်ပြန်ကြေညာလိုက်ခြင်းသည် အမေရိကန်ပြည်ထောင်စုအနေဖြင့် ယင်း၏ အာရှ မဟာမိတ်နိုင်ငံများနှင့် သူစိမ်းဆန်ဆန် ပြုကျင့်ရာရောက်သည်ဟု ရှုမြင်ကြလေ၏။

၂၀၁၅ ခုနှစ်တွင် ရရှိခဲ့သော တီပီပီ သဘောတူညီချက်တွင် အမေရိကန်၏ ပါဝင်မှုကို အဆုံးသတ်မည်ဟု ထရန့်က ရွေးကောက်ပွဲကာလ ကတိကဝတ်ပေးခဲ့သည့်အတိုင်း ဖြည့်ဆည်းဆောင်ရွက်ခြင်း ဖြစ်သည်။ အဖွဲ့ဝင် ၁၂ နိုင်ငံပါဝင်သော တီပီပီသဘောတူညီချက်မှ အမေရိကန် ရုပ်သိမ်းထွက်ခွာကြောင်း ထရန့်က ကြေညာခဲ့လေသည်။

**ဖျက်သိမ်းရလွယ်**

အမေရိကန်၌ ကုန်ထုတ်လုပ်မှုကို ပြန်လည်မြှင့်တင်လိုသူ ထရန့်သည် အခြားသောနိုင်ငံများနှင့် တစ်နိုင်ငံချင်းအလိုက်သာ ကုန်သွယ်ရေးသဘောတူညီချက် ရယူမည်ဟုဆိုသည်။ တစ်နိုင်ငံချင်းအလိုက် ချုပ်ဆိုသော ကုန်သွယ်ရေးသဘောတူညီချက်သည် အကယ်၍ တစ်ဖက်ဖက်က စည်းမျဉ်းချိုးဖောက်ပါက ရက်ပေါင်း ၃၀ ကာလအတွင်း အလျင်အမြန်ပြန်လည် ဖျက်သိမ်းခွင့် ရှိမည်ဖြစ်သည်။

အမေရိကန်စီးပွားရေးအသိုက်အဝန်းက အင်တိုက်အားတိုက်ထောက်ခံခဲ့သော တီပီပီသဘောတူညီချက်ကို ယခင်ဒီမိုကရက်တစ်သမ္မတ ဘားရက်အိုဘားမား၏ အစိုးရအဖွဲ့က ညှိနှိုင်းဆွေးနွေးကာ ရယူခဲ့ခြင်းဖြစ်သော်လည်း အမေရိကန်၏ ကွန်ဂရက်လွှတ်တော်က အတည်ပြုခြင်း မရှိခဲ့ပေ။

အာရှဗဟိုပြု မူဝါဒအစီအစဉ်အရ အာရှဒေသအတွင်း အမေရိကန်က စီးပွားရေးအရ ဦးဆောင်မှုပေးနိုင်ရန် အိုဘားမားက တီပီပီသဘောတူညီချက်ကို အသက်သွင်းခဲ့သည်။ တရုတ်နိုင်ငံ မပါဝင်သော ယင်းသဘောတူညီချက်သည် အာရှဒေသဆိုင်ရာ ကုန်သွယ်ရေးစည်းမျဉ်းများကို ရေးဆွဲနိုင်ရန်ကြိုးပမ်းချက်ဖြစ်ခဲ့လေသည်။

တီပီပီသဘောတူညီချက်သည် အိုဘားမား၏ ၂၁ ရာစုခေတ် ကုန်သွယ်ရေးလမ်းပြမြေပုံအဖြစ် ရှုမြင်ကြသည်။ အာရှ-ပစိဖိတ်ဒေသရှိ ကနေဒါ၊ မက္ကဆီကို၊ ပီရူး၊ ချီလီ၊ ဂျပန်၊ မလေးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ ဘရူနိုင်း၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံများက တစ်ဖက်၊ အမေရိကန်ကတစ်ဖက် ရရှိခဲ့သော သဘောတူညီချက်လည်း ဖြစ်လေသည်။

အမေရိကန်သမိုင်းတွင် အကြီးကျယ်ဆုံး ကုန်သွယ်ရေးသဘောတူညီချက်အဖြစ် ယခင် အိုဘားမား၏ အစိုးရအဖွဲ့က မျှော်လင့်ချက် ကြီးကြီးမားမားထားရှိခဲ့သည်။

တီပီပီသဘောတူညီချက် ကြီးကျယ်ရခြင်းမှာ ပထမအချက်အနေဖြင့် ကမ္ဘာ့စီးပွားရေးထုတ်လုပ်မှု၏ ၄၀ ရာခိုင်နှုန်းခန့်၊ ကမ္ဘာ့ကုန်သွယ်ရေး၏ သုံးပုံတစ်ပုံခန့် အကျုံးဝင်ခြင်းကြောင့်ဖြစ်သည်။ ဒုတိယအချက်အနေဖြင့် ကုန်သွယ်ရေးနှင့် မျှတသောယှဉ်ပြိုင်မှုအတွက် အမြင့်ဆုံးစံနှုန်းများကိုသတ်မှတ်ရန် ရည်ရွယ်ပြီး ကမ္ဘာပေါ်တွင်ပေါ်ထွက်ခဲ့ဖူးသမျှ ကုန်သွယ်ရေးသဘောတူညီချက်များအနက် အလုပ်သမားအခွင့်အရေးများနှင့် ပတ်ဝန်းကျင်တို့ကို ကာကွယ်စောင့်ရှောက်ပေးကာ တီထွင်ဆန်းသစ်မှုကို မြှင့်တင်အားပေးမှု အရှိဆုံး သဘောတူညီချက်ဖြစ်ခြင်းကြောင့်ဖြစ်သည်။

တတိယအချက်အနေဖြင့်မူ အနာဂတ်ကာလအတွက် အမေရိကန်၏ အရေးပါသောဒေသအဖြစ်သတ်မှတ်ထားသော အာရှ-ပစိဖိတ်ဒေသတွင် အမေရိကန်ဦးဆောင်မှုအခန်းကဏ္ဍကို မြှင့်တင်ရန်ရည်ရွယ်သည်။

တီပီပီသည် အမေရိကန်၏ ပို့ကုန်များ တိုးတက်မြင့်မားရေးအတွက် အထောက်အကူပြုလိမ့်မည်ဟု အိုဘားမားကမျှော်လင့်ခဲ့သည်။ အကြောင်းမှာ အမေရိကန်လုပ် ကုန်ပစ္စည်းများကို အခြားနိုင်ငံများက လတ်တလောကောက်ခံနေသည့် အခွန်အမျိုးပေါင်း ၁၈၀၀၀ ကျော်ကို ပြန်လည်ဖျက်သိမ်းနိုင်မည်ဖြစ်သောကြောင့်ပင်။ ၎င်းအပြင် ပြည်ပသို့ကုန်ပစ္စည်းတင်ပို့သော အမေရိကန်စီးပွားရေးလုပ်ငန်းများအနေဖြင့် ပြည်ပသို့သွားရောက်ကာ ထုတ်လုပ်ခြင်း ဖြင့် လုပ်အားခစျေးချိုချိုရရှိနိုင်မည်ဖြစ်သည်။

တီပီပီ သဘောတူညီချက်အရ အမေရိကန်နှင့် ကုန်သွယ်မှုပြုလုပ်သော အခြားနိုင်ငံများအနေဖြင့် အလုပ်သမားအခွင့်အရေးဆိုင်ရာ စံနှုန်းများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစံနှုန်းများကို ရေးဆွဲချမှတ်လာစေနိုင်သည်ဟု အိုဘားမားက မျှော်လင့်ခဲ့လေသည်။

**ကိုယ်ကျိုးစီးပွားကာကွယ်ရေးဟူသည်**

ကိုယ်ကျိုးစီးပွားကာကွယ်ရေးဟူသည် လွတ်လပ်သောကုန်သွယ်ရေးနှင့် ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်၏။ အခြေခံကျကျ ကြည့်လျှင်မူ လွတ်လပ်သောကုန်သွယ်ရေးကို ကမ္ဘာ့နိုင်ငံမှန်သမျှ အစစ်အမှန်ကျင့်သုံးနိုင်မှုမရှိ။ ကမ္ဘာပေါ်ရှိ အစိုးရအဖွဲ့အားလုံးတို့မှာ မိမိ၏နယ်စပ်မှဝင်ရောက်လာသော၊ မိမိ၏နယ်စပ်မှထွက်သွားသော ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ၏ လှုပ်ရှားသွားလာမှုကို အနည်းနှင့်အများ ထိန်းချုပ်လေ့ရှိကြသည်မှာ ဓမ္မတာတည်း။

ဤတွင်ရွေ့ကား ကုန်သွယ်ရေးအတားအဆီးများချထားသည့် အကြောင်းတရားများနှင့်စပ်လျဉ်း၍ ကျွန်ုပ် စေ့ငုလေ့လာမိသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများက ကျင့်သုံးလေ့ရှိကြသည်မှာ သက်တမ်းငယ်ရွယ်နုနယ်သော လုပ်ငန်းများကို အစိုးရက ကာကွယ်စောင့်ရှောက်ပေးခြင်းဖြစ်သည်။ ထွန်းသစ်စလုပ်ငန်းများအနေဖြင့် နိုင်ငံတကာစျေးကွက်အထိ ထိုးဖောက်နိုင်ရန် အလားအလာရှိသော်လည်း အချိန်ယူဆောင်ရွက်ရမည့် အနေအထားတွင်ရှိနေခြင်း၊ ကုန်ကျစရိတ်နည်းနည်းဖြင့် အထိရောက်ဆုံးဆောင်ရွက်နိုင်မည့် နည်းလမ်းများကို လေ့လာရန်ရှိနေခြင်း၊ အလုပ်သမားများကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပေးရန်ရှိနေခြင်း စသည့်အခြေအနေတွင် သက်ဆိုင်ရာ အစိုးရက သက်တမ်းနုနယ်သေးသော ထွန်းသစ်စလုပ်ငန်းများကို ကာကွယ်စောင့်ရှောက်ပေးလေ့ရှိလေသည်။

ကိုယ်ကျိုးစီးပွားကာကွယ်မှုပုံစံ နောက်တစ်မျိုးမှာ အလုပ်အကိုင်နေရာများကို ကာကွယ်စောင့်ရှောက်မှုဖြစ်သည်။ လုပ်ငန်းတိုးတက်မှုရှိမလာဘဲ ဆုတ်ယုတ်လာနေသည့်လုပ်ငန်းများ (နေဝင်ချိန်ရောက်နေသည့်လုပ်ငန်းများ) အသက်ဆက်နိုင်ရေးအတွက် အစိုးရက ကျားကန်ပေးရသည့် သာဓကကို ကျွန်ုပ်တို့ တွေ့မြင်ခဲ့ကြရပြီးဖြစ်သည်။

အမေရိကန်သမ္မတ ဘုရှ်လက်ထက် ၂၀၀၂ ခုနှစ်က အစိုးရက သံမဏိစက်ရုံများကို ကာကွယ်စောင့်ရှောက်ပေးသည့်အနေဖြင့် ပြည်ပမှတင်သွင်းသော သံမဏိအပေါ် ၈ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ အခွန်ကောက်ယူခဲ့ရာ နိုင်ငံတကာတွင် ပွက်လောရိုက်ခဲ့သည်။ ယင်းသို့မှ မဆောင်ရွက်လျှင် အလုပ်လက်မဲ့ပြဿနာနှင့် ဒေဝါလီခံရမှုပြဿနာတို့မှ ဆင့်ပွားဆိုးကျိုးများရိုက်ခတ်မှုကို ဖြစ်ပေါ်စေပေလိမ့်မည်။

ကိုယ်ကျိုးစီးပွားကာကွယ်မှုနည်းလမ်းတစ်မျိုးမှာမူ အစိုးရများက ဝင်ငွေတိုးစေရန်ရည်ရွယ်လျက် နိုင်ငံခြားကုန်ပစ္စည်းများအပေါ် အခွန်ကောက်ယူခြင်းပေတည်း။ နိုင်ငံအတွင်း အလုပ်လက်မဲ့နှုန်း အလွန်မြင့်မားနေပြီး ကုမ္ပဏီကြီးများဟူ၍ မည်မည်ရရမရှိ၊ ကော်ပိုရေးရှင်းခွန်လည်းမရ၊ ဝင်ငွေခွန်လည်းနည်းနေချိန်တွင် အခွန်ဘဏ္ဍာငွေ တိုးစေဖို့ သွင်းကုန်များအပေါ် အခွန်တိုးမြှင့်ကောက်ယူခြင်းဖြစ်၏။

အမျိုးသားလုံခြုံရေးအတွက် ကိုယ်ကျိုးစီးပွားကာကွယ်ပုံများကို သမိုင်းက သိကြားစေသက်သေညွှန်း၏။ နိုင်ငံတော်အဝန်းအကျပ်အတည်းဆိုက်နေချိန် သို့မဟုတ် စစ်မက်ဖြစ်ပွားချိန်ကာလအတွင်း စိုက်ပျိုးရေးနှင့်သံမဏိလုပ်ငန်းများကို အစိုးရက ကာကွယ်စောင့်ရှောက်ပေးလေ့ရှိသည်။ သို့မှသာ ရန်သူ၏ ဖြတ်တောက်ရေးဗျူဟာကို ကြံ့ကြံ့ခံကာ ပြည်တွင်း၌ ဆန်ရေစပါးကို အလျှဉ်မီအောင်ထုတ်လုပ်နိုင်သည်၊ တိုက်ပွဲဝင်မည့်သံချပ်ကာများနှင့် ခဲယမ်းမီးကျောက်တို့ကို အလုံအလောက်ထုတ်လုပ်နိုင်သည်။

ကိုယ်ကျိုးစီးပွားကာကွယ်မှု နည်းလမ်းတစ်သွယ်မှာ စားသုံးသူ ပြည်သူများအား ကျန်းမာရေး ဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန် ပြည်ပမှ စားသောက်ကုန်များအပေါ် တားမြစ်ပိတ်ပင်ခြင်းဖြစ်လေသည်။ သာဓကတစ်ရပ်ကို ညွှန်းရသော် အမေရိကန်၏ အမဲသားနှင့် နို့ထွက်ပစ္စည်းများအပေါ် ဥရောပသမဂ္ဂက ပိတ်ပင်ခြင်းဖြစ်သည်။ အမေရိကန်၏ မွေးမြူရေးကျွဲနွားများ အကောင်ကြီးထွားစေရန်နှင့် နို့ထွက်မှုကောင်းစေရေးအတွက် ဟိုမုန်းများကို ထိုးနှံပေးသည်ဟုဆိုကာ အမဲသားနှင့် နို့ထွက်ကုန်များအပေါ် ဥရောပသမဂ္ဂက ပိတ်ပင်ခဲ့ဖူးလေသည်။

ကျင့်ဝတ်မညီသည့်လုပ်ဆောင်ချက်များကို အားပေးမှုမရှိသည့် ဆောင်ရွက်ချက်အဖြစ် နိုင်ငံခြားသွင်းကုန်များအပေါ် သပိတ်မှောက်သည့် နည်းလမ်းတစ်မျိုးရှိသေးသည်။ အလုပ်သမားများ၏လုပ်အားကို ကျေးကျွန်သဖွယ်ညှစ်ထုတ်ယူပြီး အလုပ်သမားအခွင့်အရေးများကို အလေးမထားသည့်အလုပ်ရှင်များက ရောင်းချသည့်ထုတ်ကုန်များကို ဝယ်ယူခြင်းမပြုဘဲ သပိတ်မှောက်နိုင်သည်။

၎င်းအပြင် ပြည်တွင်းစစ်ကို မီးထိုးပေးနေသော အစိုးရအဖွဲ့အစည်းနှင့် အကြမ်းဖက်အုပ်စုများကို ပြစ်ဒဏ်ခတ်သည့်အနေဖြင့် ၎င်းတို့၏ ဘဏ္ဍာရေးစီးကြောင်းကို ဖြတ်တောက်နိုင်ရန် ကုန်သွယ်ရေးအရ ကန့်သတ်မှုများချမှတ်ခြင်းကိုလည်း တွေ့မြင်နိုင်လေသည်။

အစိုးရအဖွဲ့များအနေဖြင့် ရံဖန်ရံခါတွင် ပြည်ပမှ ကုန်ပစ္စည်းများ အောတိုက်သွင်းမှုမပြုလုပ်နိုင်အောင် ကာကွယ်စောင့်ရှောက်ရသည်လည်းရှိ၏။ သာဓကပြည့်ညွှန်းရလျှင် ဥရောပသမဂ္ဂတွင် ထောပတ်နှင့် နို့များ ပြည်တွင်းဝယ်လိုအားထက်ကျော်လွန်ကာ ပိုလျှံနေချိန်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ထုပ်လုပ်မှုစရိတ်အောက်နည်းသော စျေးနှုန်းဖြင့် အောတိုက်တင်ပို့လေ့ရှိသည်။ ဤတွင် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ သက်ဆိုင်ရာအစိုးရအဖွဲ့များက ပြည်တွင်း နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းကို ကာကွယ်စောင့်ရှောက်မှုမပြုပါက နို့နှင့်နို့ထွက်ကုန်ထုတ်လုပ်သူများမှာ မကြာမတင်မှာပင် အလုပ်လက်မဲ့ဘဝသို့ ကျရောက်တတ်လေသည်။

နိုင်ငံတကာ ငွေပေးငွေယူရှင်းတမ်းတွင် လိုငွေပြမှုလျှော့နည်းနိုင်ရေးအတွက် ကုန်သွယ်ရေးကန့်သတ်ချက်များကို ယာယီချမှတ်ကာကျင့်သုံးသည့်နည်းလမ်းတစ်ရပ်မှာလည်း ကိုယ်ကျိုးစီးပွားကာကွယ်မှု ပုံစံတစ်မျိုးအဖြစ် တွေ့မြင်ရပြန်သည်။

ယှဉ်ကျေးမှုအရ နယ်ချဲ့မှုကို တားဆီးနိုင်ရန်ရည်ရွယ်၍ ပြည်ပအင်အားကြီးနိုင်ငံတို့မှ စာနယ်ဇင်းများ၊ ဖတ်စာအုပ်များ ဝင်ရောက်လာမှုတန့်သွားအောင် အခွန်ကို အဆမတန်ကောက်ယူခြင်းမှာ ယဉ်ကျေးမှုအရ ကာကွယ်စောင့်ရှောက်ခြင်းဟု ဆိုကြလေသည်။

**ခပ်ကြမ်းကြမ်း ဝေဖန်သံများ**

တီပီပီသဘောတူညီချက်ကို ထရန့်က ဖျက်သိမ်းလိုက်ခြင်းနှင့်ပတ်သက်၍ ခပ်ကြမ်းကြမ်းဝေဖန်သံများ မဆိုင်းမတွ ပေါ်ထွက်ခဲ့လေသည်။

ကိုယ်ကျိုးစီးပွား ကာကွယ်ရေးသမား၊ အထီးကျန် တစ်ကိုယ်တော်ရှက်လွှင့်သူ၊ ကမ္ဘာ့နိုင်ငံများ လက်တွဲရေးဝါဒကို ဆန့်ကျင်သူအဖြစ် ထရန့်ကို ထိုးနှက်ကြ၏။

တီပီပီထောက်ခံသူများ၏အမြင်အရ တီပီပီအကောင်အထည်ဖော်ခြင်းဖြင့် ပြည်ပမှတင်သွင်းသော ကုန်ပစ္စည်းများကို စားသုံးသူပြည်သူတို့ စျေးချိုချိုဖြင့် ဝယ်ယူနိုင်မည်၊ အမေရိကန်ပြည်ထောင်စုကြီး ဝင်ငွေတိုးမည်၊ မိမိနိုင်ငံမှ အလုပ်အကိုင်နေရာများကို အခြားနိုင်ငံများ ရရှိသွားမည်ဖြစ်သော်လည်း ပြည်တွင်းရှိ အခြားသော လုပ်ငန်းနယ်ပယ်ကဏ္ဍများနှင့် အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ခြင်းဖြင့် ထေမိ ကာမိစေမည်၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လုပ်ငန်းခွင်အခြေအနေများ တိုးတက်လာမည်စသည်ဖြင့် အကောင်းဘက်မှ မျှော်လင့်ခဲ့ကြလေသည်။

အထက်ဖော်ပြပါ ကောင်းကျိုးများကို ဒေါ်နယ်ထရန့်က ချေဖျက်လိုက်ခြင်းကြောင့် နိုင်ငံတကာကုန်သွယ်ရေး၊ စီးပွားရေးနှင့် ဆက်ဆံရေးတို့တွင် အမေရိကန်၏ ဩဇာအာဏာကျဆင်းသွားတော့မည်ဖြစ်ရာ မဟာနိုင်ငံတော်ကြီးကို ထရန့်က အသို့တည်ဆောက်မည်နည်းဟူ၍ မေးခွန်းထုတ်ကြလေသည်။

ကိုယ်ကျိုးစီးပွားကာကွယ်မှုဟူသည် ရေရှည်တွင် ကမ္ဘာ့စျေးကွက်အတွင်း ယှဉ်ပြိုင်နိုင်စွမ်း ကျဆင်းနိုင်ပုံကို စီးပွားရေးသမိုင်းက သင်ခန်းစာပေးပြီးဖြစ်သည်။ ကမ္ဘာ့စီးပွားရေးနယ်ပယ်တွင် မမျှတသောယှဉ်ပြိုင်မှုများ မရှိအပ်၊ ယှဉ်ပြိုင်မှုကို အမြဲတစေ တွေ့ကြုံရမည်ဖြစ်သော်လည်း ယှဉ်ပြိုင်နိုင်မှု တစ်ခုတည်းကိုသာ အာရုံစိုက်နေ၍ မရဘဲ နိုင်ငံခြားကုန်သွယ်မှုအရ မိမိနိုင်ငံ တန်ဖိုးတက်လာအောင် လုပ်ကြရန်သာရှိသည်ဟု ကျွန်ုပ် တွေးတောမိသည်။ လောကီစီးပွားတိုးအောင် ကြိုးပမ်းကြရာတွင် တန်ဖိုးတက်အောင် အစဉ်ကြိုးပမ်းနေရမည်ဟု တွေးတောမိရင်း "တန်ဖိုးတက်အောင် ရှက်ဆောင်ကြိုးပမ်း ရှေ့သို့လှမ်းချီ ဤလောကီ" ဟူ၍ ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

# ကျေးလက်လမ်းများဖွံ့ဖြိုးရေးဆိုင်ရာမဟာဗျူဟာ(မူကြမ်း) အကြံဉာဏ်ရယူခြင်း အလုပ်ရုံဆွေးနွေးပွဲပြုလုပ်



**ပဲခူး ဇန်နဝါရီ ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးမှူး၍ ပဲခူးတိုင်းဒေသကြီး ကျေးလက်လမ်းများဖွံ့ဖြိုးရေးဆိုင်ရာ မဟာဗျူဟာ (မူကြမ်း) အကြံဉာဏ်ရယူခြင်း အလုပ်ရုံဆွေးနွေးပွဲကို ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ် ကမ္ဘောဇသာဒီခန်းမ၌ ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတစ်ခုအဖို့ ဦးတည်ဆောင်ရွက်သည့်နေရာ၌ အခြေခံအဆောက်အအုံဖြစ်သော လမ်းနှင့်တံတားများ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသည့် အချက်တစ်ခုအနေဖြင့် ပါဝင်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအနေဖြင့်လည်း ကျေးရွာချင်းဆက်သွယ်သည့်လမ်းများ၊ မြို့နှင့်ကျေးရွာဆက်သွယ်သည့်လမ်းများ လိုအပ်သလောက်မရှိသေးသောကြောင့် ထပ်မံဆောင်ရွက်ဖို့ များစွာကျန်ရှိနေကြောင်း၊ ရာသီမရွေးသွားလာနိုင်သည့်လမ်းများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားဖို့လိုကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုအကျိုးစီးပွားမြှင့်တင်ဖို့ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်တွေမှာ ပိုမိုကောင်းမွန်ရန်အတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ဖို့ ဦးစွာအရေးတကြီးလိုအပ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ကျေးလက်ဒေသဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက မိတ်ဆက်စကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းလွင်က ကျေးလက်လမ်းများဖွံ့ဖြိုးရေးဆိုင်ရာမဟာဗျူဟာ(မူကြမ်း)အား ရှင်းလင်းပြောကြားပြီး အဆိုပါမူကြမ်းအပေါ်တက်ရောက်လာသူများမှ အကြံပြုဆွေးနွေးကြပြီး ကျေးလက်လမ်းများဖွံ့ဖြိုးရေးဆိုင်ရာ မဟာဗျူဟာ(မူကြမ်း)အား ၂၀၃၀ ခုနှစ်တွင် မြန်မာနိုင်ငံရှိ ကျေးရွာများအားလုံး၏ ၈၀ ရာခိုင်နှုန်းနှင့် ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းတို့သည် ရာသီမရွေးသွားလာနိုင်သည့် ကျေးလက်လမ်းများကို အသုံးပြုနိုင်ရန်ရည်ရွယ်၍ မဟာဗျူဟာရေးဆွဲခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အကြံပြုချက်များအပေါ်အခြေခံကာ မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အား ၂၀၁၇ မတ်လတွင် အပြီးရေးဆွဲသွားမည်ဖြစ်သည်။ အဆိုပါမူကြမ်းတွင် ကျေးလက်လမ်းများ၏ စံနှုန်းသတ်မှတ်ချက်များ၊ ကျေးလက်လမ်းနှင့် တံတားများ၊ ကျေးလက်ဒေသ ဆက်သွယ်ရေးအခြေအနေ၊ အဓိကကျေးရွာချင်းဆက်လမ်းများ၊ ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်များ၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ ရန်ပုံငွေရရှိမှု၊ စီမံကိန်းရေးဆွဲခြင်းနှင့် ဦးစားပေးအဆင့်ရွေးချယ်ခြင်း၊ ဘတ်ဂျက်ခွဲဝေခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်း၊ အဖွဲ့အစည်းများ တာဝန် စသည်တို့ပါဝင်ကြောင်း သိရသည်။

ယင်းအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးချုပ်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်တာဝန်ရှိသူများ၊ ကုမ္ပဏီများ၊ ပြည်သူများနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

## တနင်္သာရီတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ထားဝယ် ဇန်နဝါရီ ၂၈**

စားသုံးသူအခွင့်အရေးနှင့် စားသုံးသူအကျိုးစီးပွားကာကွယ်ရေး ဆောင်ရွက်ရန်၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရေးဆောင်ရွက်ရန်၊ ကုန်စည်နှင့်ဝန်ဆောင်မှုများ၏ အရည်အသွေးစီမံခန့်ခွဲမှုနှင့် သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၁၇) ကို ထားဝယ်မြို့ တိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးမှူး ဦးဝင်းထွန်းက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းပြောကြား၍ တက်ရောက်လာသူများက စားသုံးသူအကာအကွယ်ပေးရေးအကြောင်းနှင့် စားသုံးသူများ လုံခြုံမှုရှိစေရန်အကြောင်းများအား ရှင်းလင်းဆွေးနွေးခဲ့သည်။

အစည်းအဝေးသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်း၊ တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုန်သွယ်ရေးစခန်းမှ တာဝန်ရှိသူများ၊ စားသုံးသူကိုယ်စားလှယ်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထားဝယ်ခရိုင်(ပြန်/ဆက်)**

## စာဖတ်ရှိန်မြှင့်မားရေး ဆွေးနွေးပွဲကျင်းပ

**လောင်းလုံး ဇန်နဝါရီ ၂၈**

လောင်းလုံးမြို့နေ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားလာစေရန်အတွက် လူထုအခြေပြု စာဖတ်ရှိန်မြှင့်မားရေးဆွေးနွေးပွဲကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ပြည်သူ့စာကြည့်တိုက်တွင် ဇန်နဝါရီ ၂၆ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးဝါက ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာများနှင့် စာဖတ်/စာငှားပရိသတ်များက ပြန်လည်ဆွေးနွေးခဲ့သည်။

**စိုးထွန်း(ပြန်/ဆက်)**

# ကျောင်းသား၊ ကျောင်းသူများအား စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဟောပြော၍ နံရံကပ်စာစောင်များပြသ



**တာချီလိတ် ဇန်နဝါရီ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနက အခြေခံပညာကျောင်းသား၊ ကျောင်းသူများအား စိုက်ပျိုးရေးဆိုင်ရာ အသိပညာဗဟုသုတများ သိရှိနားလည်ပြီး မိမိတို့ပတ်ဝန်းကျင်ရှိ တောင်သူများအား လက်ဆင့်ကမ်းဖြန့်ဝေကာ လူမှုစီးပွားဖွံ့ဖြိုးရေး ရည်ရွယ်လျက် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဆန်ဆိုင်းအခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဇန်နဝါရီ ၂၅ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ခရိုင်စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မော်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးလှဝင်းက ဟောပြောပွဲကျင်းပရခြင်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တာလေမြို့စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးလွှမ်းမိုးသူက ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး အခြေခံလိုအပ်ချက်များ၊ ဆန်စပါးအခြေပြု တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များတွင် အသုံးပြုပုံနည်းစနစ်များအား နှိုင်းယှဉ်ပြသခြင်း၊ နှစ်ရှည်သီးနှံများဖြစ်သည့် ရော်ဘာ၊ လက်ဖက်၊ ကော်ဖီ ထုတ်ကုန်များနှင့် အသုံးဝင်ပုံများ၊ တစ်ပိုင်တစ်နိုင် ဟင်းသီးဟင်းရွက်စိုက်ပျိုးနည်းစနစ်များ၊ ပိုးသတ်ဆေးအန္တရာယ်နှင့် စနစ်တကျကိုင်တွယ်သုံးစွဲနည်းများ၊ စိုက်ပျိုးရေးထုတ်ကုန်များနှင့် ကျန်းမာရေးဆိုင်ရာ ဆက်နွယ်မှုများအား ရှင်းလင်းဟောပြောခဲ့သည်။

ဟောပြောပွဲအပြီးတွင် စိုက်ပျိုးဆိုင်ရာအသိပညာဗဟုသုတများအား ဆွေးနွေးမေးမြန်းခြင်းပြုလုပ်ရာ ပြည့်စုံမှန်ကန်စွာ ဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများကို အမှတ်တရလက်ဆောင်များချီးမြှင့်ပေးပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူ ၃၀၀ ကျော်တို့အား စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကာ နံရံကပ်ပိုစတာ၊ စာစောင်များပြသဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝေယံလင်း**

## ဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှုမြှင့်မားရေး ဆင့်ပွားသင်တန်းဖွင့်လှစ်

**ဘားအံ ဇန်နဝါရီ ၂၈**

ဝန်ထမ်းများ ရုံးလုပ်ငန်းဆောင်ရွက်ရာတွင် ကျွမ်းကျင်မှုရှိစေရန်နှင့် စနစ်တကျဆောင်ရွက်တတ်စေရန် ဘားအံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လုပ်ငန်းကျွမ်းကျင်မှုမြှင့်မားရေး ဆင့်ပွားသင်တန်း (၁/၂၀၁၇) ဖွင့်ပွဲကို ဇန်နဝါရီ ၂၆ ရက် နံနက် ၈ နာရီက ဘားအံခရိုင်ရုံးအပေါ်ထပ် သင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးဌာနမှူး ဒေါ်တင်တင်ထွေးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ဘားအံခရိုင်အတွင်းရှိ မြို့နယ်များမှ သင်တန်းသား၊ သင်တန်းသူ ၁၆ ဦးတက်ရောက်ကြပြီး နိုင်ငံသမိုင်းအဆင့်ဆင့် ပြောင်းလဲတိုးတက်မှုများဘာသာရပ်၊ ပြည်သူ့စာကြည့်တိုက်များ စီမံခန့်ခွဲရေး၊ ငွေစာရင်းထိန်းသိမ်းနည်းဘာသာရပ်၊ ရုံးစာရေးသားနည်းနှင့် စီမံခန့်ခွဲရေးဘာသာရပ်၊ ပြည်သူ့ဆက်ဆံရေးဘာသာရပ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ သတင်းမီဒီယာနှင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေဘာသာရပ်တို့ကို ဆင့်ပွားပို့ချပေးသွားမည်ဖြစ်သည်။

ယင်းသို့ ဆင့်ပွားသင်တန်းများဖွင့်လှစ်ခြင်းအားဖြင့် ဝန်ထမ်းတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်တိုးတက်ပြီး ဌာနလုပ်ငန်းများကို သွက်လက်ထက်မြက်စွာဖြင့် စနစ်တကျ ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သင်တန်းကာလမှာ ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၁ ရက်နေ့ထိဖြစ်ပြီး ဖေဖော်ဝါရီတတိယပတ်တွင် ဆင့်ပွားသင်တန်း (၂/၂၀၁၇) ကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ပြည်ကြီးမဏ္ဍိုင်မြို့ ရတနာပုံကျေးရွာ နယ်စပ်လမ်းဖောက်လုပ်

**တနင်္သာရီ ဇန်နဝါရီ ၂၈**

တနင်္သာရီတိုင်းဒေသကြီး ပြည်ကြီးမဏ္ဍိုင်မြို့မှ ရတနာပုံကျေးရွာသို့သွားသည့် နယ်စပ်လမ်းအား ပြည်ထောင်စုအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မြိတ်မြို့ လမ်းအထူးအဖွဲ့(၂၄)မှ အင်ဂျင်နီယာ ဦးကိုကိုခိုင်က ခွင့်ပြုငွေကျပ်သန်း ၁၀၀၀ ဖြင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်မှစ၍ဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ် မတ် ၃၁ ရက်တွင် အပြီးသတ်ဖောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

လမ်းအရှည် ၃၈ မိုင် ၇ ဖာလုံ၊ မြေသားလမ်းချော လမ်းအကျယ်မှာ ပြည်ကြီးမဏ္ဍိုင်မြို့မှ ၁၄ မိုင်အထိကို ပေ ၄၀ အကျယ်နှင့် ၁၄ မိုင်မှ ရတနာပုံကျေးရွာအထိကို ပေ ၂၀ အကျယ် ဖောက်လုပ်သွားမည်ဖြစ်ပြီး အရေးကြီးတံတားများကို ဘေလီတံတားများ တည်ဆောက်ပေးမည်ဖြစ်သည်။

ယခုဖောက်လုပ်ပေးလျက်ရှိသော နယ်စပ်လမ်း ပြီးသွားပါက ဒေသမှထွက်ရှိသော ကွမ်း၊ ကွမ်းသီးနှင့် ရော်ဘာပို့ကုန်များကို မြိတ်မြို့နှင့် ရန်ကုန်မြို့များသို့ လွယ်ကူလျင်မြန်စွာ ပို့ဆောင်ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ပြန်/ဆက်)**

## ကျောက်ဆည်မြို့တွင် မူးယစ်ဆေးဝါး အသိပညာပေးဟောပြော

**ကျောက်ဆည် ဇန်နဝါရီ ၂၈**

ကျောက်ဆည်မြို့နယ် မြို့မရဲစခန်းနှင့် စက်မှုဇုန်နယ်မြေ ကြံ့ခိုင်ကောင်ဘိလပ်မြေစက်ရုံတို့ ပူးပေါင်းပြီး မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၅ ရက် ညနေ ၃ နာရီက အဆိုပါစက်ရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကျောက်ဆည်မြို့မရဲစခန်း စခန်းမှူး ဒုရဲမှူးသိန်းဝင်းက မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောခြင်း၊ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ် တိကျစွာလိုက်နာရေးတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အဆိုပါဘိလပ်မြေစက်ရုံ စီမံကိန်းမန်နေဂျာ ဦးတင်ဝင်းအောင်က သက်ငယ်မုဒိမ်းမှုအကြောင်းကို ရှင်းလင်းမေးမြန်းရာ မြို့မစခန်းမှူး ဒုရဲမှူးသိန်းဝင်းက ပြန်လည်ဖြေကြားရာတွင် သက်ငယ်မုဒိမ်းမှုကို ထိရောက်သောပြစ်ဒဏ်ရရှိရေးအတွက် ခရိုင်ရုံးများတွင် တရားစွဲဆိုမှုအား ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး မူးယစ်ဆေးဝါးအန္တရာယ်တားဆီးရေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။ **ရဲတင့်**

# မိုင်းရှူးမြို့တွင် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ၂၄ နာရီရရှိပြီဖြစ် အိမ်ထောင်စု ခုနစ်ထောင်ကျော်ခန့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးလာမည်

**မိုင်းရှူး ဇန်နဝါရီ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းရှူးမြို့တွင် မိုင်းရှူးမြို့ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၆၆ ကေဗွီ ၃၇ ဒသမ ၃၇ မိုင် ဓာတ်အားလိုင်းနှင့် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံကို ဇန်နဝါရီ ၂၆ ရက်က စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အဖွင့်အမှာစကား ပြောကြားပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးဆွေသိန်းက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ ယခု ၆၆ ကေဗွီ ၃၇ ဒသမ ၃၇ မိုင် ဓာတ်အားလိုင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအစိုးရရန်ပုံငွေဖြင့် မိုင်းနောင် ၆၆ ကေဗွီအေ ဓာတ်အားခွဲရုံမှ ၃၇ ဒသမ ၃၇ မိုင်ခန့် ဓာတ်အားလိုင်း တည်ဆောက်ကာ မိုင်းရှူးမြို့တွင် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တစ်ရုံ တည်ဆောက်ပြီး မိုင်းရှူးမြို့နယ်အတွင်းရှိ ပြည်သူများကို ဓာတ်အားပေးမှာဖြစ်ကြောင်း၊ ဓာတ်အားခွဲရုံကို နိုင်ငံတော်အစိုးရရန်ပုံငွေမှ သန်းပေါင်း ၃၈၅၅ ဒသမ ၃၅၄ သန်း အကုန်ကျခံ၍ တည်ဆောက်ခြင်းဖြစ်သည့်အတွက် ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် လူမှုစီးပွားဘဝများ အကျိုးခံစားရမှာ ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ရှမ်းပြည်နယ်လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသန်းရွှေက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအကြောင်း ရှင်းလင်းတင်ပြပြီး ဒေသခံ မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယခု ဖွင့်လှစ်လိုက်သည့် မိုင်းရှူးမြို့၏ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံကြီးမှ အိမ်ထောင်စု ၇၁၆၁ စုအား လျှပ်စစ်ဓာတ်အားကို ၂၄ နာရီ ရရှိမည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးလာမည်ဖြစ်သည်။

မိုင်းရှူးမြို့သည် ယခင်က ၁၅၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်ဖြင့်၁၉၈၁ ခုနှစ် ဇွန် ၇ ရက်မှစတင်၍ တစ်ရက်လျှင် ၃ နာရီနှုန်းဖြင့် ဓာတ်အားဖြန့်ဖြူးပေးခဲ့ပြီး ၁၉၈၈ ခုနှစ် ဩဂုတ် ၁ ရက်မှစ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် မြို့မီးလင်းရေးကော်မတီတို့ အကျိုးတူစာချုပ်ချုပ်ဆို၍ တစ်ရက်လျှင် ၁၈ နာရီ ဓာတ်အားဖြန့်ဖြူးပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။

"အရင် ပုဂ္ဂလိကလုပ်ငန်းတုန်းက တစ်ယူနစ်ကို ၂၇၅ ကျပ်နဲ့ဆောင်ရတာပါ။ အခုနိုင်ငံတော်အစိုးရရဲ့ ဓာတ်အားလိုင်းစနစ်ကျတော့ တစ်ယူနစ် ၃၅ ကျပ်နှုန်းပဲဆိုတော့ ကျွန်မတို့အနေနဲ့ အများကြီးသက်သာတာပေါ့။ အရင်မီးက အချိန်နဲ့လေ။ အခုက ၂၄ နာရီအပြည့်ဆိုတော့ ကျွန်မတို့ရဲ့ လူမှုစီးပွားကဏ္ဍတွေမှာ များစွာအကျိုးဖြစ်ထွန်းမှာဖြစ်ပါတယ်" ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**




# ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းနှင့်ပတ်သက်ပြီး ကျေးရွာနေပြည်သူများအား တွေ့ဆုံရှင်းလင်း

**နေပြည်တော် ဇန်နဝါရီ ၂၈**

ကျေးရွာနှင့် ကျေးရွာနေပြည်သူများ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးတက်ရရှိရေးစသည့် စီမံကိန်းသုံးခုဖြင့် အခြေခံပြီးဆောင်ရွက်ရမည့် ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းကို နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ တဲကြီးကုန်းကျေးရွာအုပ်စု တဲကြီးကုန်း၊ ဂုံမင်းအင်းနှင့် ရှားတောကျေးရွာများတွင် စတင်၍ဆောင်ရွက်ပေးလျက်ရှိရာ တဲကြီးကုန်းကျေးရွာ၏ ၂၀၁၇ ခုနှစ်အတွင်း စီမံဆောင်ရွက်ပေးမည့် လုပ်ငန်းစီမံချက်များကို ကျေးရွာနေပြည်သူများအား တွေ့ဆုံရှင်းလင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။



တွေ့ဆုံပွဲပြုလုပ်ရခြင်းနှင့်ပတ်သက်၍ တဲကြီးကုန်းကျေးရွာ ဆယ်မာအူးလ်အွန်ဒုံကော်မတီ ဥက္ကဋ္ဌ ဦးသန်းထွန်းက ရှင်းလင်းပြောကြားခဲ့သည်။

"မနှစ်က ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းကို ဆောင်ရွက်နိုင်ဖို့ ငွေကျပ် ၂၃၃ သိန်းရတယ်။ စီမံကိန်းသုံးခုနဲ့ ဆောင်ရွက်ရတယ်။ ဒီနှစ်တော့ လမ်းဘေးဓာတ်တိုင်တွေနဲ့ ဖြည့်စွက်ဓာတ်တိုင်တွေ သွယ်တန်းပြီးတော့ ရေသန့်စက်တစ်ခုကိုလည်း တည်ဆောက်နိုင်ဖို့စီမံထားပါတယ်။ ဝင်ငွေတိုးတက်ရရှိရေးစီမံကိန်းကို ဇန်နဝါရီ ၂၇ ရက်မှစတင်ပြီး လျှောက်လွှာခေါ်ယူသွားမှာဖြစ်ပါတယ်" ဟု ကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းက ပြောသည်။

"ချေးငွေနဲ့ပတ်သက်ပြီး မနှစ်ကတော့ လူပေါင်း ၁၅၀ ကို ချေးပေးနိုင်ခဲ့တယ်။ မနှစ်ကဝင်ငွေတိုး လက်ကျန်လည်းရှိသေးတော့ ဒီနှစ်ချေးငွေက လူတစ်ဦးကို တစ်သိန်းနှုန်းလောက်ရမယ်လို့ ထင်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားလုပ်ငန်းတွေဆောင်ရွက်နိုင်အောင်လို့ချေးပေးရခြင်းဖြစ်တယ်" ဟု အတွင်းရေးမှူး ဦးလှမြင့်က ပြောသည်။

အဆိုပါ ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းများအနက် ကျေးရွာတစ်ရွာလျှင် ၂၃၃ သိန်း ချထားပေးပြီး လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးတွင် ၆၀ ရာခိုင်နှုန်း၊ ဝင်ငွေတိုးတက်ရရှိရေးတွင် ၃၅ ရာခိုင်နှုန်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတွင် ၅ ရာခိုင်နှုန်း အသီးသီးခွဲဝေအသုံးပြုနိုင်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ကဏ္ဍတစ်ခုချင်းစီ၌ ကြီးကြပ်ရေးမှူးများဖြင့် အဆင့်ဆင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ထားရှိမှုမှတ်တမ်းများကိုလည်း ကြော်ငြာသင်ပုန်းမှာ ပွင့်လင်းမြင်သာစွာ ချပြထားရမည်ဖြစ်သည်။

အဆိုပါတွေ့ဆုံရှင်းလင်းပွဲအခမ်းအနားသို့ တဲကြီးကုန်းကျေးရွာအုပ်ချုပ်ရေးမှူး၊ တဲကြီးကုန်းကျေးရွာ ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သန့်မောင်**

# သီးနှံအထွက်နှုန်းတိုးတက်မြင့်မားရေးအတွက် တောင်သူနည်းပညာပေး ဆွေးနွေးပွဲကျင်းပ

**ပုသိမ် ဇန်နဝါရီ ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏စီစဉ်မှုဖြင့် ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ ဒေါင့်ကြီးဘက်ကျေးရွာ ရွှေကျောင်းမွေ့ရုံ၌ သီးနှံအထွက်တိုးတက်မြင့်မားရေး တောင်သူနည်းပညာပေး ဆွေးနွေးပွဲ ကျင်းခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးစိန်မောင်မြင့်က ဒေသခံတောင်သူများ၏ စိုက်ပျိုးသီးနှံအလိုက် အထွက်နှုန်းတိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်သင့်သည့် နည်းပညာအချက်အလက်များအား ဆွေးနွေးခဲ့ပြီး တက်ရောက်လာသောဒေသခံတောင်သူများက အပြန်အလှန် ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဒေသခံကိုင်းသီးနှံစိုက်တောင်သူ ဦးရဲဝင်းက သီးနှံအထွက်တိုးတက်ရေးအတွက် ဩော်ဂဲနစ်စိုက်ပျိုးရေးဆေးသုံးစွဲမှုအတွေ့အကြုံများအား ရှင်းလင်းဆွေးနွေးခဲ့ပြီး အဆိုပါဆွေးနွေးပွဲသို့ ငါးသိုင်းချောင်းမြို့ စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်အေးအေးကျော်နှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာများ၊ ငဝန်မြစ်ကမ်းတစ်လျှောက်ရှိ ဒေါင့်ကြီးဘက်နှင့် သောင်ကြီးကျေးရွာအုပ်စုတို့မှ ဒေသခံတောင်သူ ၁၀၀ တက်ရောက်ဆွေးနွေးခဲ့သည်။

ယင်းနောက် တောင်သူဦးကျော်ညွန့်၏ကိုင်းသီးနှံ မတ်ပဲရေဆင်း(၂)၊ မန်းဒ (၃၁) ဩော်ဂဲနစ် သီးနှံစိုက်ပျိုးရေး စမ်းသပ်စိုက်ကွက်အား ကွင်းဆင်းလေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

## သတင်းတို

### စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် စာအုပ်ပြပွဲကျင်းပ

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ကျောက်ထုမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် ဇန်နဝါရီ ၂၄ ရက်က မူလတန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲပြုလုပ်ရာ ကျောင်းသား၊ ကျောင်းသား ၃၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အဖွဲ့သုံးဖွဲ့ခွဲ၍ ဝင်ရောက်ယှဉ်ပြိုင်ကာ ဆုများချီးမြှင့်ကြောင်းနှင့် အဆိုပါကလေးငယ်များသည် ဌာနကစီစဉ်ပြသထားသည့် စာအုပ်ပြပွဲကို စိတ်ပါဝင်စားစွာ စာပေလေ့လာဖတ်ရှုနိုင်ရေး ဦးစီးမှူး ဦးအေးလင်းက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(၄၆၅)**

### ရွာလွတ်ကျေးရွာတွင် စာပေချစ်သူများပူးပေါင်းပြီး စာပေဟောပြောပွဲကျင်းပ

ကျေးလက်နေပြည်သူများ စာပေဗဟုသုတရရှိစေရန်အတွက် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ရွာလွတ်ကျေးရွာ ဘဝသစ်စာကြည့်တိုက်ရှေ့တွင် စာပေချစ်သူများပူးပေါင်းပြီး စာပေဟောပြောပွဲကို ဇန်နဝါရီ ၂၅ ရက် ည ၇ နာရီက ကျင်းပခဲ့သည်။

စာရေးဆရာကြီးများဖြစ်ကြသည့် ဆရာချစ်နိုင်က 'လူငယ်ဆိုတာ အနာဂတ်ပါပဲ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာနွမ်ဂျာသိုင်းက 'စာရေးသူမှ စာဖတ်သူသို့' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာအကြည်တော်က 'လမ်းနှစ်သွယ်' ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### နွားထိုးကြီးမြို့နယ်တွင် နယ်မြေလုံခြုံရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးဆောင်ရွက်

နယ်မြေလုံခြုံရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးအတွက် မော်တော်ယာဉ်နှင့် ဆိုင်ကယ်များအားစစ်ဆေးခြင်းကို နွားထိုးကြီးမြို့ မြို့ဝင်/ထွက်မောင်းတံဂိတ်၌ ဇန်နဝါရီတတိယပတ်တွင် ပြုလုပ်ခဲ့သည်။

အဆိုပါနယ်မြေလုံခြုံရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးအတွက် မော်တော်ယာဉ်နှင့် ဆိုင်ကယ်များစစ်ဆေးခြင်းကို နွားထိုးကြီးမြို့နယ်ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားမှုဖြင့် မြို့မရဲစခန်းမှူး ဒုရဲမှူးခင်မောင်ဦး ဦးဆောင်သောရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက စစ်ဆေးခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာမှုရှိစေရေးနှင့် အန္တရာယ်ဖြစ်စေသောလက်နက်များ၊ ဥပဒေနှင့်မညီသောပစ္စည်းများ သယ်ဆောင်သွားလာခြင်း မရှိစေရေးတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။ **နွားထိုးကြီး(ပြန်/ဆက်)**

## မိုင်းဆတ်၌ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန် မြှင့်တင်ရေး ပြိုင်ပွဲများကျင်းပ

**မိုင်းဆတ် ဇန်နဝါရီ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ပညာရေးဌာနနှင့် ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ စာပေလေ့လာဖတ်ရှုပြီး စာပေအသိပညာဗဟုသုတများ ရရှိစေရန်၊ စာဖတ်သည့်အလေ့အထများ ရရှိစေရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရေးပြိုင်ပွဲများကို ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဇော်ဦးက စာဖတ်ရှိန်မြှင့်တင်ရေး ကဗျာရွတ်ဆို၊ ပုံပြော၊ ကျပန်းစကားပြော၊ စာစီစာကုံးနှင့် ပန်းချီဆွဲပြိုင်ပွဲများ ကျင်းပရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး KG တန်းနှင့် မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲ၊ အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပခဲ့သည်။ အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေးပြိုင်ပွဲသို့ မြို့ပေါ်ကျောင်း ၁၀ ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၉၈ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသူ ၃၂ ဦးရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး မုံရွာတွင်ကျင်းပ

**မုံရွာ ဇန်နဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနရုံးခန်းမတွင် ပြုလုပ်ခဲ့သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးခင်ဇော်က စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများ၊ စားသုံးသူများမှ တိုင်ကြားလာသည့် တိုင်ကြားစာများနှင့် ပတ်သက်သည်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် လုပ်ငန်းရှင်များ၏ ကိုယ်စားလှယ်များက ပြန်လည်ဆွေးနွေးကြရာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာန(မုံရွာ) မှ ဒေါက်တာခိုင်ရွှေရည်အောင်က ဖြည့်စွက်ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် ဌာနအလိုက်ကိုယ်စားလှယ်များမှ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ကန်စွန်းစိုက်ခင်းများ စီးပွားဖြစ်စိုက်ပျိုးကာ မန္တလေးမြို့ရှိ ဈေးများသို့ တင်ပို့ရောင်းချ



**မန္တလေး ဇန်နဝါရီ ၂၈**

ကန်စွန်းရွက်သည် ဆေးဖက်ဝင်ကာ လူတိုင်းစားသုံးနိုင်သည့် တန်ဖိုးနည်းဟင်းရွက်တစ်မျိုးဖြစ်သည်။ ချက်ပြုတ်သည့်နည်းပညာနှင့် ရောစပ်ချက်ပြုတ်မှုပေါ်မူတည်ကာ အသုံးပြုမှုများပြားသည့်ဟင်းရွက်ပင်ဖြစ်သည်။ လက်ရှိကာလတွင် မန္တလေးမြို့အနီးတွင် ကန်စွန်းခင်းများ စီးပွားဖြစ်စိုက်ပျိုးပြီး မန္တလေးမြို့တွင်းရှိဈေးများသို့ တွင်ကျယ်စွာတင်ပို့ရောင်းချလျက်ရှိသည်။ ကန်စွန်းခင်းစိုက်ပျိုးသူများပြားပြီး လူငှားများဖြင့် နေ့စဉ်ကန်စွန်းရိတ်ခြင်းများ ပြုလုပ်ရသည်။ ကန်စွန်းအငှားရိတ်သူတစ်ဦးလျှင် ငွေကျပ် ၅၀၀၀ ခန့်အထိရရှိသည်။ ကန်စွန်းရိတ်ရာတွင် ပုတ်ပြတ်စနစ်ဖြင့် ရိတ်ပေးရသည်။ကန်စွန်းလိပ်တစ်လိပ် ၃၃၆ စည်းပါ တစ်လိပ်လျှင်ရိတ်သိမ်းခငွေကျပ်ငါးရာရရှိသည်။ လူတစ်ဦး ၁၀ လိပ်အထိရရှိသည်။ ကန်းစွန်းစိုက်ပျိုးသူတစ်ဦးလျှင် အနည်းဆုံးတစ်နေ့လျှင် ကန်စွန်းလိပ် ၁၅၀ ကျော် နေ့စဉ်တင်ပို့ပေးလျက်ရှိကြောင်း သိရသည်။

မန္တလေးမြို့ရှိ ဈေးချိုတော်အနီးရှိ ဈေးများ၊ မန္တလေးမြို့ပတ်ဝန်းကျင်ရှိ ဈေးများသို့ ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကျီကုန်းရပ်ကွက်မှ လုံလောက်စွာစိုက်ပျိုးတင်ပို့ပေးကြသည်။ ငွေတော်ကျီကုန်းရပ်ကွက်ဘေးမှ မြေများတွင် ကန်စွန်းကို စီးပွားဖြစ် စိုက်ပျိုးကြသည်။ ကန်စွန်းသည် တစ်ခါစိုက်ပြီးသည်နှင့် လရှည်ခူးရသော ဟင်းရွက်ဖြစ်သည်။

ကန်စွန်းစိုက်ရန်အတွက် ပထမဦးစွာ မြေကိုစိတ်ကြိုက်ထယ်ရေးခင်းကြရသည်။ ထယ်ရေးခင်းပြီးသည်နှင့် ပေါင်းရွက်များကို သန့်စင်အောင်ကောက်ရသည်။ ပေါင်ဆွဲရာတွင် မြေကေအကျယ်အဝန်းအလိုက် ရေဝင်၊ ရေထွက်ကောင်းအောင် စီမံပြုလုပ်ကြရသည်။ တစ်ဧကလျှင် ကန်စွန်းစေ့ အထုပ် ၂၀ မှ ၃၀ အထိ အပင်အစိပ်အကျဲစိတ်ကြိုက်စီမံစိုက်ပျိုးနိုင်သည်။ မျိုးစေ့ချပြီးသည်နှင့် ရေကိုရေစက်ဖြင့်တင်ပေးကြရသည်။ ကန်စွန်းပင်ပေါက်ပြီး ရက်ပေါင်း ၄၅ ရက်ခန့်မှစတင်ပြီး ကန်စွန်းရွက်ကို လှီးဖြတ်ယူကြရသည်။

ကန်စွန်းရွက်သည် ဆောင်းရာသီထက် နွေရာသီတွင် ပိုမိုဖြစ်ထွန်းလျက်ရှိသည်။ တစ်ခါစိုက်ပြီးသည်နှင့် ပေါင်းနုတ်၊ မြေဩဇာကျွေး၊ အပင်အားပေးဆေးဖျန်းခြင်း၊ ရေသွင်းခြင်းတို့ကိုသာ ဂရုတစိုက်ပြုလုပ်ပေးပြီး အဆက်မပြတ်ခူးနိုင်သည်။ ထိုင်ဝမ်ကန်စွန်းများကို ရောင်းချရာတွင် အစီးပြတ်ဖြင့် ရောင်းချကြသည်။ ဒေသအခေါ် ထိုင်ဝမ်ကန်စွန်းတစ်တောင်း(တစ်လိပ်)လျှင် အစီးပေါင်း ၃၃၆ စီးပါလေ့ရှိသည်။ ကန်စွန်းတစ်လိပ်လျှင် ငွေကျပ် ၆၀၀၀ အထိ ရောင်းချရပြီး ဈေးနှုန်းအတက်အကျရှိသည်။

ကန်စွန်းရွက်များကို မန္တလေးမြို့ပေါ်ရှိဈေးများသို့ ကိုယ်တိုင်တင်ပို့ရောင်းချသလို စိုက်ခင်းအတွင်းသို့ ဖောက်သည်လာရောက်ယူသူများစွာရှိသည်။ ထိုင်ဝမ်ကန်စွန်းသည် တစ်ခါစိုက်ပြီးသည်နှင့် အကျိုးအမြတ်များစွာရရှိစေသော ဟင်းရွက်ပင်ဖြစ်ကြောင်း သိရသည်။

**နွေနဒီ၊မြစ်ငယ်**

# စားသုံးသူများ လုံခြုံစိတ်ချရမှုရှိစေရန် မျှော်မှန်းဆောင်ရွက်နေသော်လည်း အခက်အခဲများတွေ့ကြုံနေ

**မကွေး ဇန်နဝါရီ ၂၈**

စားသုံးသူများ လုံခြုံစိတ်ချရမှုရှိစေရန် မျှော်မှန်းချက်ဖြင့် စားသုံးသူအခွင့်အရေးနှင့် စားသုံးသူအကျိုးစီးပွားကာကွယ်ရေး၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး၊ ကုန်စည်နှင့်ဝန်ဆောင်မှုများ၏ အရည်အသွေးစီမံခန့်ခွဲမှုနှင့် သုတေသနဖွံ့ဖြိုးရေး ရည်မှန်းချက်တာဝန်များကို ဆောင်ရွက်နေသော်လည်း လတ်တလောတွင် အခက်အခဲများစွာ တွေ့ကြုံနေရကြောင်း မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"စားသောက်ကုန်တွေကို ချက်ချင်းစစ်ဆေးနိုင်တဲ့ ဓာတ်ခွဲခန်းနဲ့ Mobile Lab တွေမရှိတော့ စားသုံးဖို့ သင့်-မသင့်ကို တိတိကျကျအဖြေမပေးနိုင်ဘူးဖြစ်နေတယ်။ မျက်မြင်အခြေအနေအရ ဆုံးဖြတ်ရတဲ့အတွက်လည်း ထိရောက်မှုမရှိဘူး။ ထိထိရောက်ရောက်စစ်ဆေးနိုင်ဖို့ ဓာတ်ခွဲခန်းတွေလိုတယ်။ ပညာရှင်လည်းလိုတယ်။ ထုတ်လုပ်သူတွေ၊ လက်လီနဲ့ဖြန့်ဖြူးရောင်းချတဲ့သူတွေဘက်မှာလည်း အားနည်းချက်တွေရှိနေသေးတယ်" ဟု တိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်စွာဝင်းက ပြောသည်။

၂၀၁၆ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလကုန်ထိ စာသင်ကျောင်းများ၊ ရပ်ကွက်နှင့် ကျေးရွာများ၌ ပညာပေးဟောပြောဆောင်ရွက်မှု (၁၁၇) ကြိမ် ပြုလုပ်ခြင်း၊ တွေ့ဆုံဆွေးနွေးမှုအကြိမ် (၃၀) ၌ စီးပွားရေးလုပ်ငန်းရှင် ၆၀၀ ကျော်နှင့် ဆွေးနွေးခြင်း၊ လုပ်ငန်းကျွမ်းကျင်သင်တန်း လေးကြိမ်ပို့ချခြင်း၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အစည်းအဝေး (၁၅) ကြိမ်ကျင်းပခြင်းများ ဆောင်ရွက်ခဲ့ပြီးနောက်ပိုင်း ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

"စားသုံးသူတွေအသုံးပြုမယ့် ကုန်စည်တွေရဲ့ လုံခြုံစိတ်ချရမှုအတွက်ကို မြန်မာပြည်နဲ့သင့်တော်မယ့် ဒီဇိုင်းတစ်ခုရေးမယ်။ ကုန်စည်တွေလုံခြုံမှုရှိအောင် တဖြေးဖြေးနဲ့ ပြောင်းလဲသွားမယ့်အခါမှာ ဘယ်လိုလုပ်ရမလဲ၊ ဘယ်နေရာကစလုပ်ရမလဲဆိုတဲ့ Project Proposal ရေးသွားမှာပါ ။ မန္တလေး၊ မုံရွာ၊ မကွေး မြို့သုံးမြို့က မြေပြင်လက်တွေ့ဆောင်ရွက်နေတဲ့ ဌာနတာဝန်ရှိသူတွေ၊ လုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံပြီးသွားပါပြီ။ ဘာတွေအခက်အခဲဖြစ်နေသလဲဆိုတာကိုလည်း သိခွင့်ရခဲ့ပါတယ်" ဟု စားသုံးသူရေးရာဦးစီးဌာန(ရုံးချုပ်) ထုတ်ကုန်လုံခြုံစိတ်ချမှုဌာနခွဲ ခေတ္တညွှန်ကြားရေးမှူး ဦးရဲထွဋ်နိုင်က ပြောသည်။

လတ်တလော အခက်အခဲများရှိနေသော်လည်း ဦးစီးဌာနအနေဖြင့် ဘယ်ဂျီယံနိုင်ငံမှ ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် ဈေးကွက်စောင့်ကြည့်ခြင်းအတွေ့အကြုံ နှစ် ၂၀ ကျော်ရှိပြီး ဘယ်ဂျီယံနိုင်ငံ၏ Product Safety တွင် အကြံပေးဖြစ်သည့် Mr.Jan Deconinck ထံမှ အကြံဉာဏ်များရယူခဲ့သည့်အပြင် FDA အပါအဝင် အခြားဆက်စပ်ဌာနများနှင့်ပူးပေါင်း၍ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း၊ စားသုံးသူကာကွယ်ရေး NGO အသင်းများ ဖွံ့ဖြိုးလာရန်လည်း ဆန္ဒရှိကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**



## မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးလက်တွေ့သရုပ်ပြ

**ကလေး ဇန်နဝါရီ ၂၈**

ကလေးမြို့ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်တွေ့သရုပ်ပြ မီးငြိမ်းသတ်နည်းများကို ပြသပေးရာ ဆေးရည်ဖြင့် မီးငြိမ်းသတ်ပက်ဖျန်းခြင်းနည်းများ၊ မီးသတ်စက်အသုံးပြုနည်းများ၊ မီးသတ်ဆေးဘူးအသုံးပြုနည်းများကို ဇန်နဝါရီ ၂၆ ရက် မွန်းလွဲ ၁ နာရီက ခရိုင် မီးသတ်ဦးစီးဌာနမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ ကွင်းဆင်း၍ လက်တွေ့လေ့ကျင့် သရုပ်ပြသပေးခဲ့သည်။

ပွင့်လင်းရာသီရောက်ရှိလာသည်နှင့်အညီ ကလေးမြို့ သဇင်ရပ်ကွက်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းသား၊ ကျောင်းသူများထံသို့လည်းကောင်း၊ အိုဆို(၂) စက်သုံးဆီအရောင်းဆိုင်၊ ပြည်ချစ်သူစက်သုံးဆီအရောင်းဆိုင်၊ ရွှေမြန်မာစက်သုံးဆီအရောင်းဆိုင်နှင့် မြတ်မေတ္တာမွန်စက်သုံးဆီအရောင်းဆိုင်တို့ရှိ ဝန်ထမ်းများထံသို့လည်းကောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) ရုံးတို့တွင် မီးဘေးအန္တရာယ်အသိပညာပေးဟောပြောခြင်းနှင့် မီးဘေးကြိုတင်ကာကွယ်နည်း လက်တွေ့သရုပ်ပြခြင်းများပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**

## မြေငှားဂရန်ထုတ်ပေးနိုင်ရန် ကွင်းဆင်းဆောင်ရွက်

**ကျောက်မဲ ဇန်နဝါရီ ၂၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့တွင် မြို့ပေါ်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ မြေပိုင်ဆိုင်မှုအထောက်အထားများ ခိုင်မာစေရေးအတွက် မြေငှားဂရန်များထုတ်ပေးနိုင်ရန် ကွင်းဆင်းတိုင်းတာမှုများကို ခရိုင်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

မြေငှားဂရန်များထုတ်ပေးနိုင်ရန် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဝန်ထမ်းများက ကျောက်မဲမြို့ အမှတ်(၁)ရပ်ကွက်မှ အိမ်ထောင်စုခုနစ်စု၊ အမှတ်(၃)ရပ်ကွက်မှ အိမ်ထောင်စုတစ်စု၊ အမှတ်(၉) ရပ်ကွက်မှ အိမ်ထောင်စုတစ်စု စုစုပေါင်း အိမ်ထောင်စုကိုးစုအား မြေတိုင်းတာမှုများ ဆောင်ရွက်ပေးခဲ့သည်။ အဆိုပါမြေတိုင်းတာမှုများ မှန်ကန်မှုရှိစေရေးအတွက် မြေငှားဂရန်ထုတ်ပေးရေး ခရိုင်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်အေးနှင့် အဖွဲ့ဝင်များက ကွင်းဆင်းကြီးကြပ်ခဲ့ကြောင်း သိရသည်။

**ကျောက်မဲခရိုင်(ပြန်/ဆက်)**

**IT COMPUTER TRAINING CENTER** အိုင်တီကွန်ပျူတာ သင်တန်း HOT LINE-395353, 253293, 0949290778 30% OFF

ENGLISH LANGUAGE | AutoCAD-3ds Max | Service Technician | GRAPHIC DESIGN | ADVANCED EXCEL | Computer Basic

AutoCAD-3ds Max တွင် Civil Drawing Interior Project တစ်ခု နှင့် Exterior Project တစ်ခုကို Lighting, Texture, Exterior, Interior Concept များနှင့်တကွ Finalized သင်ကြားပေးမည်။ Construction Fields များတွင် လုပ်ကိုင်နေသော Civil Engineer များ Design Fields များတွင် ဝင်ရောက်လုပ်ကိုင်လိုသော Archi Engineer များ မိမိ၏ Design ကို Finalized ချပြလိုသော Design Engineer များ Home Decoration Designer အဖြစ် သွားရောက်လေ့လာ ဆည်းပူးလိုသူများအတွက် သင်တန်းဖြစ်ပါသည်။

Comp TIA A+, N+ Book ကိုသင်ရိုးအဖြစ်ထားရှိပြီးသင်ကြားပေးသည်။ Computer တစ်လုံး၏ Software, Hardware အပိုင်းများကို သင်ကြားပေးသည်။ Network ချိတ်ဆက်မှု အပိုင်း၊ Server အပိုင်းများကိုကျွမ်းကျင်ပြီး Professional Service Technician တစ်ယောက် ဖြစ်အောင် သင်ကြားပေးသော တန်းခွဲ ဖြစ်ပါသည်။

Magazine, Journal, Pamphlet, Vinyl, CD\VCD\DVD Cover, Calendar, Wallsheet, Sticker, Logo, Silk Screen ...

Microsoft Excel ... Software ... Adv Excel တွင် Table များ ... Formula များ Function များ ... Database ...

Software များ ဖြစ်သည့် Word, Excel, Power Point, PageMaker များကို ... Power Point ဖြင့်လုပ်ငန်း Project များကို Presentation ...

ကိုယ်တိုင်သင်ကြားနိုင်သည်။ မြင်မှားသည့်ရုပ်ထားများနှင့် ရည်မှန် သွက်လက် ထူးချွန် ထက်မြက်သူ တို့စုဝေးရာ ကျောင်းတော်

**GVG**

၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက်

**ဘာသာစုံစာသင်ဝိုင်းများ**

၉တန်း၊ ၁၀တန်း(တက္ကသိုလ်ဝင်တန်း)

**မတ်လဆန်းစမည်**

**'ဝိုင်း' ကြိုအပ်လက်ခံပြီ**

စာတုဗေဒသိုက် (၁၀)တန်း "ဧည့်" (၇)ရက်မြတ်သင်တန်း(မတ်ခုနှစ်မြို့)

မတ်လဆန်းစမည်။ (ကျောင်းအပ်လက်ခံပြီ)

ကန့်သတ်(၃၀)ဦးသာ

H-2 ...

An easy guide to Chemistry 2017

မြင့်ကျော် ... ဖုန်း ...

၂၀၁၇ တက္ကသိုလ်ဝင်စာမေးပွဲအတွက်

**ဦးညာဏ်လှိုင်**

B.Sc(Phy), M.Sc(Thesis)

THEORETICAL PHYSICS FOR EXAM.

စာပေးပွဲလမ်းညွှန်

**K.K.K**

**ခိုင်ခိုင်ကျော် မြန်မာထမင်းဆိုင်**

**(ကုသိုလ်မြစ်)**

နယ်လှည့်ချက်ပြုတ်ရေးအဖွဲ့

ဘာသာရေးကျောင်းများနှင့် ပရဟိတ အသင်းအဖွဲ့များအတွက်

အလှူအတန်းနေ့တွင် ချက်ပြုတ်ရေးအပိုင်း ကူညီပေးရန်

လိုအပ်ပါက (စရိတ်ငြိမ်း)လုပ်အားဒါန ကုသိုလ် ပါဝင် ပါမည်။

**ကြိုတင်စာရင်းပေး/ဆက်သွယ် စုံစမ်းရန်**

**ဖုန်း - ၀၉-၉၆၅၁၅၉၀၈၄၊ ၀၉-၄၂၀၁၈၆၀၂၉**

Anglia Ruskin University, UK မှပေးအပ်မည့်

**MBA SCHOLARSHIP** အတွက်လျှောက်ထားနိုင်ပါရန် ခေါ်ယူခြင်း

INSPIRO INSTITUTE

INSPIRO INSTITUTE တွင် UK နိုင်ငံ ANGLIA RUSKIN UNIVERSITY မှပေးအပ်မည့် MBA ဘွဲ့ FEBRUARY INTAKE အတွက် SCHOLARSHIP WEEK ကို 3 FEBRUARY 2017 ရက်နေ့အထိတိုးမြှင့်ထားပါသည်။

UK, MBA PROGRAM အတွက် PARTIAL SCHOLARSHIP အနေနှင့် PROGRAM တစ်ခုလုံးအတွက် FULL PROGRAM FEES 8000 USD အစား USD 5000 (SCHOLARSHIP 3000 USD) သာကျသင့်မည်ဖြစ်ပါသည်။ USD 7000 (USD 1000 SCHOLARSHIP) နှင့် USD 6000 (USD 2000 SCHOLARSHIP) သာပေးသွင်းရမည့်အစီအစဉ်များလည်းရှိပါသည်။ TOTAL SCHOLARSHIP စုစုပေါင်း USD 18000 အထိကန့်သတ်ထားသဖြင့်စောလျှင်စွာလျှောက်ထားသူကိုစဉ်းစားပေးမည်ဖြစ်ပါသည်။

SCHOLARSHIP ကိုအရေအတွက်ကန့်သတ်ထားပြီးပညာအရည်အချင်း သို့မဟုတ် လုပ်ငန်းပိုင်းဆိုင်ရာစွမ်းဆောင်ရည်နှင့် PROGRAM အပေါ်တွင် စိတ်အားထက်သန်မှုပေါ်တွင် မူတည်ပြီးရွေးချယ်မည်ဖြစ်ပါသည်။ လျှောက်ထားရန်အတွက် SCHOLARSHIP INTERVIEW သို့မဟုတ် MBA ကိုတက်ရောက်ခြင်း၏ရည်ရွယ်ချက်ခေါင်းစဉ်ဖြင့် ESSAY ကိုရေးသားပေးပို့လျှောက်ထားရပါမည်။ SCHOLARSHIP ရရှိသူများသည် အရစ်ကျပေးသွင်းခြင်း၊ STUDENT LOAN စသည့်အစီအစဉ်များကိုလည်း ဆက်လက်ခံစားခွင့်ရှိမည်ဖြစ်ပါသည်။

INSPIRO INSTITUTE မှဝန်ထမ်းနှင့် မိသားစုများ၊ SCHOLARSHIP လျှောက်ထားပြီးသူများပါဝင်ခွင့်မရှိပါ။ SCHOLARSHIP COMMITTEE ၏ ဆုံးဖြတ်ချက်သာလျှင် အတည်ဖြစ်ပါသည်။ လူဦးရေကန့်သတ်ထားပါသဖြင့် အမှန်တကယ်တက်ရောက်လိုသူများသာ လျှောက်ထားရန် တိုက်တွန်းအပ်ပါသည်။ စုံစမ်းရန် - 09-25 777 666 7



F38 First Floor Pearl Condo Tower A Bahan, Yangon 09257776667

ဗွန်တရစ် အူဒေါင်ကိုက်ခေတ်

ခေတ်မီမြေအုတ်ရိုက်စက် ရပြီ

09 4200 35882

09 4200 35884

(မြင့်)အင်းလေး(၁)လမ်းဆုံ(၂)ကောင်အဲ

**ဝန်ထမ်းအမြန်အလိုရှိသည်**

(၁) Marketing မန်နေဂျာ (ကျား/မ) - (၁)ဦး

(၂) အရောင်းစာရေးနှင့်ပို့ဆောင်ရေး (ကျား/မ) - (၅)ဦး

(၃) အထွေထွေအလုပ်သမား (ကျား) -(၁၀)ဦး (နေ၊ စားငြိမ်း)

အမှတ်-၁၂၂၊ သရက်တော(၄)လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

Ph:-0933377705၊ 0933377715

**UNITEAM TRAINING**

**CoC Class III, OOW**

14th Batch ၁၃.၀၂.၂၀၁၇ မှာ ဖွင့်ပါမယ်။

2015/02 batch မှ OOW COC Class III candidate 17 ယောက်လုံး BOE exam ကို တစ်ကြိမ် ထဲနဲ့ ... အောင်မြင်ခဲ့ကြပါတယ်။

... Uniteam Training မှာ သင်တန်းအပ်ပြီး အောင်မြင်မှုရဲ့ ...

... Master Mariner များမှ ...

BOE စာမေးပွဲ မအောင်မချင်း Exam Special အနီးကပ် သင်တန်းတွေကို အခမဲ့ ဆက်လက် သင်ကြားပေးပါမယ်။
- ... Scholarship program
- BOE exam special သင်တန်းနဲ့ Oral သင်တန်းတွေကိုလဲ အခမဲ့ တက်ရောက်ခွင့် နဲ့
- OOW Class III အောင်မြင်ပြီးရင်လဲ Uniteam Marine မှာ ...

OOW Class III အောင်ပြီးရင် ဆက်တက်ရမယ့် HCT သင်တန်းကို အခမဲ့ တက်ရောက်နိုင်ပြီး ECDIS, RADAR & ARPA, BRM, PSCRB နဲ့ AFF သင်တန်းများကို Special Discount အထူးနှုန်းနဲ့ တက်ခွင့်ရပါမယ်။

... OOW on job training သင်တန်း ...

... COC Class III အတန်းတွေနဲ့ Oral Class မှာ အခမဲ့ ... ကျောင်းအပ်ပါ။

သင်တန်းကြေးကာလဲ ... ၁၅ သိန်းပါ။
MMMC ကျောင်းဆင်းတွေအတွက် ၁၃ သိန်း ...

... Uniteam Training မှာ ကျောင်းအပ်လိုက်ကြပါစို့။

Like — like us on facebook
www.facebook.com/uniteamtraining

**Delivering great training.**

UNITEAM TRAINING LIMITED
84 Pan Hlaing Street, Sanchaung Township, Yangon
The Republic of the Union of Myanmar
+ 95 1 519 411
info@uniteamtraining.com
www.uniteamtraining.com

**မြေညီတိုက်ခန်းရောင်းမည်**

ကျောက်မြောင်း၊ ဓမ္မစိတ္တလမ်း

ပေ(၁၅×၆၀) Hall Type

အဆင့်မြင့်ပြင်ဆင်ပြီး

Ph- 09-43040388

09-43032828

**ငါးကန်**

ရောင်းလိုသူ၊ ဝယ်လိုသူ

ငှားလိုသူများဆက်သွယ်ပါ။

09 773 773 403, 09 773 773 503

Gakken Classroom Franchise Opportunity Available Now!
Open your own learning center from March

Learn and grow with children
Working as a Gakken Classroom Franchise owner and instructor is very rewarding.
There's nothing more precious than the smiles of children after they "get" something new they've worked hard at. Through such experience, you'll notice not only children's growth but your own as well.



The largest market share in the Japanese after-school learning industry where children learn primary maths
Since 1947, Gakken has been pioneering new educational publications. With the hopes of helping children to have confidence and to experience the joy of learning, we have started Gakken Classroom in 1980 and successfully introduced across Japan and Asian countries with more than 420,000 members and 15,000 centers.

Franchise Orientation

Date : 5(Sun) February 11:00-13:00
Place : #406, 4th Floor, Hledan Centre
Phone : 01-230 7803, 09-4444 55803
Fee : Free
Please arrive at the venue 25-30 minutes before. The number of participants will be strictly limited and If you would like to join the orientation, please contact us
Gakken
Find us on Facebook >> Gakken Classroom Franchise Myanmar

Mya Paramī Education Centre
MPEC
မြပါရမီ
ကိုယ်ပိုင်အထက်တန်းကျောင်း
(၅)တန်းမှ (၁၀)တန်းထိ
ကျောက်ပန်းတောင်းမြို့နယ်၏ ပထမဆုံးကိုယ်ပိုင်အထက်တန်းကျောင်း
ထင်ရှားထူးချွန်သည့် ဂုဏ်ထူးရှင်များ မြပါရမီ ထွက်ရှိပါသည်
၂၀၁၆-၂၀၁၇ ပညာသင်နှစ် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ
(၆)ဘာသာ ဂုဏ်ထူးရှင် – ၃ ဦး (၅)ဘာသာ ဂုဏ်ထူးရှင် – ၂ ဦး (၄)ဘာသာ ဂုဏ်ထူးရှင် – ၃ ဦး
(၃)ဘာသာ ဂုဏ်ထူးရှင် – ၃ ဦး (၂)ဘာသာ ဂုဏ်ထူးရှင် – ၁၂ ဦး (၁)ဘာသာ ဂုဏ်ထူးရှင် – ၁၄ ဦး
၂၀၁၇–၂၀၁၈ ပညာသင်နှစ်အတွက် ဇန်နဝါရီ(၁)ရက်နေ့မှ စတင်၍ ကျောင်းအပ်လက်ခံနေပါပြီ။
အရှေ့မြို့ပတ်လမ်း၊ ပြည်တော်သာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့။ ☎ ၀၉-၂၅၉၂၀၅၁၉၆၊ ၀၉-၄၀၁၅၆၅၀၄၇၊ ၀၉-၂၅၆၀၀၆၈၉ ၊ ၀၉-၇၉၂၂၂၀၇၉၄၊ ၀၉-၂၂၂၀၀၈၈ ၊ ၀၉-၇၉၂၂၂၀၂၀၉

Khine KK ကိုရီးယားဘာသာသင်တန်းကျောင်း
(ကျောင်းခွဲမရှိပါ)
ကိုရီးယားနိုင်ငံတွင် လစာသိန်း(၂၀)ဝန်းကျင်ဖြင့်အလုပ်လုပ်ရန်
• လုပ်ငန်းအတွေ့အကြုံ ပညာအရည်အချင်းမလိုပါ။
• E.P.S (TOPIK) စာမေးပွဲအောင်မြင်ရန်သာလိုပါသည်။
• စာမေးပွဲ Form တင်ခြင်း၊ ပတ်စပို့စ်လျှောက်ခြင်း၊ ဆေးစစ်ခြင်းအားလုံး ကျောင်းမှ စီစဉ်ပေးပါမည်။
• တစ်ကြိမ်တည်းဖြေဆိုအောင်မြင်ရန် အထူးတန်းခွဲများဖြင့် ထိရောက်စွာသင်ကြားပေးပါသည်။
• နယ်ကျောင်းသားများအနေဆောင်နေ/စား စီစဉ်ပေးမည်။
အမှတ်-(၁၁၁)၊ ၁၅လမ်း(အလယ်)၊ ၃-ထပ်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
Ph : 09-73026940, 09-250641687
09-5162790

"Better English For a Smarter Life"
ဦးရဲဇော်လတ် M.A(UFL)
APPLIED GRAMMAR & SPOKEN ENGLISH
SPECIAL ENGLISH COURSES
Basic 4 Skills
Intermediate 4 Skills
Advanced 4 Skills
✣ ၁၀၁၆၊ ဘိုးရာဇာလမ်း၊ ၃၅-ရပ်ကွက်၊ မြောက်ဒဂုံ။
09-73175231, 09-5057138

Dbuzz (ဒီဘတ်ဇ်) အဆင့်မြင့်တံဆိပ်ရိုက်လုပ်ငန်း
အင်္ကျီတံဆိပ်ရိုက် 1 Color ရှေ့+နောက်
100/- 80/- 60/-
အရေအတွက် ၁၀၀ မှ ၂၀၀,၀၀၀ ထိ (အမြန်)
09 73060258, 09 31789830
www.dbuzzprintinggroup.com

မင်္ဂလာပါ
09-450042704
09-250095116
09-420096296

Saung Lay Pyay
Air-con
အထူးပရိုမိုးရှင်းအနေဖြင့် "Servicing ဈေးနှုန်း" နှိမ့်ချ၍ မြို့နယ်အတွင်း Splity Type 1Hp, 1.5 Hp-8000/-ks
(Air-Con Brand New အမျိုးမျိုးကိုလည်း ကုမ္ပဏီမှုရင်းဈေးနှုန်းအတိုင်း အာမခံဖြင့် ရောင်းချပေးနေပါသည်။)
ရွှေပေါက်ကံ၊ ပုဂံလမ်းမကြီး။ Ph:09 449042816, 09 401633981



## သဗ္ဗညု ပုထိုးတော်ကြီး(ရန်ကုန်)အလှူရှင်များအား ဖိတ်ခေါ်ခြင်း



ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ကျောက်ရေတွင်းတောင်ပိုင်း သုခလမ်းနှင့် ဓမ္မပါလလမ်းပေါ်တွင်ရှိသော တန်ခိုးကြီး သဗ္ဗညုပုထိုးတော်ကြီး၏ ဘက်စုံဖွံ့ဖြိုး တိုးတက်စေရန် ဓမ္မသကစာသင်တိုက်နှင့် သဗ္ဗညုပုထိုးတော်ကြီးကို တည်ထားကိုးကွယ်တော်မူသော အဘွားလေးဒေါ်ဓမ္မေသီ၏တပည့် ဒါယကာ၊ ဒါယိကာမများဖြစ်ကြသော သဗ္ဗညုယောဂီအဖွဲ့နှင့် ညီမရင်း ဒေါက်တာဒေါ်ပညာသီရိက အောက်ပါလုပ်ငန်းစဉ်များကို စီစဉ်ဆောင်ရွက် ဆက်လက်အကောင်အထည်ဖော်လျက်ရှိပါကြောင်း–

၁။ သဗ္ဗညုပုထိုးတော်ကြီးအား (လုံးတော်ပြည့်)အချောသပ် ခြင်းနှင့် ဆေးဖြူသကန်း ဆက်ကပ်ပူဇော်ရန် = (၁၀)ပေပတ်လည်တစ်ကွက်ကို ကျပ်(၁)သိန်း။
၂။ အထက်ပစ္စယံစေတီတော်အတွင်း ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ကျပ်(၅)သိန်းနှင့် ထီးတော်တစ်ဆူကို ကျပ်(၁၀)သိန်းတင်ရန်။
၃။ အထက်ပစ္စယံ လျှပ်စစ်ဆလိုက်မီးတစ်လုံးကို ကျပ်(၁)သိန်းနှင့် LED မီးချောင်းတစ်စုံကို ကျပ်(၁)သောင်း။ နေ့စဉ် လျှပ်စစ်မီးထွန်းညှိပူဇော်နိုင်ရန် ကျပ်(၁)သောင်း။
၄။ ဂန္ဓကုဋီတိုက်အတွင်း သစ္စာမဏ္ဍိုင်တိုင် ဗုဒ္ဓရုပ်ပွားတစ်ဆူကို ကျပ်(၁)သိန်းနှင့် ကျောက်ပြားခင်းတစ်ချပ်ကို ကျပ်(၁)သောင်း ပူဇော်ရန်။
၅။ အဝင်/အထွက် သဗ္ဗညုပုထိုးတော်ကြီး ကမ္ဗည်းတင် မုခ်ဦးကြီးပြုလုပ်ရန်နှင့် ကွန်ကရစ်ကားလမ်း/တံတားတည်ဆောက်ရန် (၁၀)ပေပတ်လည် တစ်ကွက်ကို ကျပ်(၁)သိန်း။
၆။ ဘုရားပရိဝုဏ် မဟာရံ အုတ်တံတိုင်းတစ်ခန်းကို ကျပ်(၁၀)သိန်းနှင့် ကမ္ဘဋ္ဌာန်းခန်းတစ်ခန်းကို ကျပ်သိန်း(၃၀) ကမ္ပည်းထိုးလှူဒါန်းရန်။
၇။ ရင်ပြင်တော် နေပူခံကျောက်ပြားတစ်ချပ်ကို ကျပ်(၁)သောင်းခင်းရန်နှင့် သောက်တော်ရေအိုးစင် ကျပ်သိန်း(၃၀) ကမ္ပည်းထိုး၍ တည်ဆောက်ရန်။
၈။ မုခ်လေးဖက်တွင် တန်ဆောင်းပြာသာဒ်နတ်လမ်း ကျပ်သိန်း(၃၀) ကမ္ပည်းထိုး၍ တည်ဆောက်ရန်။
၉။ နဂါးရုံဘုရားကြီးဖြိုဖျက်ပြေ နံပြေအာရုံခံတန်ဆောင်း ကျပ်သိန်း(၃၀)၊ နေ့နံအလိုက် ရေသပ္ပါယ်ဖြိုဖျက်တိုင်နှင့် မြတ်စွာဘုရား ကျပ်(၁၁)သိန်း၊ နံ့သာတိုင်အိုး ကျပ်(၃)သိန်း တည်ဆောက်ရန်။
၁၀။ အုတ်တစ်ချပ် (၉၀)ကျပ်၊ ဘိလပ်မြေတစ်အိတ်ကျပ်(၅၀၀၀)၊ သဲကားတစ်စီး ကျပ်(၁၅၀၀၀)၊ မိမိဆန္ဒအလျောက်လှူနိုင်သည်။
၁၁။ သဗ္ဗညုပုထိုးတော်ကြီးအနီး၌ **သဗ္ဗညုရတနာ** အမည်တွင်သော သိမ်သမုတ်အောင်ပြီးပါပြီ။ သိမ်ဆောက်လုပ်လှူဒါန်းရန်။
၁၂။ ဘုရားကျောင်းတော်ကြီးတွင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်ကြီးများ ပြုပြင်မွမ်းမံရွှေသကန်း ဆက်ကပ်ပူဇော်ရန်ဖိတ်ခေါ်ခြင်း။ အလောင်းစည်သူမင်းကြီးကောင်းမှု စည်သူပန်းမြတ်စွာဘုရားကြီး၊ အနော်ရထာမင်းကြီးကောင်းမှုဘုရားကြီး၊ တန်ခိုးတော်အဖုံဖုံ၊အရှုပ်တော်အစုံ မြတ်စွာဘုရားရှင်များ ပြုပြင်မွမ်းမံ ရွှေသကန်းဆက်ကပ်ကမ္ပည်းထိုးပူဇော်ရန်၊ ရွှေအစစ်သကန်း ၂လက်မပတ်လည်တစ်ချပ်ကို (၃၆၀)ကျပ်၊ အချပ်ရေပေါင်း (၃၀၀၀၀)ပူဇော်ရမည်ဖြစ်ပါကြောင်း၊ မိမိဆန္ဒအလျောက် လှူနိုင်ပါသည်။ စသည်လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါကြောင်း သဒ္ဓါကြည်လင် ပါရမီရှင်အပေါင်းတို့အား ဘုရားဖူးကြွလာ ကုသိုလ်ယူကြပါရန် ဖိတ်ကြားအပ်ပါသည်။

အထက်ဖော်ပြပါ ကုသိုလ်ရှင်များအား(**February 6, 2017**) နံနက်(၉)နာရီတွင် အလှူတော်ငွေပေးအပ်ပွဲ၊ ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ခြင်းနှင့် ကုသိုလ်ကောင်းမှုအစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေကြမည်ဖြစ်ပါကြောင်း၊ ကိုယ်တိုင်ကြွရောက် ရွှေချယ်မှတ်တမ်းတင် ကမ္ပည်းထိုး လှူဒါန်းကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

ဆက်သွယ်နိုင်သောဖုန်းနံပါတ် – ဒေါက်တာ ဒေါ်ပညာသီရိ – ၀၉ ၇၃၁ ၅၂၁၁၂၊ ၀၉ ၈၆၂ ၁၁၃၀၊ ၀၉ ၄၅၀၀၀၄၆၂၉၀
မြောက်ဥက္ကလာ ကမ္ဘောဇဘဏ် PINNYA SIRI – KBZ Bank (Account No.070-301-07000085501, 070-501-07000085501) ဘဏ်စာရင်းသို့ နီးစပ်ရာဘဏ်၌ ထည့်သွင်းလှူဒါန်းနိုင်ပါသည်။

## ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ သရက်တော ကျောင်းတိုက်၊ မှော်ရုံကျောင်းပရိယတ္တိစာသင်တိုက်၌ စာချ/ စာသင် သံဃာတော် အရှင် သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀ x ၆၇)အကျယ်အဝန်းရှိ ကျောင်းဆောင်သစ် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင် လှူဒါန်း နိုင်ကြပါရန် နိဗ္ဗာန်ကို အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

| | | |
|---|---|---|
| ၁။ | ပြတင်းတံခါးတစ်ပေါက် | ၁သိန်း |
| ၂။ | ၁၀ ပေပတ်လည် တစ်ကျင်းကြွေပြား | ၁သိန်း |
| ၃။ | အခန်းတံခါး | ၂သိန်း |
| ၄။ | ရေချိုးခန်း | ၃သိန်း |
| ၅။ | ကုဋီတစ်ခန်း | ၅သိန်း |
| ၆။ | အဝင်တံခါးမကြီးတစ်စုံ | ၇သိန်း |
| ၇။ | သံကူကွန်ကရစ်လှေကားတစ်စုံ | ၉သိန်း |
| ၈။ | သံဃာနှစ်ပါးနေတစ်ခန်း | ၁၀သိန်း |
| ၉။ | ရေတိုင်ကီတစ်လုံး | ၁၂သိန်း |
| ၁၀။ | သံဃာလေးပါးနေတစ်ခန်း | ၂၀သိန်း |
| ၁၁။ | မုခ်ဦး | ၃၀သိန်း |
| ၁၂။ | ဘုရားခန်း | ၅၀သိန်း |
| ၁၃။ | စာသင်ခန်းမဆောင် | ၁၀၀သိန်း |
| ၁၄။ | ဆွမ်းစားဆောင် | ၃၅၀သိန်း |
| ၁၅။ | ကျောင်းဆောင်တစ်ထပ် | ၁၀၀၀သိန်း |
| ၁၆။ | ကွန်ကရစ်တိုင်တစ်လုံး | ၃သိန်း |
| ၁၇။ | စာချဆရာတော်များနေတစ်ခန်း | ၂၅သိန်း |
| ၁၈။ | စာကြည့်တိုက် (စာကြည့်ခန်း) | ၁၀၀သိန်း |
| ၁၉။ | သံဃာတစ်ပါးနေရန်တစ်နေရာ | ၅သိန်း |

အလှူရှင်များကမ္ပည်းထိုးပေးပါမည်။
ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
မှော်ရုံကျောင်းပရိယတ္တိစာသင်တိုက်
ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၁၀၅၁၆၊ ၀၉-၂၆၃၆၂၉၃၂၆
ဦးတေဇိန္ဒ ကမ္ဘောဇဘဏ်၊ ပေါ်ဦရစ်ညီလမ်းခွဲ
(Account No. 061-301-06100921001)
မိုးမဘဏ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်
(Account No. 021-31-501798-9)ဘဏ်စာရင်းသို့နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်းဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဦးလေး
အိမ်ပြောင်း/အိမ်ရွှေ့
ခြံတွင်း/နယ်ဝေး
09 425308777,09 960154777

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။
သဃင်္ဂန်းကျွန်း၊ မလိခကွေ့နီ၊ ပ - ထပ်
(၁၂၅၅+၈၁၁)စ/ဓပ
MI B2 A/C 4 တွန်းအိမ်ဈေး 3000L (ညှိ)
ဖုန်း - ၀၉၅၁၈၄၄၂၅၆၊ ၀၉ - ၂၆၀၅၉၉၉၇၇



mazda

THE 2017 MAZDA WITH INNOVATIVE G-VECTORING CONTROL CREATES NEXT-LEVEL DRIVING EXPERIENCE



VISIT US AT MYANMAR PLAZA ROADSHOW FROM 26TH TO 29TH JANUARY
JAPAN'S SHOWROOM DISPLAY UNITS ATTRACTIVELY PRICE ,
DON'T MISS !!
(LIMITED UNITS ONLY)

Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.
Yangon No.96 Kabar Aye Pagoda Road, Sayar San Quarter, Bahan Township. Hotline : 01 554633, 09 260259991
Mandalay No.10(A), The Corner of 77th & 35th street, Maharaungmyay Township. Hotline: 09 456 1111 04, 09 456 1111 05

Made In JAPAN
3 YEARS MAZDA WARRANTY

တက်နေဝန်း
အိမ်ခြံဝင်း/အိမ်ရှေ့လှုပ်ခန်း
(10'/14')Box တားများဖြင့်
လှပ်သားအပြီးအစီး
လုပ်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

★STAR★
အိုင်ပြည့်အလျှပ်စင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ
ဝယ်လိုသည်။
Ph:09-43088052,
09-73254389,
09-421067330

YOUTH® INTERNATIONAL COLLEGE
Alternate Education for your Success

- The First Cisco Official Learning Partner in Myanmar
- Pearson VUE Test Center
- Edexcel Approved Center No.95942

edexcel
Approved Centre No.95942




Edexcel (UK) နှင့် YOUTH International College တို့ ပူးပေါင်းဖွင့်လှစ်သည့်
HND Diploma in Computing (UK), Feb Intake အတွက်သင်တန်းသားသစ်များ ခေါ်ယူခြင်း

❖ Level 3 Diploma (New Programme) (တက္ကသိုလ်ဝင်တန်းမအောင်မြင်သူများအတွက် New Programme ဖြစ်ပါသည်။ သင့်ရဲ့ပညာရေးတစ်ပိုင်းတစ်စအတွက်အားငယ်စရာမလိုတော့ပါ။ ယခုသင်တန်းသည် လက်တွေ့လုပ်ငန်းခွင်နှင့်ပတ်သက်သော Vocational Training ဖြစ်သောကြောင့် တက္ကသိုလ်ဝင်တန်းမအောင်မြင်သော်လည်း အားငယ်နေရမည့်အချိန်မဟုတ်တော့ဘဲ လက်တွေ့သင်ကြားလုပ်ကိုင်ရသည့် ပညာရေးနှင့် သင့်ဘဝကို ရှေ့ဆက်နိုင်ပါသည်။ အမြန်ဆုံးလာရောက်စုံစမ်းကြဖို့ ဖိတ်ခေါ်အပ်ပါသည်။

❖ Level 4 and Level 5 HND Diploma (တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများစတင်တက်ရောက်နိုင်ပါသည်။)

❖ Pearson/Edexcel, Cisco Inc တို့နှင့်မိတ်ဖက်အဖွဲ့အစည်းဖြစ်ပြီးနှစ်ပေါင်းများစွာဂုဏ်သိက္ခာကြီးမားစွာရပ်တည်ခဲ့သော YIC/YOUTH မှာပညာသင်ကြားရန်ဖိတ်ခေါ်ပါသည်။

City Campus :Room 6A, Pansodan Office Tower, Pansodan Middle Block, Ph: 01 254893, 09 78 500 3596,
MICT Campus: Room 605, Building 16, MICT Park, Ph: 09787289757, 0931560855.

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီ(၁၈)လမ်း၊ တိုက်အမှတ်(၂၅၆) (၄-လွှာ)(ခြေရင်း)ဟုခေါ်တွင်သော(၁၉' x ၅၄')အကျယ်အဝန်းရှိ တိုက်ခန်းအပါအဝင်ယင်းတိုက်ခန်းနှင့် ဆက်စပ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူ ဦးဇော်လွင်ဦး(၁၀/မဝန(နိုင်)၀၂၆၀၄၇)"တောင်းစံဘိမ် Construction"ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူကဝယ်ယူရန် စရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

တရားလွှတ်တော်ရှေ့နေများ

ဦးသန်းညွန့်(စဉ်-၃၅၅၈၀) LL.B,C.P.T,C.J.T
ဦးအောင်နိုင်ဦး(စဉ်-၄၂၇၂) LL.B
ဦးမိုးညွန့်(စဉ်-၅၁၀၄၂) LL.B,D.B.L
ဒေါက်တာဆွေစင်သော်(စဉ်-၉၃၀၁) LL.B,LL.M,M.Res,Ph.D

အထက်တန်းရှေ့နေများ

ဒေါ်လှိုင်ယဉ်မွန် (စဉ်-၄၀၆၄၈) LL.B
ဒေါ်အေးသူဇာ (စဉ်-၃၀၂၆၄) LL.B,D.B.L,D.I.L

အမှတ်(၁)၊ ပင်ရွှေညောင်လမ်း၊ (ILBC ကျောင်းအနီး)၊ တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁ - ၅၅၁၁၉၇၊ ၅၄၁၅၀၁၊ ၀၉ ၂၅၄ ၂၉၇ ၉၉၈၊ ၀၉ ၇၃၀ ၆၅၆၅၆
E.mail : saikhungnoung1995@gmail.com

International Bakery & Pastry(နိုင်ငံတကာမုန့်မျိုးစုံပြုလုပ်ပြင်ဆင်နည်းသင်တန်း)



ဖေဖော်ဝါရီလတန်းခွဲ အတွက်ကျောင်းအပ်လက်ခံနေပြီ
ပုံမှန်လစဉ်တန်းခွဲအပြင် စနေ၊ တနင်္ဂနွေသီးသန့်တန်းခွဲများကိုစတင်လက်ခံနေပါပြီ။

Lotus
အမှတ်(၂၁၃၊ ၂၁၇)၊ ၄၉လမ်းနှင့်မဟာဗန္ဓုလလမ်းထောင့်၊ ဗိုလ်တထောင်၊ ရန်ကုန်။
☎ 01-397447, 01-397449, 09-73169207

**ရွှေထိပ်တန်း**
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ(နေ့စဉ်)
ငွေဆောင်(သောကြာ)
ဖုန်း-၀၁-၅၁၁၁၁၅၊ ၀၉-၅၄၀၃၈၄၄
၀၉-၅၀၄၄၈၃၀

**GOLDEN STAR**
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

AZ Travels & Tours
(4D/3N) 325000Ks /220000ks
(5D/4N)–
09-43178718/-962824040

**အာရှနဂါး**
မြဝတီ / ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

**ကြည်စိုး စာအုပ်များ** L.C
09 5104041
အိမ်ခြံမြေ အကြောင်းပဲ ရေးပါတယ်
BOOK STREET မှာ ရပါတယ်

**AA**
09-782793551

200KVA
6CTA 8,3G2
Sound Proof Generator
09-5145988

**မြတ်ဗောဓိ** ဗုဒ္ဓဂယာအဆင့်မြင့်ဘုရားဖူးအဖွဲ့
"မဟာလ (Promotion) အထူးခရီးစဉ်"
၁၅ ရက် – March - (4~18) (Promotion) အထူးခရီး – ၁၁ သိန်း
၁၅ ရက် – April (8) သင်္ကြန်ခရီးထူးခရီး – ၁၁.၅ သိန်း
သံဝေဇနီယ (၄)ဌာန၊ အဋ္ဌမဟာ (၄)ဌာန၊ ဂင်္ဂါမြစ်၊ အာဂရာ (တပ်ချ်မဟာ) နယူးဒေလီ၊ နေပါ (လုမ္ဗိနီ–နီပေါ)
၈ ရက် – April - 15 (Promotion) အထူးခရီး – ၁၀.၅ သိန်း
ခရီးစဉ်အားလုံးစရိတ်ငြိမ်း ... ကားသုံးမောင်း ... မပါပါ။
(၁၆)ဦးတစ်ဦး(၁)ဦးလက်ဆောင်ပေးသည်။ နယ်မှ ခရီးသည်များကြို/ ပို့ တည်းခိုရေးစီစဉ်ပေးသည်။ ယာနာနို့ဆွမ်း၊ ရေချမ်း၊ ပန်း၊ သစ်သီးဆွမ်း၊ India GSM Simcard နှင့် ကားပေါ်တွင် Internet Wifi Free Service ဘုရားဌာန(၄)ဌာနတွင် စုပေါင်းကြာသင်္ကန်း(၁၁)ထည်တို့ကို မှဒါနပေးသည်။ နယူးဒေလီ ဟိုတယ်တွင် ညအိပ်၍ နံနက်/ နေ့လည်/ ညစာဖြင့် ကျွေးမွေးစည့်ခံမည်။ နိုင်ငံကူးလက်မှတ်လက်ဝယ်ရှိသူများအတွက်ပါ ဈေးနှုန်းဖြင့်ပို့ဆောင်ပေးပါသည်။ မြတ်ဗောဓိရုံးခန်းတွင် (DVD) အခွေနှင့် ဝန်ဆောင်မှု လက်ကမ်းကြော်ငြာများ အခမဲ့ လာရောက်ယူနိုင်ပါသည်။ ခရီးစဉ်အသေးစိတ်ကို စုံစမ်းမေးမြန်းနိုင်ပါသည်။ ခရီးစဉ်ရက်စွဲများ ပြောင်းလဲခြင်းမရှိပါ။
Ph : 09-49338595, 263125261, 788304828, 09-420134528 E-mail:myatbodhi@gmail.com
Ph: 09 91038589, 09-797512889, 09 797351099

ဝါ ရင့် ပါ မော က္ခ ကြီး များ ကြီး ကြပ် စီ စဉ် သော
တိုင်း ကျော်၊ ပြည် ကျော်၊ ထင် ပေါ် ပညာ
MOTHER'S LIGHT
**ရွှေလက်ရာ** ပညာရေးစာစဉ်များ
ထွက်ပြီ
**တက္ကသိုလ်ဝင်တန်း မေးခွန်း(၅)စုံ**
၂၀၁၇ အစိုးရစစ် စာမေးပွဲအထူးထုတ်
အငှမတန်း မေးခွန်း (၅)စုံ
စတုတ္ထတန်း မေးခွန်း (၅)စုံ
နှင့် စံပြအဖြေများ
အငှမတန်း မေးခွန်းဟောင်း
* ၂၀၁၅ ခုနှစ် ၂၀၁၆ ခုနှစ်(၂)နှစ်စာ မေးခွန်း(၃၄)စုံ
* အခန်းအလိုက်မေးခွန်းနံပါတ်စဉ်အလိုက်တူညီမေးခွန်းများကို စုစည်းဖြေဆိုထားသည်။
* ဘာသာစုံ(တစ်ဘာသာတစ်အုပ်)ခွဲခြားထုတ်ဝေစာအုပ်များ
ရွှေလက်ရာကိုတခဲနက်ဝယ်ယူအားပေးနေကြသော အနယ်နယ်အရပ်ရပ်မှ ဆရာ၊ ဆရာမများ၊ မိဘများ၊ ကျောင်းသား၊ ကျောင်းသူများ အရောင်းကိုယ်စားလှယ်ဆိုင်ကြီးများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများအား ရွှေလက်ရာ မိသားစုမှ အထူးကျေးဇူးတင်ရှိပါသည်။
ဖြန့်ချိရေး – ရွှေလက်ရာစာပေ - အမှတ်(၂၄၇)၊ မြေညီထပ်၊ လမ်း(၃၀)၊ အထက်၊ ဗိုလ်ချုပ်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၇၃၀၀၃၀၉၆၈၊ ၀၉-၅၀၈၃၄၅၁၊ ၀၉-၇၃၂၀၅၇၂၆။
အမြို့မြို့အနယ်နယ်ဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။

**ဟိန်းတင့်ဇော်**
အောင်မြင်ကျော်ကြားအစီအရင်များ
လာဘ်ရွှင်စေရန်အတွက် လက်ဆောင်၊ ကိုယ်ချစ်သောသူကိုရရှိစေရန်၊ လုပ်သမျှလွဲချော်နေလျှင်၊ တားရော့ကတ်များနှင့်အဆောင်၊ အသက်ရှည်ရန်၊ သားသမီးရတနာထွန်းကားရန်၊ ယောကျ်ားဖြစ်စေ မိန်းမဖြစ်စေ ခြေငြိမ်စေရန် စသည် အစီအရင်(၂၀၀)ခန့် ပါဝင်ပါသည်။
ထွက်ပြီ– ၀၉ ၄၂၀၁၆၇၂၈၂၊ ၀၉ ၄၂၀၂၂၂၉၆၂




"တိုးတက်လာမည့် ပညာရေးအတွက် ထူးချွန်ထက်မြက်သူများ ဆုံစည်းရာ"
**မြို့မဂုဏ်**
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ
☆အရည်အချင်းစစ်မှန်သည့် ပညာတတ်တစ်ယောက်ဖြစ်ရန် "မြို့မဂုဏ်" ကျောင်းတော်ဆီသို့ အရောက်လှမ်းခဲ့ပါ.....
☆သူငယ်တန်းမှတက္ကသိုလ်ဝင်တန်းအထိ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေပါပြီ.....
အမှတ်(၂၉)၊ နီလာလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
PH: 09-781900186, 09-781900187

မြေညီထပ်တိုက်ခန်းရောင်းမည်
သိန်း(၃၄၀)
(၁၂½'×၅၀')ပြင်ဆင်ပြီး
အလင်းရောင်လမ်း၊ ဒေါပုံ။
ဖုန်း-၀၉ ၄၂၀၇၆၇၅၉၇

**တိုက်ခန်းကျယ်ငှား / ရောင်းမည်။**
(25' x 50'), 7 လွှာ၊ အိပ်ခန်း(၂)ခန်း၊
(ရေချိုးခန်း၊ အိမ်သာ) နှစ်လုံးစီ၊ ပြင်ဆင်ပြီး
လှည်းတန်းလမ်းမ၊ စိန်ဂေဟာအနီး
09-965169119



# ကလေးစာပေပွဲတော်တွင် ဆေးရောင်ခြယ်နှင့် စကားပုံဆက်ပြိုင်ပွဲများ အထူးစိတ်ဝင်စားယှဉ်ပြိုင်

**မန္တလေး ဇန်နဝါရီ ၂၈**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာ တက္ကသိုလ်(MIIT)၌ ကျင်းပလျက်ရှိသည့် ကလေးစာပေပွဲတော်တွင် ပြိုင်ပွဲများအနက် ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် စကားပုံဆက်ပြိုင်ပွဲများကို ကလေးများ အထူးစိတ်ဝင်တစား ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

အဆိုပါပြိုင်ပွဲများကို မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲတစ်ကြိမ်လျှင် ကလေးငယ် ၂၇ ဦး ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ပြိုင်ပွဲကျင်းပရေးအဖွဲ့ဝင်တစ်ဦးက ပြောပြသည်။

"ဒီပြိုင်ပွဲက ကလေးငယ်တွေရဲ့ အလှအပ အပေါ်မှာထားတဲ့ စိတ်ကူးအကြံဉာဏ်တွေကို စမ်းသပ်တဲ့ပြိုင်ပွဲတစ်ခုပါပဲ။ ဝင်ရောက်ယှဉ်ပြိုင်တဲ့ ကလေးငယ်အားလုံးကို ဗလာစာအုပ်လက်ဆောင်တွေ ချက်ချင်းပေးလိုက်ပြီး ဆန်ခါတင် ဆုရှစ်ဆုကိုတော့ ပွဲတော်နောက်ဆုံးနေ့မှာ ချီးမြှင့်ပေးမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

ထို့ပြင် ကလေးများအတွက် ပုံတူရုပ်ပြောင်ရေးဆွဲပေးခြင်းနှင့် မျက်နှာဆေးရောင်ခြယ်ပေးခြင်းတို့ကိုလည်း ကလေးငယ်များ အထူးစိတ်ဝင်စားကြသည်။ စာအုပ်အရောင်းဆိုင်များတွင်လည်း ကလေးစာအုပ်များကို ဦးစားပေးဝယ်ယူလျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**




ကလေးစာပေပွဲတော်တွင် ကလေးများအား မျက်နှာဆေးရောင်ခြယ်ပေးနေမှုကို တွေ့ရစဉ်။

# ဇွဲကပင်ကို ရှမ်းယူနိုက်တက် ရှုံးနိမ့်ခဲ့ပြီး ရန်ကုန်နှင့် နေပြည်တော် အနိုင်ရ



ဇွဲကပင်နှင့် ရှမ်းယူနိုက်တက်တို့ ယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် ဇန်နဝါရီ ၂၈**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၃)ဒုတိယနေ့ကို အောင်ဆန်း၊ YUSC နှင့် ဝဏ္ဏသိဒ္ဓိကွင်းတို့၌ ကျင်းပရာ ဇွဲကပင်၊ ရန်ကုန်၊ နေပြည်တော်အသင်းတို့ အနိုင်ရခဲ့သည်။

**(အောင်ဆန်းကွင်း)**

ဇွဲကပင် - တစ်ဂိုး
ရှမ်းယူနိုက်တက် - ဂိုးမရှိ

ယခုရာသီတွင် ခြေစွမ်းပိုင်းတိုးတက်လာသည့် ဇွဲကပင်အသင်းသည် ယခုပွဲတွင်လည်း နှစ်ပွဲဆက် အနိုင်ရထားသည့် နာမည်ကြီး ရှမ်းယူနိုက်တက်အသင်းကို ပင်နယ်တီဂိုးဖြင့် အနိုင်ယူခဲ့သည်။ ဇွဲကပင်အသင်းသည် တိုက်စစ်မှူး ဒိုနယ်၏ ပင်နယ်တီဂိုးဖြင့် ရှမ်းယူနိုက်တက်ကို

စာမျက်နှာ ၇ ကော်လံ ၅ သို့ ○

၂၁ ရာစုတွင် လူသားအချင်းချင်း ခွဲခြားဆက်ဆံခြင်းအတွက် နေရာမရှိတော့ကြောင်း ကုလအတွင်းရေးမှူးချုပ်ဆို

နိုင်ငံတကာ စာမျက်နှာ » ၄

အရွှေ့တစ်ခုအကြောင်း

ဆောင်းပါး စာမျက်နှာ » ၆

## ဆန်းဒေးကာတွန်း



စာမျက်နှာ - ၁၆၊ ၁၇



# မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ အထူးဂဏ္ဍ

ဇန်နဝါရီ ၂၉၊ ၂၀၁၇ (တနင်္ဂနွေနေ့)





အေးမြတ်မြတ်ဖြိုး(ကံမ)

အထက်တန်းပြ


လူရယ်လို့ဖြစ်လာရင် ကြီးကြီးငယ်ငယ် ဘယ်သူမှတော့ အမှားနဲ့မကင်းကြပါဘူး။ လူတစ်ယောက်ဟာ နယ်ပယ်တစ်ခုမှာ ဘယ်လောက်ပဲ မိုးပျံအောင်တော်နေပါစေ သူမကျွမ်းကျင်တဲ့နယ်ပယ်၊ သူအားနည်းတဲ့နေရာတစ်ခုတော့ ကျိန်းသေရှိနိုင်ပါတယ်။ အဲဒီနယ်ပယ်မှာ သူမသိဘဲဖြစ်စေ သိရက်ဖြစ်စေ အမှားတစ်ခုခု ကျူးလွန်နိုင်ပါတယ်။ ဒါဆို သူ့ကို ကျွန်မတို့ ချီးမွမ်းမှာလား၊ ကဲ့ရဲ့မှာလား၊ အပြစ်တင်မှာလား၊ ဆုံးမမှာလား၊ ဘယ်လိုချီးမွမ်းမှာလဲ၊ ဘယ်လို ဆုံးမမှာလဲ။

ကျွန်မက ကျောင်းဆရာမဆိုတော့ ကျွန်မ ကျင်လည်ရာ အသိုင်းအဝိုင်းနဲ့ပဲ ဥပမာပေးပါရစေ။ ကျွန်မ အတန်းထဲက တပည့်တစ်ယောက်က စာမကြိုးစားဘူး။ စိတ်လေလွင့်နေတယ်။ ဆိုးသွမ်းနေတယ်ဆိုပါတော့။ ဒါဆို ကျွန်မက အတန်းသားအားလုံးရဲ့ရှေ့မှာ

"ဟေ့ ထွန်းထွန်း၊ နင်ဟာ အလကားကောင်။ စာကလွဲရင် ကျန်တာအကုန်လုပ်တဲ့ အမှိုက်။ နင့်လိုကောင်က လောကအတွက် ဘာမှအသုံးမဝင်ဘူး။ နင့်အချိုးတွေကို ပြုပြင်စမ်း။ ငါ စေတနာနဲ့ပြောနေတာ"လို့ ဆုံးမရမှာလား။

ဟင့်အင်း။ လုံးဝမလုပ်သင့်တဲ့ ဆုံးမနည်းပါ။ အဲဒီလိုသာ ဆုံးမလို့ကတော့ ကျွန်မထားတဲ့စေတနာက သူ့အတွက် အရာမထင်တဲ့စေတနာ။ ကျွန်မက သူ့အတွက် အကျိုးမပြုတဲ့ ဆရာမဖြစ်သွားမှာ ကျိန်းသေပါပဲ။ သူ့သူငယ်ချင်းတွေရှေ့မှာ သူရှက်သွားမယ်။ ကျွန်မကို စိတ်နာသွားမယ်။

အရွဲ့တိုက်မယ်။ မိုက်မိုက်ရိုင်းရိုင်း တုံ့ပြန်ချင်တုံ့ပြန်မယ်။ ဒီလိုနဲ့ သူဟာ အရင်ထက် ဆယ်ဆဆိုးတဲ့သူ ဖြစ်သွားမှာပါ။ အများရှေ့မှာ ပက်ပက်စက်စက် အပြောခံရလို့ မခံချင်စိတ်နဲ့ကြိုးစားရင်း တိုးတက်အောင်မြင်သွားတယ်ဆိုတာ လူတစ်ရာမှာ တစ်ယောက်သာရှိချင်ရှိပါလိမ့်မယ်။

ကောင်းကွက်ကိုရှာ မေတ္တာတဲ့။ ဘယ်လောက်ဆိုးတဲ့သူဖြစ်ဖြစ် ကောင်းတဲ့တစ်ချက်တလေ ကျိန်းသေရှိမှာပါ။ သူ့ဆီက ချီးကျူးစရာကောင်းတဲ့အချက်ကို တွေ့အောင်ရှာပြီး အများရှေ့မှာချီးကျူးပေးရင် သူပျော်သွားမှာပါ။ ပြီးမှ အများကွယ်ရာကို သီးသန့်ခေါ်လိုက်ရင်း "မင်းအတွက် ဆရာမက စေတနာထားလို့ ဒီလိုခေါ်ပြောတာပဲ သားရယ်။ မင်းဉာဏ်လေးကောင်းရက်နဲ့ ကြိုးစားမှုလေး လိုနေတယ်။ ခုချိန်ကြိုးစားရင် မီနိုင်ပါသေးတယ်။ သူများတွေလိုပဲ ကြိုးစားပြလိုက်စမ်းပါကွ။ မသိတာရှိရင် ဆရာမကို မေး။ အခက်အခဲရှိရင်လာပြော။ ဆရာမ တတ်နိုင်သလောက် ကူညီမယ်"ဆိုတာမျိုး စည်းရုံးမှုသာ ရလဒ်ကောင်းကို မျှော်လင့်နိုင်မှာဖြစ်ပါတယ်။

ငါ ဆရာမပဲ။ ငါ လူကြီးပဲ။ ငါ ခေါင်းဆောင်ပဲဆိုတဲ့စိတ်နဲ့ "ကောင်းစေချင်လို့ပြောတာ"၊ "ငါပြောရင် ဖြစ်တာပဲ"ဆိုပြီး စကားတိုင်းကို အထိန်းအကွပ်မရှိ လျှောက်မပြောသင့်ပါဘူး။

မပြောခင်မှာ သင့် မသင့် ဆင်ခြင်ရပါမယ်။ မဖြစ်မနေ ပြောရမယ်ဆိုရင်လည်း သင့်တင့်မျှတကောင်းမွန်တဲ့ စကားလုံးနဲ့ ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာလိုရာရောက်အောင် ပြောနိုင်ပါတယ်။

တချို့သော စကားတွေက ပြောလိုက်တဲ့သူအတွက် ဘာမှမဟုတ်ပေမယ့် အပြောခံရသူအတွက် စိတ်နာစရာ၊ အရှက်ရစရာ၊ သိက္ခာကျစရာ ဖြစ်သွားနိုင်ပါတယ်။ ဒါဟာ ဘွာတေးခတ်လို့ရတဲ့ကိစ္စ မဟုတ်ပါဘူး။

ဒီလိုပါပဲ။ ကိုယ့်ရဲ့မိသားစုမှာ၊ ကိုယ့်ရဲ့ အသင်းအဖွဲ့မှာ၊ ကိုယ့်ရဲ့လုပ်ငန်းခွင်မှာ၊ မိသားစုအချင်းချင်း၊ အသင်းသားအချင်းချင်း၊ လုပ်ဖော်ကိုင်ဖက်အချင်းချင်း တစ်ယောက်နဲ့တစ်ယောက် မကျေလည်တာ၊ အဆင်မပြေတာများကြုံခဲ့ရရင် အများရှေ့မှာ ပြစ်တင်မောင်းမဲတာမျိုး ကာယကံရှင်ရဲ့ကွယ်ရာမှာ အတင်းအဖျင်းပြောတာမျိုး လုံးဝမလုပ်သင့်ပါဘူး။ သူ့အတွက် အကျိုးမရှိတဲ့အပြင် သူပြန်ကြားရင် အမုန်းပွားရုံသာရှိပါတယ်။

သူ့အပေါ် တကယ်စေတနာထားရိုးမှန်ရင် အများကွယ်ရာမှာ အပြုသဘောနဲ့ ခေါ်ယူဆွေးနွေးရမှာပါ။ ကိုယ့်အချင်းချင်းပဲ ပွင့်ပွင့်လင်းလင်း အကျေအလည်ရှင်းလင်းလို့ရပါတယ်။ ဒါမှသာ အဆင်ပြေပျော်ရွှင်တဲ့ လူမှုဆက်ဆံရေးကို တည်ဆောက်နိုင်ပါလိမ့်မယ်။

ဒီလိုမဟုတ်ဘဲ ထစ်ခနဲရှိ ရှူးရှူးရှဲရှဲလုပ်။ ကိုယ့်စိတ်နဲ့မတွေ့တိုင်း လူတကာရှေ့ပြော။ ကွယ်ရာအတင်းပြော။ သေချာမသိဘဲ ဝေဖန်။ ကိစ္စမပြီးခင် အပြစ်တင်။ အများရှေ့မှာ ရှုတ်ချ။ ဖေ့စ်ဘွတ်မှာလျှောက်ရေးဆိုတာမျိုးကတော့ အချင်းချင်းလည်း မပြေလည်။ လုပ်ငန်းလည်း မအောင်မြင်ဘဲ သေးတဲ့ပြဿနာကို ကြီးအောင်ချဲ့သလိုသာ ဖြစ်သွားနိုင်ပါတယ်။

ဒါကြောင့် မိဘနဲ့သားသမီး၊ ဆရာ တပည့်၊ လုပ်ဖော်ကိုင်ဖက်အချင်းချင်း ကျွန်မတို့တွေ တစ်ယောက်ကိုတစ်ယောက် တကယ်စေတနာထားရင်၊ တကယ် အကျိုးလိုလားရင် ကိုယ့်လူရဲ့ကောင်းတဲ့အချက်အတွက် အများရှေ့မှာ ချီးမွမ်းပြီး အပြစ်တစ်စုံတစ်ရာတွေ့တဲ့အခါတော့ အများကွယ်ရာရောက်မှ ပဲ့ပြင်ဆုံးမကြပါစို့လားရှင်။

❑❑❑

# မရှုံးခဲ့သော စစ်တုရင်တစ်ပွဲ


မောင်သန့်ရှင်း(မှော်ဘီ)

ပဥ္စမနှစ်၊ နည်းပညာတက္ကသိုလ်(မှော်ဘီ)။


"ဒုန်း ဒုန်း ဒုန်း" ဟူသော တံခါးခေါက်သံနှင့်အတူ အရေးကြီးခြင်း၊ အလျင်လိုခြင်း၊ စိတ်မရှည်ခြင်း အချိုးမျှတစွာပါဝင်နေသော အဘိုး၏ အသံ။

"ဟိုကောင် မပြီးသေးဘူးလား။ မင်းအိမ်သာတက်နေတာ ငါသတင်းစာနှစ်စောင်ဖတ်လို့ပြီးပြီ။ ဖုန်းကလိနေပြန်ပြီမို့လား"

"ပြီးပါပီဗျာ၊ အဘိုး သတင်းစာဖတ်တာပြီးမှာပေါ့ဗျ။ နောက်ကျောနားက နာရေးသတင်းလောက်ပဲ ဖတ်ပြီး"ဟု ကျွန်တော်ပြောလိုက်ပြီး ဆော့လက်စ COC ခေါ် အိမ်ဆောက်၊ စစ်သားထုတ်၊ အသင်းလိုက်အင်တာနက်အသုံးပြု၍ တိုက်ခိုက်ဆော့ကစားရသောဂိမ်းကို ပိတ်လိုက်ကာ အိမ်သာတံခါးကိုအသာဖွင့်၍ ထွက်ပေးလိုက်သည်။

အဘိုးသည် ရွှေတံခါးကြီးပွင့်လာသည့်အလား အားရဝမ်းသာဖြင့် ဝင်သွားလေပြီ။ "ငါတို့အရွယ်က ဒီစာမျက်နှာပဲ စိတ်ဝင်စားဖို့ကောင်းတာကွ။ အသိထဲက ဘယ်သူများ အဲဒီစာမျက်နှာမှာ ပါသွားပြီလဲ၊ ဒီတစ်ခါ ဘယ်သူအလှည့်ပါလိမ့်ဆိုပြီး သံဝေဂပွား တရားယူရတာကွ။ ဩော် ဟိုတလောက ငါ့ ငယ်သူငယ်ချင်း ဘအောင်ဆိုတဲ့ကောင် လူငယ်ဘဝတုန်းက သတင်းစာထဲ အလွန်ပါချင်တဲ့ကောင်။ ဒါပေမယ့် ဆန္ဒမပြည့်ခဲ့ပါဘူး။ သေတော့မှပဲ ဒီကောင့်ဆန္ဒတွေ ပြည့်တော့တယ်ကွာ"ဟု ရေဆွဲချရင်း လှမ်းပြောသည်။ "နာရေးက အသက်ဂဏန်းတွေကြည့်ပြီး အဘွားမသိအောင် ပင်စင်ကရတဲ့ငွေတွေထဲက ဘတ်ဘတ်ထားတဲ့ ဘတ်ငွေလေးနဲ့ ချဲထိုးနေတာ မဟုတ်ဘူးလား။ ဟီး . . . ဟီး . . . မြေးအဘိုးတွေပဲဗျာ။ လုပ်မနေပါနဲ့။ တရားရှာတယ် ဘာတယ်နဲ့"ဟု ကျွန်တော်က အဘွားမကြားအောင် ခပ်တိုးတိုးစလိုက်သည်။

"ဟာ ဒါက ငါ့သချ်ာဝါသနာပါတာ မင်းသိပါတယ်။ အဲဒါကြောင့် တွက်ရချက်ရတာဝါသနာပါလို့ကွ။ ပေါက်တော့ကော မင်းပဲ ဖုန်းဘေဖိုးဆိုပြီး တောင်းတောင်းနေပြီးကွာ ဟူး . . .။ ခုမှပဲနေသာ ထိုင်သာရှိတော့တယ်ကွာ"

ကိစ္စရှင်းပြီး၍ ထွက်လာလေသည်။

"ဒါနဲ့ ဒီနေ့ကျောင်းပိတ်တယ်မို့လား၊ လာ ငါနဲ့စစ်တုရင်ကစားမယ်"ဟုပြောရင်း ဧည့်ခန်းတွင်းသို့ ဝင်သွားလေသည်။ အဘိုး၏တောင်းဆိုခဲလှသော ကစားပွဲကို မငြင်းလိုသည်က တစ်ကြောင်း၊ ကျွန်တော် တစ်ခါမှမနိုင်ဖူးသော အဘိုးကိုနိုင်ရန် အခွင့်အရေးရသည်က တစ်ကြောင်း၊ အပြင်ထွက်ရန် စောနေသေးသည်ကတစ်ကြောင်းမို့ နောက်က လျင်မြန်စွာလိုက်သွားပြီး စစ်တုရင်ခုံကိုခင်း၍ ကစားရုပ်များကို စီလိုက်သည်။

"ကဲ မင်းကြိုက်ရာဘက်ယူ။ အဖြူယူမလား။ အနက်ယူမလား"ဟု ထုံးစံအတိုင်း ကျွန်တော့်ကို မေးလိုက်သည်။

"ဒီတစ်ခါ အဖြူပဲယူမယ်ဗျာ။ တစ်ကွက်အရင်ရွှေ့ရတော့ တစ်ကွက်သာတာပေါ့" ဟု ဖြေလိုက်ရင်း အဖြူဘက်က ထိုင်လိုက်ပြီး နယ်ရုပ်တစ်ရုပ်ကို ရွှေ့လိုက်သည်။ အဘိုးကလည်း

"ဟ ငါကလည်း မင်းလှုပ်သမျှ လိုက်ချုပ်ပြီး ကစားရုံပေါ့ကွာ။ စဉ်းစားရတောင် သက်သာသေး"ဟုပြောပြီး ကစားရုပ်တစ်ရုပ်ကို ရွှေ့လိုက်လေသည်။ကစားပွဲစ၍ ၁၀ မိနစ်ကျော်ချိန်၌ ကျွန်တော်စားထားသော အကောင်များက များနေလေပြီ။ အင်အားကလည်း သာနေပြီ။

"ဟီး . . . ဟီး . . . အဘိုး မနိုင်တော့ပါဘူးဗျာ။ အင်အားက အပြတ်အသတ်ဖြစ်နေပြီ။ နောက်တစ်ပွဲစလိုက်တော့"ဟု စပ်ဖြဲဖြဲနှင့် ကျွန်တော်က ဘုရင်မကိုစားရင်း ပြောလိုက်လေသည်။

"ဟ ငါ့နယ်ရုပ် ဘယ်နှကောင် မင်းသိမ်းထားမိလို့လဲကွ။ နယ်ရုပ်လေးတွေ ရှိနေသရွေ့ ငါဘယ်ကောင်မဆို ပြန်ရနိုင်တယ်ကွ။ အေးပြောမယ်ဆို နယ်ရုပ်ဆိုတာ လူငယ်လေးတွေပေါ့ကွာ။ လူငယ်ဆိုတာ လူကြီးတွေက သေချာအကွက်ရွှေ့၊ လမ်းကြောင်းဖွင့်ပေးနိုင်ရင် နောင်တစ်ချိန်အင်အားရှိလာပြီး လူကြီးဖြစ်လာနိုင်သလို ဒီနယ်ရုပ်လေးတွေကလည်း ငါကောင်းကောင်းရွှေ့ပြီး ဟိုနောက်ဆုံးအကွက်ကိုရောက်တာနဲ့ ဘာမဆိုဖြစ်ချင်လို့ ရတယ်ကွ"ဟုပြောရင်း ဆက်ရွှေ့လိုက်လေသည်။ ဤလိုနှင့် ကစားပွဲက မိနစ် ၂၀ ကျော်လာချိန်မှာတော့ အဘိုး၏ နယ်ရုပ်နှစ်ရုပ်က ကျွန်ုပ်၏တိုက်စစ်ကို ကောင်းကောင်းကြီး ခံစစ်သက်သက်သို့ ဖြစ်သွားအောင် ပြုလုပ်လိုက်သည်။ ကစားပွဲ နာရီဝက် ပြည့်လုနီးနီးမှာပဲ . . .

"ချက်"ဟူသော အဘိုး၏အောင်မြင် ခန့်ညားသော အသံနှင့်အတူ ကျွန်တော်ရှုံးလေပြီ။

"လူကလေးတွေ့လား။ မင်းအရုပ်တွေက မင်းဘုရင်ကို ရှောင်လို့မရအောင် ဒုက္ခပြန်ပေးသွားတာ။ အဲလိုပဲ မြေး၊ မင်းဘဝမှာ မလိုအပ်တဲ့ဟာတွေကို လျှော့ချိန်တန်လျှော့ပစ်ရမှာပဲ။ အေး နှမြောနေမယ်ဆိုရင်တော့ မင်းဘုရင်လိုပဲ ကိုယ့်ဘာသာပိတ်မိနေလိမ့်မယ်ကွ"ဟု ပြောရင်း ဂျာနယ်တစ်စောင်ကို ကောက်ယူကာဖတ်နေလေသည်။ ကျွန်တော် ဤကစားပွဲတွင် ရှုံးခဲ့သည်။ သို့သော် ကျွန်တော် မရှုံးခဲ့ပေ။

❑❑❑


မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

# မည်သို့ပင်ဆိုစေကာမူ အလုပ်လုပ်ကြပါ

မောင်မြင့်ဝင်း

ရွာလိုက်တဲ့မိုးက အဆက်မပြတ်။ ဒီတစ်ခါရွာတာက လေမပါ။ မိုးရေသီးသန့်ဖြစ်တော့ ရေစီးရေလာမကောင်းတဲ့ ရပ်ကွက်အတွင်း ရေတွေလျှံကုန်ပြီ။ နဂိုကအထပ်နိမ့်ဆောက်ထားသောအိမ်များ ပစ္စည်းများ ရေလွတ်ရာ သယ်နေကြသလို ကျွန်တော့်ဆိုင်လေးလည်း အနည်းငယ်မြင့်အောင် ဆောက်ထားပေမယ့် ရေကကြမ်းပြင်နဲ့ထိလုနီးပါး ဖြစ်နေပြီ။ ဆိုင်ရှေ့မှာလည်း ရေတွေ အိုင်နေပြီ။ ဈေးဝယ် ဝင်ထွက်ရတာ အဆင်မပြေတော့။

ဒါကြောင့် မိုးရွာထဲ ဆိုင်မှာ ဇိမ်နဲ့မနေနိုင်တော့ဘူး။ ခေါင်းလေးဆောင်းပြီး ဆိုင်ရှေ့ လူဝင်လူထွက်ကောင်းအောင်လုပ်ရတော့တယ်။ မိုးရွာထဲ အုတ်နီခဲတွေထုခင်းရတယ်။ ကိုယ်တိုင်မလုပ်လို့ကလည်း မရပြန်ဘူး။ ကိုယ်မလုပ်ရင် ညီလေးတွေက လုပ်ရတာစိတ်ပါမှာ မဟုတ်ဘူးလေ။ အကြီးအကဲဆိုတာ တချို့အရာတွေမှာ ခိုင်းနေရုံနဲ့မပြီးသေးဘူး။ ကိုယ်တိုင်လည်း တက်တက်ကြွကြွလုပ်မှ ငယ်သားတွေက ကိုယ့်နောက်က အလုပ်ကိုလေးလေးစားစား လုပ်ကြမှာလေ။ ဒါကြောင့် ဖုန်းပြင်ဖုန်းရောင်းတဲ့ လက်ကလေးတွေ မိုးရွာထဲမှာ ခဲကျောက်တွေထုစီရင်း သိကြားမင်း ဦးမာဃလုပ်နေရတယ်။

ဒီမြင်ကွင်းကို ဆိုင်ကိုလာနေကျ ရင်းနှီးတဲ့ ဈေးဝယ်တွေကမြင်တော့ ဘောစိကိုယ်တိုင်ချနေတာလား။ တော်ကြာ နောက်လူကောင်းစားနေဦးမယ်လို့ စကြတယ်။ သူတို့ပြောတဲ့ နောက်လူဆိုတာ လူပျိုကြီးဖြစ်တဲ့ ကျွန်တော့်အတွက် ဘယ်သူလဲဆိုတာကိုမသိပေမယ့် စဉ်းစားစရာလေးတွေ ဖြစ်ခဲ့တယ်။ အဲလိုပြောကြတဲ့ သူတွေအကြောင်းကြည့်လိုက်တော့ အလုပ်ကို လက်ကြောတင်းအောင် လုပ်ကြသူတွေ မဟုတ်ကြဘူး။ မိုးရွာရင်လည်း နားကြသလို နေပူရင်လည်း အလုပ်မလုပ်ကြဘူး။ တကယ်တော့ အလုပ်ဆိုတာ အမြဲလုပ်နေရမှာပါ။

မိုးရွာနေပူရှောင်နေရမှာ မဟုတ်ပါဘူး။ နေတွေမိုးတွေက သူတို့အလုပ်သူတို့လုပ်သလို ကိုယ်ကလည်း ကိုယ့်အလုပ်ကို လုပ်နေရမှာပါပဲ။ ဒီနေရာမှာ လူပျင်းတွေရဲ့ ဆင်ခြေတွေကို သတိရမိပါတယ်။ လူပျင်းတွေက စောလွန်းရင်လည်း စောတယ်။ မိုးချုပ်ရင်လည်း မိုးချုပ်ပြီဆိုပြီး လုပ်ရမယ့်အလုပ်တွေကို နေ့ရွှေ့ညရွှေ့လုပ်နေလို့ ခဏသာရလာတဲ့ လူ့ဘဝလေးမှာ ဘာမှ ဖြစ်ဖြစ်မြောက်မြောက်မလုပ်ဖြစ်ကြပဲ အောင်မြင်တဲ့ဘဝ မပိုင်ဆိုင်နိုင်ကြတော့ပါဘူး။

အလုပ်လုပ်တာနဲ့ပတ်သက်ပြီး ဆရာတော်တွေ ဆုံးမကြတဲ့စကားလေးကို ပြန်ပြောပြချင်ပါတယ်။ လောကီအလုပ်ကိုလုပ်ရင် ဘယ်တော့မှမသေသူလို့ စိတ်ထဲတွေးပြီး လုပ်ရမယ်တဲ့။ မဟုတ်ရင် လူဆိုတာ သေမျိုးစေ့တွေပဲ။ လူ့ဘဝက တိုတိုလေးရယ်။ အချိန်တန်ရင် သေမှာပဲ။ သင့်သလောက် စီးပွားရေးလေးရှိရင် တော်ပါပြီဆိုပြီး နှလုံးသွင်းတွေးမိတတ်တယ်။ လုပ်သင့်တဲ့အလုပ်ကို ကိုယ့်ရဲ့အရည်အချင်းအကုန်မထုတ်ဘဲ ရသမျှလေးနဲ့ မရောင့်ရဲသင့်ပါဘူး။ ဒါဟာ ကိုယ့်ကိုယ်ကိုယ် သစ္စာမရှိတာပါ။ လုပ်ရမယ့်အလုပ်လည်း ဖြစ်တယ်။ လုပ်ရင်ဖြစ်နိုင်တယ်ဆိုရင် ကိုယ့်ရဲ့အစွမ်းအစ အကုန်စိုက်ထုတ်ပြီး လုပ်သင့်ပါတယ်။ အပျင်းစိတ်ကိုအခြေခံပြီး ရောင့်ရဲခြင်းကို ခေါင်းစဉ်တပ်ပြီး အစွမ်းအစ အကုန်မထုတ်ဘဲ မလုပ်သင့်ပါ။

ကျွန်တော်ဆိုအလုပ်တွေ မျိုးစုံလုပ်တာတွေ့တော့ ရပ်ကွက်ထဲလူအချို့က "မင်းကွာ ပူရမယ့်သူရှိတာလည်း မဟုတ်ဘဲနဲ့။ အလုပ်တွေ အဲဒီလောက်လုပ်မနေပါနဲ့။ လူဆိုတာ ကွေးသောလက်မဆန့်မီ ဆန့်သောလက် မကွေးမီ သေရတတ်တယ်"လို့ ပြောကြတယ်။ ပြောတဲ့သူတွေကို ကြည့်လိုက်တော့ အလုပ်ကို လက်ကြောတင်းအောင် မလုပ်သူများ ဖြစ်နေတယ်။ ဒါကြောင့် ကျုပ်လည်း စိတ်ပေါက်ပေါက်နဲ့ ခင်ဗျားလောင်းမလား။ ကျုပ်မသေသေးဘူး။ ခင်ဗျားပြောသလို လက်တစ်ခါကွေးရုံတင်မဟုတ်ဘူး။ အခါတစ်ရာကွေးဆန့် လုပ်ပြမယ်။ လောင်းမလားလို့ အရွဲ့တိုက်ပြောလိုက်တယ်။ ကျွန်တော်က ဗုဒ္ဓဘာသာဝင်ပါ။ အချိန်တန်ရင် ပျက်စီးတတ်တဲ့သဘောရှိတဲ့ သေခြင်းတရားကို လက်ခံပါတယ်။ အခုလိုပြောလိုက်တာလည်း တမင်အမြင်ကတ်လို့ပြောလိုက်တာပါ။ အလုပ်ကျလက်ကြောတင်းအောင်မလုပ်ချင်ဘဲ တဆိတ်ရှိ သေခြင်းတရားပဲလွှဲချနေလို့ စိတ်ချဉ်ပေါက်လို့ ပြောလိုက်မိတာပါ။

ဒါကြောင့် အလုပ်လုပ်တဲ့အခါ ဘယ်တော့မှမသေသူလို စဉ်းစားပြီး စီးပွားရှာရမယ်လို့ အဆိုရှိခဲ့တာ ဖြစ်ပါလိမ့်မယ်။

လူ့ဘဝဆိုတာ တိုတိုလေးပါ။ ကျွန်တော်အပါအဝင် အားလုံးဟာ တစ်နေ့မှာ သေဆုံးကြရမှာပါပဲ။ ဒါပေမယ့် မသေခင်မှာ လုပ်သင့်လုပ်ထိုက်တာလေးတွေတော့ လုပ်ကြရမှာပါပဲ။ နောက်ဘဝအတွက် တရားဘာဝနာအလုပ်တွေကိုလည်း လုပ်ရမှာဖြစ်သလို ငယ်စဉ်ကတည်းက ကိုယ့်အပေါ် ကျွေးမွေးစောင့်ရှောက်လာတဲ့ မိဘတွေရဲ့ ကျေးဇူးတွေကိုလည်း ဆပ်ကြရပါမယ်။ မိဘတွေဆိုတာ သူတို့အရွယ်ရှိစဉ်တုန်းက ကိုယ့်အပေါ် အကောင်းမွန်ဆုံး ကျွေးမွေးစောင့်ရှောက်ခဲ့ပြီးပြီ။ ခုချိန်သူတို့ အိုမင်းလာတဲ့အခါ အေးအေးချမ်းချမ်း တရားဘာဝနာအလုပ်တွေကို လုပ်ကိုင်နိုင်ဖို့ ကိုယ့်ဘက်က တစ်ဖန်စောင့်ရှောက်ရပါမယ်။

သူတို့လှူဒါန်းလိုတာ လှူဒါန်းနိုင်အောင် ငွေကြေးများ တစ်ဖန်ပြန်ပြီး ပေးရပါမယ်။ ဒီလိုပေးနိုင်ဖို့ ကိုယ့်ဘက်က အဆင်ပြေတဲ့ ငွေကြေးရှာထားမှ ဖြစ်မှာပါ။ မိဘတွေရဲ့ ကြွေးဟောင်းကို ကျေပွန်စွာဆပ်ရင်း ကိုယ့်သားသမီးတွေရဲ့ ပညာရေး၊ ကျန်းမာရေးတွေ အဆင်ပြေပြေထားနိုင်အောင် ကြွေးသစ်လည်း အခက်အခဲမရှိချနိုင်မှာပါ။

ကျွန်တော်ဆို အလုပ်မလုပ်ခင်အချိန်က အစ်မကမွေးတဲ့ တူမလေးနဲ့ ရှောပင်းမောတွေ အတူသွားတဲ့အခါ သူက ကလေးသဘာဝ လိုချင်တာရှိတာပူဆာရင် ကိုယ့်မှာရှိတဲ့ ငွေကြေးနဲ့ မလုံလောက်တဲ့အခါ ပြောမပြတတ်အောင် စိတ်ဆင်းရဲရပါတယ်။ ဒါဟာ ကျွန်တော့်မှာ ပိုက်ဆံမရှိလို့သာ စိတ်ဆင်းရဲရတာပါ။ ကိုယ်မွေးထားတဲ့ သားသမီး မဟုတ်ဘဲနဲ့တောင် ဒီလောက်စိတ်ဆင်းရဲနေရတာ။ ကိုယ့်သားသမီးဆို စိတ်ဆင်းရဲမှုပိုမှာပဲဆိုတဲ့အသိ အလုပ်လုပ်ဖြစ်ဖို့ တွန်းအားတစ်ခုဖြစ်လာစေခဲ့တယ်။

ဒီနေ့ မြန်မာပြည်မှာဖြစ်နေတဲ့ သဘာဝ ဘေးအန္တရာယ်တွေကို ခံစားနေရတဲ့သူတွေအတွက် လိုအပ်တဲ့အရာတွေ ထောက်ပံ့နိုင်ဖို့ ကိုယ့်မှာ ငွေကြေးရှိမှအဆင်ပြေမှာ။ ဒါကြောင့် အလုပ်တွေ အများကြီးလုပ်တာ၊ သေရင် ကိုယ့်နောက်ပါတာ မဟုတ်ဘူးဆိုတာ ရလာတဲ့ငွေကြေးတွေကို မှန်ကန်စွာမသုံးတတ်သူတွေအနေနဲ့ဆိုရင် မှန်ပါလိမ့်မယ်။ သေခြင်းကိုခေါင်းစဉ်တပ်ပြီး အပျင်းထူနေသူတွေအတွက်ဆိုရင် မှန်နေပါလိမ့်မယ်။

ဒါကြောင့် အလုပ်လုပ်ကြပါ။ ကိုယ့်မှာရှိသမျှ ကိုယ်စွမ်းဉာဏ်စွမ်းတွေ အကုန်ထွက်တဲ့အထိ အလုပ်လုပ်ကြပါ။ အလုပ်လုပ်ခြင်းကြောင့် စိတ်လေခြင်းကင်းဝေးရုံမက အောင်မြင်မှုအသီးအပွင့်များကိုခံစားပြီး လောကကို အကောင်းမွန်ဆုံး အကျိုးပြုနိုင်သူများ ဖြစ်နိုင်ပါတယ်။ မည်သို့ပင်ဆိုစေကာမူ အလုပ်လုပ်ကြပါ။ ။

## လက်ပံပွင့်ချိန်

တောင်လေဖြူးဖြူး ဆော့ကာမြူးတော့
ပွင့်ဖူးလက်ပံ ပင်လုံးကျွံဖို့
အားမာန်ဖြိုးကြွ ရှင်သန်ထ၍
လောကအလှ သူဆင်သဖို့
ပြင်းပြနွေခါ မြေအညာဝယ်
ဝေဆာလျှောက်လှမ်း ပွင့်ရှာတယ်။
ရာသီနွေဦး လေပြည်လူးတော့
ပွင့်ဖူးလက်ပံ ပင်လုံးကျွံချိန်
နွေယံတစ်ကြော အညာမြေတောဝယ်
အဖော်တစ်သင်း ဆိုသီချင်းနဲ့
လက်ပံပွင့်တို့ ကောက်ခါနေ။
ကျေးလက်ဌာနေ အညာမြေဝယ်
အဆွေတစ်သိုက် ပလွေပိုက်လို့
စရိုက်ဓလေ့ ရှင်ပျော်မွေ့ကာ
စွေ့စွေ့နီမြန်း ရွာရှေ့နန်းက
ပွင့်ပန်းစီရီ လက်ပံနီတို့
ဆွေညီတစ်သိုက် ကောက်ခါနေ။
လေပြည်သုတ်ဖြူး နီဝါကျူးတော့
ပွင့်ဖူးလက်ပံ ကောက်ယူရန်တွက်
ရွာမြောက်ဘက်သို့ ထွက်ခဲ့ပြီ။

ဇော်လင်း(မြို့သာ)

## တို့လူငယ်အရေး ရှေ့မြော်တွေး

တို့လူငယ် တို့လူငယ်
အနာဂတ်ပန်းပါကွယ်။
မညှိုးနွမ်းရေး ဆင်ခြင်တွေး
နေ့စဉ်ရေလောင်းပေး။
လိမ္မာယဉ်ကျေး တို့ပျိုးထောင်
ခုနောင် ပြည်ကောင်းအောင်။
စာအုပ်စာပေဖတ်နိုင်ရေး
စာကြည့်တိုက်ဖွင့်ပေး။
ယနေ့လူငယ် နောင်ခေတ်ဝယ်
သူက လူကြီးဖြစ်ပေါ့ကွယ်။
တိုင်းပြည်ခေါင်းဆောင် သူကျန်ရစ်
တည်ထောင်တိုင်းပြည်သစ်။
တည်ထောင်တဲ့အခါ ဉာဏ်ပညာ
စည်းကမ်းနည်းလမ်း အရေးပါ။
ထို့ကြောင့်တို့မှာ ခါမနေး
အားလုံးဖေးမ ကူညီပေး
နောင်တွက် မြော်လို့တွေး။ ။

(မန္တလေးမြို့၌ ကျင်းပသော ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်အား ဂုဏ်ပြုကြိုဆိုလျက်)

မောင်ဥယျာဉ်(အရှေ့ပြင်)

## ဗားရှင်း

တေးလက်ာ(ဒဂုံတက္ကသိုလ်)

စတုတ္ထနှစ် (မြန်မာစာ)

ယခင်နေ့တွေကထက် ဒီကနေ့တွင် ပို၍အအေးပိုနေသည်။ သို့သော်လည်း ထိုကဲ့သို့ အေးချမ်းသည့် ဆောင်းရာသီကလေးကိုပဲ ကျွန်မ အနှစ်သက်ဆုံးဖြစ်ပါသည်။

ကျွန်မသည် ကျောင်းသို့သွားရန်အတွက် ၇ နာရီခွဲတွင် အချိန်ကိုက်မောင်းနှင်သော ဘီအမ်ကားလေးမီရန်အတွက် ကားဂိတ်ဆီသို့ ခြေလှမ်းသွက်သွက်လှမ်းကာလျှောက်ရသည်။ အတန်းချိန်နောက်ကျမှာကို အလွန်စိုးရိမ်မိသည်။ ကျွန်မတို့ ဖိုင်နယ်အတန်းကို လက်ချာပို့ချပေးသူတွေက ပါမောက္ခနှင့် တွဲဖက်ပါမောက္ခ ဆရာမကြီးတို့သာဖြစ်သည်။ စည်းစနစ်ကြီးကြ၍ စာသင်ရာ၌ အလွတ်ရသည်ထိ အတွေ့အကြုံရင့်သန်ထွေပြားကြသည်။

ဒီကနေ့ ပထမဦးဆုံးအတန်းချိန်သည် ဘာသာဗေဒဆရာမကြီး၏အချိန်ပင်။ ဆရာမကြီးသည် စာသင်ချိန်လေးဆယ့်ငါးမိနစ်လေးအတွင်းမှာပင် ကျွန်မတို့ကိုယ်တိုင်ဘဝလမ်းခရီးကို လျှောက်လှမ်းသည့်အခါ အမှားအမှန်ကို စဉ်းစားချင့်ချိန်ပိုင်းဖြတ်တတ်စေရန် ဆုံးမဩဝါဒစကားကိုလည်း နေ့စဉ်သွန်သင်ပြောဆိုပေးသေးသည်။ နာခံကျင့်သုံးလျှင် ကောင်းမွန်လှသောစကားများ ဖြစ်သည်။

ဆရာမကြီးပြောဆိုဆုံးမသော ဆုံးမစကားများထဲတွင် မြတ်နိုးနှစ်ခြိုက်မိသော၊ ယခု ကျွန်မကိုယ်တိုင် လက်ခံလိုက်နာကျင့်သုံးနေမိသော စကားလေးတစ်ခွန်းရှိသည်။ ဘယ်လိုစကားမျိုးလဲဆိုတော့ သက်မဲ့အရာဝတ္ထုတွေကို ဗားရှင်းမြှင့်နေသလိုပဲ မိမိကိုယ်၌ကလည်း ဗားရှင်းမြှင့်နေပါတဲ့။

ယနေ့ခေတ်ကြီးကလည်း အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်၍နေသည်။ အမြဲတမ်း မျက်စိဖွင့်နားစွင့်နေသည်နှင့်ပင် မလုံလောက်နိုင်တော့။ မိမိမှာ လစ်လပ်နေသည့် အရည်အသွေးများကို ပြည့်လျှံနေအောင် အချိန်ရသရွေ့ တတ်နိုင်သလောက် အားထုတ်ကြိုးပမ်းနေသင့်သည်။

ပညာဟူသည် ဒီချိန် ဒီကာလရောက်ရင်တော့ ပြည့်ပြီလျှံပြီဟု မရှိနိုင်။ ပညာရှာမှီးရာ၌ ကုန်လုံးကြွယ်ဝပြီဟု ထင်မှတ်သည့်နေ့သည် မိမိဘဝတွင် စတင်ဆုံးရှုံးသည့်နေ့တစ်နေ့အဖြစ် ကျွန်မ လက်ခံယုံကြည်ထားသည်။ ယနေ့ခေတ်လူအတော်များများသည် လူ့အသုံးအဆောင် လူသုံးကုန်ပစ္စည်းများ ဝယ်ယူအသုံးပြုကြရာ၌ နောက်ဆုံးပေါ်ဖြစ်နေမှ ကြိုက်သည်။ နှစ်ကိုမဆိုထားနှင့် လအတန်ငယ်ကလေး နောက်ကျရင်တောင်မှ မကိုင်ချင်မတွယ်ချင်သည်ကရှိသေးသည်။ ဖုန်းအသုံးပြုရာတွင်လည်း ဆော့ဝဲလ်ကအစ ဗားရှင်းမြှင့်ရတာနဲ့ဘာနဲ့။ အဝတ်အစားကိုလည်း နောက်ဆုံးပေါ်ဖက်ရှင်လေးမှ ကြိုက်တယ်ဆိုတာက လာသေး။ ထိုကဲ့သို့ အပေါ်ယံအလှအပအတွက်ကလေးကိုပင် အသစ်တကာ့အသစ်ဆုံးဖြစ်မှဆိုလျှင် မိမိရဲ့စိတ်နေစိတ်ထား ကိုယ်ရည်ကိုယ်သွေးလေးတွေကိုရော ဗားရှင်းမြှင့်ဖို့လိုအပ်တယ်လို့များ မထင်မှတ်မိဘူးလား။ ဒါမှမဟုတ် မေ့လျော့နေကြတာများလား။ မဟုတ်ပါ။ အဓိကအကျဆုံးကိုပင် မသိကျိုးကျွန်ပြုနေကြသည်ပဲဖြစ်ပါလိမ့်မည်။ နိုင်ငံတစ်နိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တစ်ဦးတစ်ယောက်ချင်းရဲ့ ကာယအားနဲ့ ဉာဏအားတွေ လိုအပ်သည်။ နည်းပညာတွေကတော့ အချိန်နှင့်တစ်ပြေးညီ အသစ်သစ်တွေပေါ်ထွက်လာမှာပါပဲ။ ထို့ကြောင့် မိမိကိုယ်ကိုယ်လည်း အများနှင့်ရင်ပေါင်တန်းနိုင်ရန် နောက်မှာကျန်မနေခဲ့စေရန်၊ ခေတ်နှင့်အညီဖြစ်နေစေရန် ဗားရှင်းမြှင့်ကြပါစေ။ မြှင့်နိုင်ကြ၍လည်း တစ်ထောင့်တစ်နေရာက မိမိတတ်အားသရွေ့ နိုင်ငံ့တာဝန်ထမ်းဆောင်နိုင်ကြပါစေလို့ ဆန္ဒပြုရင်း။ ။

လင်းရောင်စင်( ဇီးကုန်း)
B.A(History)

# စည်းလုံးခဲ့တဲ့ ဂရပ်



(၁)

ဟာ. . . ဆိုပြီး ကျယ်လောင်အံ့ဩတဲ့အာမေဋိတ်သံနဲ့အတူ ကိုလင်းတစ်ယောက် အံ့ဩမှင်သက်သွားမိတယ်။ ဘာဆက်ပြောရမှန်းမသိလောက်အောင် ပါးစပ်အဟောင်းသား။ ရှေ့ကဆိုင်ကယ်မောင်းနေတဲ့ ဦးလေးဖြူတောင်လန့်ဖျပ်သွားတယ်။ မောင်းနေတဲ့ဆိုင်ကယ်အရှိန်ကိုတောင် လျှော့ပစ်လိုက်မိတယ်။ တစ်ခုခုများဖြစ်သလားပေါ့။ ခုနကလည်း တစ်ခါဦးလေးဆိုပြီး ကျယ်ကျယ်လောင်လောင်နဲ့ အထိတ်တလန့်ခေါ်လိုက်လို့ရပ်ပြီးပြီ။ ခုတစ်ခါတော့ဘာဖြစ်ပြန်တယ်မသိ။ ဦးလေးဖြူတစ်ယောက် ဆိုင်ကယ်အရှိန်လျှော့လိုက်ကာ နောက်ကစီးပြီး လိုက်ပါလာတဲ့ကိုလင်းကိုခေါ်ကြည့်ရတယ်။

"ငါ့တူရ ဘာဖြစ်ပြန်သကွ"

ဦးလေးဖြူ သာအကြိမ်ကြိမ်ခေါ်နေမိတယ်။ ကိုလင်းတစ်ယောက်ပြန်မထူးနိုင်ပေ။ မှင်တက်မြဲ။ စိတ်မရှည်တော့တဲ့ ဦးလေးဖြူသာ ဆိုင်ကယ်ရပ်လိုက်မိတယ်။

"ကဲဘာထူးခြားပြန်ပြီလဲ မောင်လင်းရေ"

စိတ်မရှည်တဲ့လေသံနဲ့ ဦးလေးဖြူ မေးတော့မှပဲ ကိုလင်း အသံထွက်လာတယ်။

"ဒီစာသင်ကျောင်းကြီးက ကျွန်တော်တို့ရွာကကျောင်း ဟုတ်ပါတယ်နော်"

"ဟော ငါ့တူရာ၊ ကိုယ့်ရွာမှာတွေ့တာ ကိုယ့်ကျောင်းပေါ့ကွ"

ကိုလင်းထပ်အံ့ဩမိတယ်။ ကိုယ့်ရွာကကျောင်းမှန်းသိတာပေါ့။ ကိုယ့်ရွာမှာတွေ့တာပဲ။ ခက်တာကမယုံနိုင်တာ။ ခုနက ဟိုဘက်ရွာကနေ ကိုလင်းတို့ရွာအကူးဖြောင့်ဖြူးလှတဲ့ကတ္တရာလမ်းမကြီးအတွေ့ အံ့ဩခဲ့ပြီးပြီ။ ခု ဒီခံ့ညားထည်ဝါလှတဲ့ အလယ်တန်းပြစာသင်ကျောင်းကြီးတွေ့တော့ မှင်မတက်ပဲမနေနိုင်တော့။ ရွာ. . . ရွာ ဒီရွာခုတော့ အရာရာပြောင်းလဲခဲ့ပါလား။ ငါးနှစ်ဆိုတဲ့အချိန်ကာလက အတော်အပြောင်းအလဲမြန်ပါလားလို့ ကိုလင်းတွေးမိတယ်။ ဦးလေးဖြူက ဆိုင်ကယ်ရပ်လက်စနဲ့ အနားက ဆိုင်မှာ ကွမ်းသွားဝယ်မယ်ပြောပြီး ထွက်သွားမှ စာသင်ကျောင်းကြီးကို ငေးကြည့်ရင်း အရင်အချိန်တွေကအပြေးအလွှား ကိုလင်းခေါင်းထဲ တံခါးမခေါက်ဘဲ ဝင်လာကြတယ်။

(၂)

"ဘာ ဒါငါတို့နဲ့ပဲဆိုင်တာလား။ တောင်ပိုင်းသားတွေက ဘာလဲ ကျိုးပဲ့နေလို့လား"

ဦးလေးဖြူရဲ့အသံက ဒေါသသံလွှမ်းနေတယ်။ သူစကားစလိုက်တာနဲ့ အောက်မှာထိုင်နေကြတဲ့ လူအားလုံးနီးပါးလောက်က "ဟုတ်တယ် ဟုတ်တယ်"ဆိုတဲ့ အသံတွေပြိုင်တူထွက်လာကြတယ်။ ညှိထားစရာတောင်မလိုဘူး။

"ဟုတ်တယ်၊ အဲဒါကြောင့် ဒီတံတားကို တောင်ပိုင်းသားတွေ တစ်ဝက်ခင်း။ ငါတို့မြောက်ပိုင်းသားတွေ တစ်ဝက်ခင်းမယ်။ သဘောတူကြလား"

ဦးလေးဖြူကမာန်ပါပါပြောလေ မြောက်ပိုင်းသားတွေ ထောက်ခံသံက ပိုကျယ်လေပဲ။ ကိုလင်း စာကျက်နေရင်းက သက်ပြင်းသာချမိတယ်။ ကိုလင်းက လူငယ်ပေါက်စ ကျောင်းသားဆိုပေမယ့် အဲဒီလို ရွာတောင်ပိုင်းနဲ့ မြောက်ပိုင်း မတည့်တာမြင်တိုင်း စိတ်လေမိတယ်။ ခုလည်းကြည့်လေ။ ဝါးတံတားခင်းဖို့တောင် သူတစ်ပိုင်းငါတစ်ပိုင်း ခွဲခြားနေတာ။ လူငယ်တွေမို့လို့ဖြစ်ကြတယ်ဆိုတော်သေး။ ခုဟာက လူကြီးတွေ။ အဲဒီတော့ လူငယ်သာဆိုရင် မပြောနဲ့တော့။ ဒီအတိုင်းသာဆို ကိုလင်းတစ်သက် ဒီရွာစည်းလုံးဖို့ လမ်းမမြင်မိဘူး။ ကိုလင်း စာအုပ်ကိုကိုင်ထားရင်း အိမ်ရှေ့မှာလုပ်နေတဲ့ ရွာမြောက်ပိုင်းအစည်းအဝေးကိုကြည့်ကာ စာတောင်မကျက်ချင်ဘူး။ သူပါလိုက်ပြီး ရွာတောင်ပိုင်းသားတွေကို အမြင်ကပ်ချင်သယောင်ယောင်။ သူတွေးကြည့်မိတယ်။ ရွာတောင်ပိုင်းသားတွေက ဘာဖြစ်နေလို့ပါလဲပေါ့။ မြောက်ပိုင်းသားတွေကရော ဘာတွေမို့ လဲ။ ဒီတစ်ရွာတည်းသားတွေ မဟုတ်ဘူးလား။ တွေးရင်ဉာဏ်တောင်မမီတော့ပါဘူး။ ကိုလင်း ခေါင်းတောင်ကိုက်လာမိတယ်။

ရွာတောင်ပိုင်းနဲ့ မြောက်ပိုင်းဆိုတာလည်း မတည့်တာ ရာဇဝင်နဲ့နေကြတာ။ ကာလတောင် အတော်ကြာပေါ့။ ဦးလေးဖြူ ပြောတာတော့ သူတို့အဖေတွေလက်ထက်က ရွာကအတော်စည်းလုံးဆိုပဲ။ နောက်ပိုင်းလူတွေကျမှ ဘုန်းကြီးကျောင်း၊ လမ်း၊ တံတားဆောက်၊ လှည်းလမ်းစတဲ့ကိစ္စတွေနဲ့ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်လုရင်း မတည့်ကြတွေ့တာတဲ့။

သကြ်ာန်ဆိုလည်း မကျှော့ကနှစ်ခု။ ရွာမှာအလှူအတန်း၊ မင်္ဂလာဆောင်ဆို ထမင်းကျွေးတဲ့အဖွဲ့က နှစ်ခု။ သူ့ဘက်ပိုင်းတရားပွဲလုပ်ရင် ငါ့ဘက်ပိုင်းကလည်း လုပ်တယ်။ သူတို့ဘက်ကလုပ်ရင် ကိုယ့်ဘက်ကမသွားဘူး။အလာလည်း မခံဘူးလေ။ အဲဒီတော့ ကောင်းတယ်ထင်လား။

လမ်းတွေလည်းခင်းကြရော သူ့ဘက်ပိုင်းက မလုပ်တာ။ ငါ့ဘက်ပိုင်းက လုပ်ရတာနဲ့။ အတိုင်အတောထူ။ ရန်ပွဲတွေဖြစ်နဲ့။ဘယ်အရာမှမစည်းလုံးတော့ ရွာမှာ တိုးတက်တာပြပါဆို ကလေးတွေတိုးလာတာပဲပြရမယ်။ အသိဉာဏ်တိုးဖို့တော့ ဝေးစွ။ အာရုံကိုမရှိကြပေ။ လူကြီးချင်းတွေက စောင်းမြောင်းနေမှတော့ မျိုးဆက်သစ်ဆိုတဲ့လူငယ်တွေက ပိုဆိုးလာတယ်။ လူကြီးတွေ အတုခိုးလာကြတာပေါ့။ ရွာမှာရှိတဲ့ မူလတန်းစာသင်ကျောင်းလေး တစ်ကျောင်းရှိပါတယ်။ ကျောင်းရောက်ရင် သူ့ကျောင်း၊ ငါ့ကျောင်းလုရင်း ထိပ်ပေါက်ခေါင်းကွဲကဖြစ်သေး။ အဲဒီလိုဖြစ်လို့ လူကြီးတွေဖျန်ဖြေမယ်ထင်လား။ ဝေးသေး။ သူတို့က ပိုဆိုးသေးတယ်။ ထပ်နပန်းသတ်ကြတယ်လေ။

ပြောရင်မကုန်ပါဘူး။ အိမ်ခြေကနှစ်ရာကျော်ရှိတယ်။ ရွာတောင်ပိုင်း၊ ရွာမြောက်ပိုင်းနဲ့ အရာရာခွဲခြားနေကြတော့ ကပ်သီးကပ်ဖဲ့စိတ်ဓာတ်တွေက တိုးတက်မှုဆိုတဲ့တက်မျဉ်းကို ရိုက်ချိုးလိုက်ကြတယ်လေ။ ရွာမှာပွဲရှိတိုင်းရန်ပွဲရှိတယ်။တခြားရွာကသူတွေနဲ့မဟုတ်ရပါဘူး။ ကိုယ့်ရွာသားချင်းပင်။ တောင်ပိုင်းသားနဲ့မြောက်ပိုင်းသား။ အမှန်တော့ တစ်ရွာလုံးအမျိုးအဆွေမကင်းကြပါဘူး။ ဒါကိုပင် စည်းလုံးမှုမရှိ။

မစည်းလုံးတော့ အရာအားလုံးက အကောင်းဘက်ဆီသို့ တက်မျဉ်းမပြ။ ကျမျဉ်းသာ။

အဲ့ဒီလို ကပ်သီးကပ်ဖဲ့စိတ်ဓာတ်တွေနဲ့ပဲ အချိန်တွေသာ တစ်နေ့တစ်နေ့ကုန်သွားတယ်။ ကိုလင်းတို့ရွာလေး တောင်ပိုင်း၊ မြောက်ပိုင်းခွဲခြားကျရင်း ဘာဆိုဘာမှ ဖြစ်မလာခဲ့ဘူးလေ။

(၃)

"မီးဟေ့ မီး၊ မီး. . . "

"ရွာတောင်ပိုင်းမှာ မီးလောင်နေတယ်တဲ့ဟေ့"

"ဟဲ့လုပ်ကြပါဦး။ ဒုက္ခတွေတော့ရောက်ကုန်ပါပြီတော်။"

"ဟဲ့ မီးတောက်ကကြီးတယ်တဲ့။ ကောက်ရိုးပုံက စလောင်တာတဲ့။ တစ်ဖက်အိမ်တောင်ကူးနေပြီတဲ့။"

အသံတွေက ပွက်လောရိုက်နေကြတယ်။ သူတစ်ပေါက်ငါတစ်ပေါက်။ ဘယ်လိုလုပ်ကြမလဲပဲ အော်နေကြတာ။ ရွာတောင်ပိုင်းလောင်တာဆိုတော့ မြောက်ပိုင်းသားကငြိမ်နေမလားလို့ ကိုလင်းနားစွင့်ကြည့်မိတယ်။

"ဟဲ့ သူတို့ဘက်ပိုင်းလောင်တာ။ ငါတို့ကအသာကြီး။ အနေသာပဲ"

"ဟာ တစ်ရွာလုံးလောင်သွားလိမ့်မယ်။ အကုန်ထွက်ကြဟေ့"

ပြောရင်းပင် မီးကတရိပ်ရိပ်နဲ့ပိုကြီးလာတော့ ပြေးလိုက်တဲ့မြောက်ပိုင်းသားတွေ။ အမျိုးသား အမျိုးသမီး၊ လူကြီး၊ လူလတ် အစုံပဲ။ ရေပုံးကိုယ်စီ၊ ငြိမ်းသတ်စရာတစ်ခုခုကိုယ်စီတွေနဲ့။ ရွာမစည်းလုံးတော့ လမ်းပန်းဆက်သွယ်ရေးက မကောင်း။ မီးသတ်ကားလာဖို့ စိတ်ကူးတောင်မယဉ်ရဲသောရွာ။ ခုတော့တစ်ရွာလုံးက မီးဆီသာအာရုံပြုငြိမ်းသတ်နေရတယ်။ ကိုလင်းလည်း ရေတွေကန်ကခပ်ပေးပေါ့။ မြောက်ပိုင်းသား၊ တောင်ပိုင်းသားဆိုတာ ခွဲခြားနေဖို့ မေ့လျော့သွားကြတယ်။ တစ်ရွာတည်းဆိုတဲ့စိတ်တွေကိန်းအောင်းကုန်ကြတယ်။ မီးကလည်းငြိမ်းလိုက်ရတာ နှစ်နာရီကျော်ကြာတယ်။ အိမ်နှစ်လုံးတော့ပါသွားပါတယ်။

မီးလည်းငြိမ်းရော တစ်ရွာလုံးပွက်လောရိုက်လို့။သူကဘယ်လိုလုပ်လိုက်တာ။ ငါကဘယ်လိုလုပ်တာနဲ့ ပြုံးပျော်ကြလို့။ မီးငြိမ်းမှပဲ စိတ်ချမ်းသာသွားကြတော့တာလေ။ တောင်ပိုင်းသားတွေကလည်း မြောက်ပိုင်းသားတွေ လာလို့ပေါ့ဆိုပြီး ဂုဏ်ပြုချီးကျူးကြနဲ့ တစ်ယောက်တစ်လှည့် ကျေးဇူးတွေတင်ကြလို့။

မီးလောင်တဲ့နေ့ကစလို့ ကိုလင်းတို့ရွာသားတွေ စည်းစည်းလုံးလုံးလုပ်ကိုင်ခြင်းဟာ အလုပ်ကိုပိုပြီးမြောက်စေတယ်။ အောင်မြင်စေတယ်ဆိုတာ ကောင်းကောင်းနားလည်လာကြတယ်။ သိပ်မတွက်ကပ်ကြတော့ဘူး။ တစ်ရွာတည်းဆိုတဲ့စိတ်ဓာတ်ပဲ ကိန်းအောင်းလာကြတယ်။ တောင်တွေ၊ မြောက်တွေက အရေးမပါတော့ဘူး။ လူကြီးတွေစည်းလုံးတော့ လူငယ်တွေပါသင့်မြတ်လာကြတယ်လေ။

ကိုလင်းလည်း မီးလောင်တဲ့နှစ်မှာပဲဆယ်တန်းအောင်လို့ တက္ကသိုလ်ဆက်တက်ပြီး ဒုတိယနှစ်မှာပဲနိုင်ငံခြားပညာသင်ဆုရလို့ ရွာလေးကနေထွက်သွားတာငါးနှစ်တောင် ရှိပါရောလား။

(၄)

ဟေ့မောင်လင်း

ဗျာ

ငါတောင် ကွမ်းသွားယာတာပြန်လာပြီ။ဒီနေရာမှာ ခုထိရပ်နေတုန်း။ထိုင်မနေဘဲနဲ့။ကဲဆိုင်ကယ်ပေါ်တက်။ သွားကြမယ်၊သွားကြမယ်။

ဟုတ်ကဲ့ပါ။ဦးလေးဖြူ ရ။

ဆိုင်ကယ်ပေါ်တက်မှရှေ့ဘက်အပေါက်ကကျောင်းအုပ်ကြီးအပြင်ထွက်လာတာနဲ့တိုးလို့ကိုလင်းပြန်ဆင်းလိုက်တယ်။

"ဆရာကြီး။ဆရာကြီးဦးဇော်ဝင်းမဟုတ်လား"

"ဟေ။ အေးဟုတ်တယ်ကွ"

ဆရာကြီးကပြန်သာပြောလိုက်တယ်လူကိုသေချာစေ့စေ့စပ်စပ်ကြည့်နေတယ်။

"ကျွန်တော် ကိုလင်းပါဆရာကြီး"

"ဩော် အေးအေး။ မှတ်တောင်မမှတ်မိဘူးကွာ။ မင်းရောကျောင်းပြီးပြီပေါ့ဒါဆို"

နာမည်ပြောပြမှပဲဆရာကြီးလည်း ကိုလင်းကို မှတ်မိတော့တယ်။

"ဆရာကြီး၊ ကျွန်တော်အံ့ဩမိလို့ပါဗျာ။ ဒါကျွန်တော်တို့ရွာဟုတ်ပါတယ်နော်။လွန်ခဲ့တဲ့ငါးနှစ်နဲ့ဆီနဲ့ရေဖြစ်နေလို့ဆရာကြီးရေ"

ဆရာကြီးကဘာမှပြန်မပြောဘဲ ပြုံးပြုံးလေးလုပ်ပြီး လက်ညှိုးထိုးပြတယ်။ ကိုလင်းလည်း လက်ညှိုးထိုးရာကြည့်မိတော့ မျက်လုံးပြူးသွားတယ်။ ကိုယ့်အားကိုယ်ကိုးလူငယ်အလင်းစာကြည့်တိုက်တဲ့။ စာကြည့်တိုက်ရဲ့ ခပ်လှမ်းလှမ်းခေါင်းလွယ်ခုတ်နေရာမှာ မြန်မာနိုင်ငံရဲ့သုံးရောင်ခြယ်အလံလေးက အနီရောင်အဆောက်အအုံတစ်ခုပေါ်တလူလူလွင့်နေလို့။ အဲ့ဒါဘာနေရာလဲ ကိုလင်းသေချာကြည့်မိတယ်။ကျေးလက်ဆေးပေးခန်းတဲ့။

အရာရာပြောင်းလဲခဲ့ပြီလေ။ ကိုလင်းတွေးကြည့်မိတယ်။အမှန်တော့ငါးနှစ်ဆိုတဲ့အချိန်က ပြောင်းလဲခဲ့တာမဟုတ်ပါဘူး။ စည်းလုံးခဲ့တဲ့ရလဒ်တွေပါ။ စည်းလုံးခြင်းဆိုတဲ့ဂရပ်တစ်ခုရဲ့တက်မျဉ်းတွေပါ။စည်းလုံးခဲ့တဲ့အောင်မြင်မှုတွေပါလေ။

ဆရာကြီးနဲ့စကားပြောအပြီး ဆိုင်ကယ်လေးစီးပြီး ကိုလင်းတို့တူရီးတွေအိမ်ဘက်ဆီဆက်ထွက်လာခဲ့တယ်။

တစ်နေရာအရောက်။

ရွာသားများစုပေါင်းတူးဖော်ထားသော ကိုယ့်အားကိုယ်ကိုးသောက်သုံးရေကန်တဲ့။ တစ်ချိန်ကရွာတောင်ပိုင်းနဲ့မြောက်ပိုင်း နွားစားကျက်လုကြတဲ့နေရာလေ။ခုတော့ ကျယ်ဝန်းလှတဲ့သောက်သုံး ရေကန်ကြီးက စည်းလုံးခြင်းရဲ့သင်္ကေတကိုဖော်ညွှန်းလိုက်လို့။

❑❑❑

# ဆောင်းနှောင်းအရုဏ်ဦး၏ မာတိကာ

ဇာနည်အောင်(မန္တလေး)

ဆောင်းနှောင်းနံနက်၏ အရုဏ်တက်ချိန်သည် လောကကို အအေးဓာတ်ဖြင့်မိတ်ဖွဲ့၏။ “ဝါဆိုလေးခွဲ ပြာငါးခွဲ”ဟူသော စကားအရ ဝါဆိုလ၏ အရုဏ်တက်ချိန်သည် လေးနာရီခွဲဖြစ်ပြီး ပြာသိုလ၏ အရုဏ်တက်ချိန်မှာ ငါးနာရီခွဲဖြစ်၏။ ကျွန်တော် အိပ်ရာထချိန်သည် လေးနာရီခွဲဖြစ်၍ ပြာသိုလအရုဏ်ဦး၏ သဘာဝဂီတသံစဉ်များကို ကြားရပါတော့သည်။ အိပ်တန်းဆီမှ ဆက်ရက်များ၏ မာဂဓစကားသံများကို ကြားနေရချေပြီ။ ဆက်ရက်များသည် ဤယနေ့ အစာရှာထွက်ရမည့်နယ်မြေအတွက် တိုင်ပင်နေကြသည်လား။ သို့တည်းမဟုတ် ဆောင်းနှောင်း၏ အအေးဒဏ်ကို လူကဲ့သို့ ညည်းညူကြသည်လား။ ရောက်တတ်ရာရာ ကျွန်တော်တွေးမိလိုက်သည်။စက်ရုံကို မနက် ၈ နာရီ အရောက်သွားရမည်ဖြစ်၍ ထမင်းထုပ်ရန်အတွက် ထမင်းအိုးတည်ရန် မီးမွှေးသည်။ အရင်ရက်များက အမေချက်ပေးသော်လည်း ယနေ့ အမေနေမကောင်း၍ ကိုယ်တိုင် မထစဖူးထရတော့သည်။ ကိုယ်တိုင်အစောထမိမှ အရုဏ်ဦး၏ ဂီတသံများကို နားဆင်မိတော့သည်။

ရွာထဲမှကျောင်းသားလေးများ၏ စာကျက်သံကို ကြားရသည်။ နောင်အနာဂတ်တွင် သူတို့၏ဘဝကလေးများကို သာယာစေရန်အတွက် ပြင်ဆင်နေကြခြင်းပင်။ဟုတ်ပေသည်။ သူတို့သည် ခန္ဓာကိုယ်ကို အလှပြင်ဆင်ခြင်းမဟုတ်။ ဘဝကို အလှပြင်နေကြခြင်းပင်ဖြစ်သည်။ ကျွန်တော်အလုပ်လုပ်သော မှန်စက်ရုံထဲမှ ဌာနမှူးတစ်ယောက်က ပြောခဲ့ဖူးပါသည်။ သည်နေရာရောက်လာဖို့အတွက် အရင်းအနှီးများလွန်းခဲ့သည်ဟုဆို၏။ ဘွဲ့များစွာယူခဲ့နိုင်သော သူ့ဘဝဖြတ်သန်းမှုကို မီးမောင်းထိုးကြည့်ပါက ကျောင်းသားအရွယ်တွင် ယခုကဲ့သို့ ဘဝကို အလှပြင်ခဲ့ပေလိမ့်မည်။ ခန္ဓာကိုယ်ကိုပြင်ဆင်ခြင်းသည် တစ်ခဏမျှသာလှနိုင်၍ ဘဝကိုပြင်ဆင်ခြင်းသည်ကား သံသရာအထိလှနိုင်ပေသည်။ ပညာတတ်မှ အလုပ်အကိုင်ကောင်းကောင်းရနိုင်မည်။ အလုပ်အကိုင်ကောင်းကောင်းရမှ ဝင်ငွေဂုဏ်အရှိန်မြင့်နိုင်ပေမည်။ ဝင်ငွေမြင့်မားပါက လှူနိုင်တန်းနိုင်၍ သံသရာအထိ အကျိုးကျေးဇူးရနိုင်မည်ဟု ဗုဒ္ဓတရားတော်နှင့်ယှဉ်တွေးမိသည်။

အရှေ့ဘက်အိမ်မှ ဘကြီးမြင့်ဆွေ၏ ဘုရားရှိခိုးသံကို ကြားရပြန်ပြီ။ ဆွမ်း၊ ပန်း၊ ရေချမ်း ကပ်လှူ၍ ၃၁ ဘုံရှိ ဝေနေယျတို့ကို မေတ္တာပို့ အမျှပေးဝေနေ၏။ ချမ်းချမ်းစီးစီး အိပ်စက်၍ကောင်းသည့်အချိန်တွင် စောစောထ၍ ဆွမ်း၊ ပန်း၊ ရေချမ်းများ ကပ်လှူနေသော ဘကြီး၏ ရည်ရွယ်ချက်မှာ ကုသိုလ်ရရန်အတွက်ပဲဖြစ်ရပေမည်။ “ကုသိုလ်ပညာ ဉစ္စာရဖို့ သင့်ရာဒေသ အမြဲနေ”ဟု ဗုဒ္ဓ၏ မင်္ဂလာတရားတော်များကို ဒဂုန်ဦးထွန်းမြင့်က ကဗျာဖွဲ့ခဲ့ဖူးသည်။ ဘကြီးကား နံနက်အရုဏ်မှာပင် ကုသိုလ်တစ်ခု တိုးသွားပေပြီ။

နံနက်စောစော ရွာထဲလှည့်၍ အကြော်ရောင်းသော အကြော်သည် ဒေါ်ညိုလည်း အရုဏ်မတက်မီကပင်ထ၍ အကြော်ကြော်ရဟန်တူ၏။ အကြော်ဝယ်မည့်သူများက အိမ်အထိ လာဝယ်နေကြပြီ။ အိမ်အနောက်ဘက်မှ ဦးစိန်သန်းလည်း စောစောစီးစီး နွားစာကျွေးနေလေပြီ။ ပဲစဉ်းငုံခုတ်ချိန်ဖြစ်သည့်အတွက် စောစောစီးစီး ဝီရိယဖြင့် သွားရပေမည်။ နွားခလောက်သံ၊ နွားခလောက်နှင့် နွားစာကျင်း တိုက်မိသောအခါ မြည်သည့်အသံများနှင့် အရုဏ်ဦး၏ သဘာဝဂီတကား ချိုမြိန်လှပါသည်။

အရုဏ်ဦးသည် နေ့တစ်နေ့၏ နိဒါန်းပင်ဖြစ်၏။ “အစကောင်းမှ အနှောင်းသေချာ”ဟူသော စကားပုံအတိုင်း အနှောင်းသေချာရန်အတွက် အစကောင်းအောင် ကြိုးစားသူတို့က ကြိုးစားနေကြပြီဖြစ်သည်။ ကျောင်းသားလေးများက ပညာဖြင့်ခင်းထားသည့် သာယာချမ်းမြေ့သော လမ်းကိုလျှောက်လှမ်းနိုင်ရန် ကြိုးစားနေကြသည်။ ဘကြီးမြင့်ဆွေကလည်း အရွယ်သုံးပါးတွင် တတိယအရွယ်ရောက်ခဲ့ပြီမို့ တရားဘာဝနာများကို အားထုတ်ခြင်းဖြင့် ကြိုးစားနေ၏။ တောင်သူကြီး ဦးစိန်သန်းက ရာသီပေါ်သီးနှံများကို အချိန်မီအခါမီ ရိတ်သိမ်းရန်ကြိုးစား၏။ အကြော်သည် ဒေါ်ညိုက ပရိယေသနဝမ်းစာရေးအတွက် ကြိုးစား၏။ ကျွန်တော်လည်း ဉစ္စာရရန် ကြိုးစားနေရခြင်းပင်။ အမေ့ကို လုပ်ကျွေးပြုစုခြင်း၊ အမေ့အလုပ်ကို ကူလုပ်ခြင်းဖြင့် ကုသိုလ်လည်းတိုးပြီဖြစ်သည်။ ထမင်းလည်း ကျက်ပြီ။ ကြက်ဥလည်း ကြော်ပြီးပြီ။ ဘုရားဆွမ်းတော်ကပ်၍ ပိဏ္ဍပါတ်ဆွမ်းလောင်းရန်လည်း ခူးခပ်ပြီးပြီ။ အမေ့အတွက် ဆန်ပြုတ်အိုးတည်လိုက်သည်။ ယနေ့အရုဏ်ကို ကုသိုလ်ဖြင့်ဖြတ်သန်းခွင့်ရခဲ့လေပြီ။ အရုဏ်ဦးသည် နေ့တစ်နေ့၏နိဒါန်းဖြစ်သော်လည်း မာတိကာတော့ခွဲထားပါသည်။ ကျောင်းသားလေးများအတွက် ပညာရေး၊ ဘကြီးမြင့်ဆွေအတွက် ကုသိုလ်ရေး၊ ဒေါ်ညိုနှင့် ဦးစိန်သန်းတို့အတွက် စီးပွားရေးဖြစ်ကြ၍ ကျွန်တော်ကမူ စီးပွားရေးအပြင် ကုသိုလ်ရေးဟူသော မာတိကာထဲထိအောင် ပါဝင်ခွင့်ရလိုက်ပါတော့သည်။

❑❑❑

## သွေးစွန်းခဲ့သော မြေဖြူတစ်တောင့်

သူဟာ
အပေါ်အဖြူ အောက်အစိမ်း
အဓိပ္ပာယ်ဖွင့်ပြစရာမလိုအောင်
ရင်ဘတ်ထဲမှာ စိတ်ထားဖြူဖြူထည့်တယ်
အနာဂတ်ကမ္ဘာမြေ စိမ်းလန်းစိုပြည်ဖို့
အစိမ်းရောင်လုံချည်ကို မြဲမြဲမြံမြံဝတ်ဆင်တယ်။
စေတနာ ဝါသနာ အနစ်နာ
နာသုံးနာထက် ပိုခဲ့တယ်
သူ့အတွက်
နောက်ထပ် (ရင်ကွဲနာ)အဖြစ်ဆိုး။
ပန်းတွေကို လန်းစေဖို့
မြေဖြူတစ်တောင့်နဲ့ ပျိုးခဲ့သူ
ဒါ စစ်မှန်တဲ့သတ္တိမျိုး။
အနာဂတ်လူသားတွေအတွက်
ဆရာဆိုတဲ့ ဂုဏ်ပုဒ်ဟာ
သူ့အဖို့တော့
ကျည်တစ်တောင့် နားထင်ဖောက်လို့
မှုန်ဝါးကွယ်ပျောက်ခဲ့ရ။
မတရားခြင်း မဟုတ်ဘူး
တရားမမျှတခြင်း
သူသင်ခဲ့တဲ့ နိုင်ငံတော်သီချင်းထဲက
“တရားမျှတ လွပ်လပ်ခြင်းနဲ့မသွေ”ဆိုတာ
သူ့အတွက်မဟုတ်ခဲ့ကြောင်း
ဦးခေါင်းထဲကကျည်ဆန်က ဝန်ခံလိုက်တယ်။
သူဟာ အနန္တငါးပါးထဲက တော်ဝင်အနန္တတစ်ပါး
တစ်နည်းအားဖြင့် ဦးခိုက်ရိုသေထိုက်သူ။
ဒီမြေဖြူတစ်တောင့်ရဲ့ ပေးဆပ်ခြင်းမှာ
အနာဂတ်များစွာ ကွယ်ပျောက်နိုင်တယ်
မှုတမှုတွေ ငုတ်လျှိုးသွားနိုင်တယ်
နိုင်ထက်စီးနင်းတွေ နေရာရလာနိုင်တယ်။
သူပြုံးနေခဲ့တယ်
သူမသေဆုံးခဲ့ဘူး
သူ ကောင်းကင်ထက်မှာ ရှင်သန်နေဦးမှာ။
ကျွန်တော်ယုံကြည်တယ်။
ခွေးကိုက်ခံလိုက်ရတဲ့
မြေဖြူကိုင်လက်တစ်စုံရဲ့ ကြိုးဆိုခြင်းမှာ
ခွင့်လွှတ်နားလည်ခြင်းတွေရှိနေမှာ။
ဒါဆို
သူမသေခဲ့တာသေချာတယ်
ဟုတ်တယ်
သွေးပေခဲ့တဲ့ အဲဒီမြေဖြူတစ်တောင့်
စွန့်လိုက်တဲ့ သူ့ဝိညာဉ်ဟာ
ဟိုး ကောင်းကင်ထက်မှာ
အလင်းလက်ဆုံး ကြယ်တစ်ပွင့်အဖြစ်
ခင်ပျားတို့ ကျွန်တော်တို့ရဲ့
ဝမ်းနည်းမျက်ရည်တွေနဲ့အတူ
သူ ထာဝရရှင်သန်နေမှာပါ။

**သက်တံ့ရောင်(ဓနုဖြူ)**

## နိဘယ်လ်ရင်မှ ပွင့်သောပန်းများ

ပင်အိုပင်ပျိုတို့အလယ်
သင်းထုံဝေသော ရာသီပန်းတို့
အရောင်အသွေးစုံလင်စွာ
စင်မြင့်ထက်အောက်မှသည်
တရွှေ့ရွှေ့ တငွေ့ငွေ့
ဖူးစင့်စ တို့လည်းပါရဲ့
ဖူးဆဲပွင့်ဆဲ တို့လည်းပါရဲ့
နွမ်းရင့်ပေမယ့်
လန်းတင့်နေသော ပန်းတို့လည်းပါရဲ့
ခြောက်သွေ့ကြွေကျခဲ့သော်လည်း
ရနံ့မပြယ်နိုင်သော ပန်းခြောက်တွေကလည်း
လှုပ်မြဲလှုပ်နေဆဲ
ဂန္ထဝင် သည်ခေတ်ပေါ်
စုံလင်ထုံသင်းသော ရနံ့များနှင့်
ရွှေရောင်နေ့ရက်များဆီသို့ . . .။

**လဝန်းချိုချို**(YU)

## မေတ္တာရောင်စုံပန်းချီ

စောင်ခြုံလို့ ဘဝမလုံဘူး
မေတ္တာခြုံမှလုံမယ်
အဒေါသတရားနဲ့
လောကအား အလှဆင်နိုင်မှ
တစ်ဦးနဲ့တစ်ဦး
အမြင်တွေကြည်လင်မယ်
မေတ္တာဆိုတာ
တကယ့်ကိုကြီးမြတ်တဲ့အရာပါ
မိသားစုချင်းမေတ္တာ
သမီးရည်းစားမေတ္တာ
မိတ်ဆွေချင်းမေတ္တာ
လောကအပေါ်ထားတဲ့မေတ္တာ
သူ့နေရာနဲ့သူတော့ မှန်တာပါပဲ။
စက်ပစ္စည်းတွေ မကွဲကွာဖို့
မေတ္တာမှုလီတွေ နှောင်တုတ်ရသလို
အဆောက်အအုံမပြိုပျက်ဖို့
မေတ္တာသံမှို နှက်သွင်းကြရဲ့။
လူအချင်းချင်း
မေတ္တာဇာတ်ခင်းရင်ဖြင့်
သတ္တဝါအချင်းချင်း
မေတ္တာဇာတ်ခင်းရင်ဖြင့်
နိုင်ငံအချင်းချင်း
မေတ္တာဇာတ်ခင်းရင်ဖြင့်
ဟောသည်ကမ္ဘာအတွင်း
ငြိမ်းချမ်းခြင်းဟာ ပျော်မွေ့
သုခချမ်းသာတွေ ပြည့်လို့နေမှာ။

**ဇာနည်အောင်(မန္တလေး)**

## ပွင့်တိုင်းမွှေး၍လှပါစေ

မေခ၊ မလိခ မြစ်ဝနစ်သွယ်
စီးကာပေါင်းစု ဖြစ်ကြောင်းပြုကာ
ဧရာဒီ စီးဆင်းသည်မှအစပြု၍
အခြေအနေအရပ်ရပ်၊
အဖြစ်အပျက်တွေ ရင်ဆိုင်
အခိုင်ခိုင်ပွင့်ဝေ၊ ပြည်ထောင်စုမြေ
သွေးချင်းတွေ။
ကချင်တို့အလှ၊ ကယားတို့အသွင်
ကရင်တစ်ထွေ၊ ချင်းတောင်ပေါ်က
ရိုးရာတွေ။
ဗမာမြေပြန့်၊ မွန်ယဉ်ခန့်၍
ရခိုင်တင့်ဆန်း၊ ရှမ်းတောင်တန်းက
အလှတွေ။
စည်းလုံးညွတ်ညီ၊ တိုင်းရင်းပြည်သို့
စုကာလှဆောင် မြန်ပြည်ထောင်ကို
ပင်လုံစိတ်ရင်း၊ အားမာန်သွင်းကာ
စည်းလုံးခြင်းအကြောင်း၊ ခိုင်မြဲခြင်းအကျိုး
မြတ်နိုးရိုစွာ၊ သမိုင်းစာဖြင့်
ပွင့်ကြဖူးဝေ မြန်မာမြေမှာ
ပွင့်တိုင်းမွှေး၍လှကြစေ။

**Thar Ya**

ဒုတိယနှစ် (Business Management),
Meiktila University

## ကောက်မှည့်ချိန်

လေယူရာတိမ်း ယိမ်းနွဲ့ပလီ
ပုစွန်ဆီ နေဝါအောက်(မှာ)
ကောက်ပင်က ထွား။
တံစဉ်ကောက်ချပ် ပက္ကလာ ဆောင်း
ရေတကောင်း ခါးမှာချိတ်(ကာ)
ရိတ်ကြစို့လား။

**ကိုရိုးသား**

နောက်ဆုံးနှစ် အပိုင်း (ခ)၊
ဆေးတက္ကသိုလ် (၂)၊ ရန်ကုန်။

